www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# လဝန်းသာသာ

အချစ်ကသတ်မှတ်တဲ့ရင်ခုန်နှုန်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# လဝန်းသာသာ

# အချစ်ကသတ်မှတ်တဲ့ရင်ခုန်နှုန်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

မြူသည် ပြောင်းဖူးပေါက်ပေါက်နှင့် အခြားမုန့်ထုပ်အချို့ကို ဝယ်ပြီးနောက် ကျောင်းဆောင်ဆီသို့ သွားရန် ကွန်ကရက်လမ်းကို ဖြတ်ကူးလိုက်သည်။ ထိုစဉ် ပိုက်ထားသောစာအုပ်ကြားထဲမှ Lecture စာရွက်က လျှောခနဲ ပြုတ်ကျသွားလေသည်။ သူမ လှည့်ကြည့်ကာ ပြန်ကောက်ဖို့ပြင်လိုက်စဉ် အရှိန်ပြင်းစွာ သူမဆီသို့ ဦးတည်လာနေသော ကားတစ်စီးက အလွန်နီးကပ်စွာ . . .

"အား"

လဝန်းကုငွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်စိစုံမှိတ်၍ ထိတ်လန့်စွာ အော်လိုက်မိသည်။

ရင်ခွင်ထဲပိုက်ထားသည့် စာအုပ်တွေ Lecture စာရွက်တွေ၊ မုန့်ထုပ်တွေအားလုံး ကွန်ကရက်လမ်းမထက် ပြန့်ကျဲသွားသည်။

သူမ မြောက်တက်လွင့်စင်ကာ နာကျင်မှုတွေ စုဝေးရောက်ရှိလာမှာလား။

မြူ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။ သူမနှင့် လက်နှစ်လုံးအလိုတွင် ရပ်နေသော ကားက ဘရိတ်ကို ဆောင့်နင်းခဲ့ရ၍ အနည်းငယ် ယိမ်းထိုးလှုပ်ခါနေသည်။

မြူ ရုတ်တရက် ထိတ်လန့်ရှိန်မပြေဘဲ ဖြစ်နေပြီးမှ ကားမောင်းသူကို ကြည့်လိုက်သည်။ ထိုသူက မေးကို ဘယ်ဘက်သို့ ခေါင်းဆတ်ပြ၍ ထိုးသည်။ သူမ နားမလည်စွာ စူးစိုက်ကြည့်လိုက်သည်။

မြူတို့နှင့် ရွယ်တူ ကျောင်းသားတစ်ယောက်ဖြစ်ပြီး နေကာ





မျက်မှန်ကို စတိုင်ကျကျတပ်ထားလျက် တစ်ဖက်သို့ မေးထိုးခေါင်းဆတ်ပြနေတာ ဖြစ်သည်။ သူက မြူး နားမလည်နိုင်တာကို စိတ်မရှည်ဖြစ်လာပုံဖြင့် စတီယာရင်ကိုင်ထားသော လက်မှ လက်ညှိုးတစ်ချောင်းဖြင့် ဘယ်ဘက်သို့ ယမ်းပြပြန်လေသည်။

မြူ သဘောပေါက်သွားခြင်းနှင့်အတူ ချက်ချင်း စုဝေးရောက်ရှိလာသော ဒေါသများက တစ်ကိုယ်လုံး ဖုံးလွှမ်းသွားသည်။ ကြည့်စမ်း . . . မိုက်ရိုင်းလိုက်တာ။ သူမကို သူ့ကားရှေ့မှ ဘေးဖယ်ခိုင်းနေတာဖြစ်သည်။

"နင် ကားကို ဘယ်လိုမောင်းနေတာလဲ၊ ကျောင်းဝင်းထဲမှာ ဒီလိုအကြမ်းကြီး မောင်းလို့မရဘူးဆိုတာ နားမလည်ဘူးလား"

သူက နေကာမျက်မှန်ကို ချွတ်လိုက်ကာ သူမကို မျက်မှောင်ကြုတ်၍ ကြည့်ပါသည်။ မျက်နှာကို တွန့်ရှုံ့လိုက်ပုံက မြူကပဲ သူ့ကားရှေ့မှာ တမင်အရှုပ်ထုပ်လာလုပ်နေသလိုလို၊ သူ့ကိုပဲ လာနှောင့်ယှက်နေသလိုလိုဖြင့် အလွန်စိတ်ပျက်သွားသလိုပုံမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းထားလေသည်။

ဒီလို မိုက်ရိုင်းတာမျိုး တစ်ခါမှ မကြုံခဲ့ဖူးတာမို့ မြူ့ဒေါသက အထိန်းအကွပ်မဲ့သွားသည်။

"တောက် . . . နင် ကားပေါ်ကဆင်းလာခဲ့၊ အခုချက်ချင်း ဆင်းလာ"

သူက မြူ့ကို စူးစိုက်ကြည့်နေရာမှ မျက်နှာကိုလွှဲလိုက်ကာ နေကာမျက်မှန်ကို တပ်လိုက်သည်။ ထို့နောက် ကြမ်းတမ်းစွာ နောက်ဆုတ်ပြီး သူမဆီသို့ ဦးတည်လျက် အရှိန်ပြင်းစွာ မောင်းဝင်လာလေသည်။ မြူ့ ကျောက်ရုပ်တစ်ရုပ်လို ကြောင်ပေးကြည့်နေမိသည်။ ကားက သူမနားရောက်မှ ဆတ်ခနဲကွေ့ကာ သူမကို ပွတ်ကာသီကာ ဖြတ်ထွက်သွားသည်။

သူ့ကားနောက်သို့ ကွန်ကရက်လမ်းမထက် ပြန့်ကျဲနေသော စာရွက်များက ဝှေ့ဝဲလိုက်ပါသွားတော့သည်။

•♥•♥•••••♥•♥•♥





ထိုင်နေကျခုံတန်းအစွန်းတွင် မြူ ဝင်ထိုင်လိုက်ပြီး လက်ထဲ က မုန့်ထုပ်များကို ခုံတန်းစားပွဲတွင် တင်လိုက်သည်၊ ထို့နောက် ခေမာနှင့် ခတ္တာအား ကြည့်၍ . . .

"နင်တို့အတွက်ပါ ပိုဝယ်လာခဲ့တယ်"

"စိတ်ချ . . . စားဦးမှာ"

ခတ္တာက တစ်ဖက်အစွန်းမှနေ၍ ခေမာကို ကျော်ပြီး မုန့်တစ်ထုပ်လှမ်းယူသည်။ မြူလွယ်အိတ်နှင့် စာအုပ်ကို ခုံတန်းအံ့ထဲ နေသားတကျထားလိုက်ပြီး အခုတက်ရမည့်အချိန်အတွက် စာအုပ်ကိုသာ ထုတ်၍ အပေါ်တင်လိုက်သည်။ ထို့နောက် ပြောင်းဖူးပေါက်ပေါက်ဘူးကို ယူလိုက်စဉ် တစ်တန်းလုံး ကိုယ့်အစုနှင့်ကိုယ် ကျွတ်စီကျွတ်စီပြောနေကြသော စကားသံများ ရုတ်တရက် တိတ်ဆိတ်သွားသည်။ တီချယ်များရောက်လာတာလား ဟု တွေး



www.burmeseclassic.com

www.burmeseclassic.com



ကာ သူမရှေ့သို့ ကြည့်လိုက်သည်။

ခပ်မတ်မတ်လျှောက်လာသော သဏ္ဌာန်တစ်ခု သန့်ပြန့်သော ရုပ်ရည်နှင့် ကြည့်ပေါ်သော အသားအရေ၊ မြင့်မားသော အရပ်အမောင်းနှင့် လိုက်ဖက်စွာ ဝတ်ဆင်ထားသည့် သိန်းအောက်မဆင်းသည့် အဝတ်အစားတွေ၊ ဘောင်းဘီထဲ လက်တစ်ဖက်ထည့်ကာ စတိုင်ကျကျ လျှောက်လှမ်းလာပုံက . . .

မြူ၏ မျက်နှာရှုံ့မဲ့သွားသည်။ ကြည့်စမ်း . . . ဒီလူ အရိုင်းအစိုင်းကောင်။ နံတန်းတစ်တန်းတွင် သူ ဝင်ထိုင်လိုက်မှ စကားသံတွေ ဟိုတစ်စ ဒီတစ်စနှင့် ကျွတ်စီ ကျွတ်စီ ပြန်လည်စုညံလာသည်။

သို့သော် ပြောသည့်အကြောင်းအရာအားလုံးက တစ်ခုတည်းပဲ ဖြစ်သည်။ မသိသူက လက်တို့မေးကာ သိသူက အာဘောင် အာရင်းသန်သန်ဖြင့် အီတ်သွန်ဖာမှောက် ပြောပြသည်။ ဒီလိုနဲ့ မြူလည်း ခြေရောလက်ရော ဘာမှတို့စရာမလိုဘဲ





အလွန်အမင်း ပြောပြချင်နေသည့် မြူတို့အနောက်တန်းမှ တစ်ယောက်က ပါးစပ်တို့လိုက်သဖြင့် သူ့အကြောင်းကို ဇာစ်မြစ်မကျန် အကုန်လုံးနှံ့၍ သိလိုက်ရလေသည်။

နာမည်က နေခ။ ခ Construction၊ ခ ဟိုတယ် စသည့် ခနာမည်ဖြင့် လုပ်ကိုင်နေသောလုပ်ငန်းများအားလုံး၏ ပိုင်ရှင် ဦးကျော်ခနှင့် အိုကျို လောကတွင် အတော်ဆုံးထဲမှ တစ်ယောက်အဖြစ် နာမည်ကြီးလှသော Dr. နွယ်နွယ်ဝင်းတို့၏ တစ်ဦးတည်းသော သား။

ရန်ဖြစ်ကြပြီဟောဆိုလျှင် ဖနေစမပါသည့် ပွဲမရှိလောက်အောင်ဆိုးသွမ်းသူ ဖြစ်ပြီး ရန်ပွဲတိုင်းလိုလို အနိုင်ရတတ်သဖြင့် ရန်ပွဲဘုရင်ဟုပင် နာမည်ကြီးသတဲ့။

ရှေ့နှစ်ကလည်း ရန်ဖြစ်ပြီး ကျောင်းတစ်နှစ် အနားစံလိုက်ရသဖြင့် ပထမနှစ်ကို ဒုတိယအကြိမ် ပြန်လာတက်သူတဲ့။

မြူ နှာခေါင်းရှုံ့လိုက်မိသည်။ မေမေရဲ့ သွန်သင်မှုအောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ စည်းကမ်းရှိစွာ ကြီးပြင်းလာသော သူမအနေဖြင့် ဒီလို မိဘ ပိုက်ဆံရှိတိုင်း မိုက်ရိုင်းနေတဲ့ သားသမီးမျိုးကို အထင်မကြီးတတ် ဘူးမဟုတ်လား။ နေခရဲ့ ရိုင်းစိုင်းမှုက မြူ ကိုယ်တွေ့ပဲမို့ လုံးဝ မပတ်သက်သင့်သောသူအဖြစ် သူမ၏ ဦးနှောက် file ထဲ data သွင်းပြီးသား ဖြစ်သွားသည်။

ခတ္တာက အာလူးကြော်ထုပ်ကို မြူဆီ လှမ်းပေးတာမို့ မြူ နှိုက်ယူဝါးလိုက်သည်။

ခေမာက နေကြာစေ့ကို သွားနှင့် ဖောက်ခနဲကိုက်ခွာလိုက် ရင်း မြူကို လှည့်ကြည့်သည်။

"မြူ . . . နင် ကွန်ပျူတာတက်ဖို့ အမှတ်မီရဲ့သားနဲ ဘာလို့အီကိုလာတက်တာလဲ"

မြူက မဆိုင်းမတွပင် . . .

"ငါ့အဖေကို အားကျလို့လေ။ ငါ့အဖေလို ကုမ္ပဏီတွေမှာ စီးပွားရေးအကြံပေးတစ်ယောက်ဖြစ်ချင်တာ။ နင်တို့ရော"





ခေမာက လေဖအေးအေးဖြင့် ပြန်ပြောသည်။

"အိမ်က တက်ခိုင်းလို့ပဲ။ ကျောင်းပြီးရင် အဖေရဲ့ ံးပွားရေးလုပ်ငန်းတွေထဲမှာ ဝင်ကူလုပ်ရမှာ"

BURMESE CLASSIC .com

ခတ္တာက . . .

"ငါကတော့ အီကိုဘာသာရပ်ကို စိတ်ဝင်စားလို့ တက် ဖြစ်တာ။ ကျောင်းပြီးရင် နိုင်ငံခြားကိုပဲ ထွက်ဖြစ်ဖို့များတယ်"

အမေးအတွက် အဖြေမကျန်တော့တာမို့ မြူတို့ သုံး ယောက် မုန့်ဆီ အာရုံရောက်သွားပြန်သည်။

အီကိုတက္ကသိုလ်ကြီးကို မတူညီသော တွန်းအားများ ကြောင့် ရောက်လာသောသူမတို့သုံးယောက်သည် တစ်ခုံတည်း အတူထိုင်မိရာမှအစပြုကာ တစ်ဖွဲ့တည်းသား အခင်ဆုံးသူငယ်ချင်း အဖြစ် ကိုယ်စီ သတ်မှတ်ထားပြီးဖြစ်သည်။

"ဟိုမှာကြည့်ဦး . . . ဘယ်သူကြီးလဲ မသိဘူး"

ခတ္တာက ကော်ရီတာသို့ မေးဆတ်ပြရင်း ပြောသည်။ မြူ



www.burmeseclassic.com

www.burmeseclassic.com



တို့လည်း လှမ်းကြည့်လိုက်သည်။

အသားက နီစပ်စပ်၊ အရပ်က ၆ ပေကျော်နိုင်လျက် နဘန်းသမားတစ်ယောက်လို ဗလဖတောင့်တောင့် ရင်အုံကျယ်ပြန့်ပြန့်နှင့် အနောက်တိုင်း Suit ကို သပ်ရပ်စွာ ဝတ်ဆင်ထားသည့် လူကြီးတစ်ယောက်ဖြစ်သည်။

"ကပြားထင်တယ်နော်၊ မြန်မာနဲ့ဂျူးစပ်လား မသိဘူး"

ခေမာ့အပြောကို မြူ ခေါင်းညိတ်ထောက်ခံလိုက်သည်။ တစ်တန်းလုံး၏ အာရုံက ထိုလူကြီးဆီ ရောက်နေကြသည်။ မြူ နာရီကို ကြည့်လိုက်တော့ အတန်းတက်ဖို့ ၁၅ မိနစ်လောက် လိုသေးသည်။

"toilet သွားဦးမယ်။ နင်တို့လိုက်ဦးမလား"

"ခုနကပဲ သွားပြီးပြီ"

ခေမာတို့က ခေါင်းခါပြရင်းပြောသည်။

မြူ toilet သို့ ထွက်လာခဲ့သည်။ toilet က သူမတို့





တသင်ခန်း၏ တစ်ခန်းကျော်တွင်ပဲမို့ အဖော်တစ်ယောက်ရှိမှ သွားဖို့မလိုပေ။ အဆင်ပြေသလို ကိုယ့်ထွကိုယ်ထစနစ်ဖြင့် သွားနေကြတာပဲဖြစ်သည်။

သူမလက်ဆေးလိုက်သည်။ ထို့နောက် toilet ခန်းထဲမှ ပြန်ထွက်ဖို့ပြင်စဉ် . . .

"ဂျက် . . . ခင်ဗျားကို မလိုက်လာနဲ့လို့ ကျွန်တော် ပြောထားတယ် မဟုတ်လား"

ခပ်အုပ်အုပ် ထွက်လာသောအသံကြောင့် သူမ အသာနားစွင့်လိုက်မိသည်။ ကပ်လျက်ရှိသော လေှကားထောင့်ချိုးမှ ထွက်လာသောအသံဖြစ်သည်။

"မင်းအဖေခိုင်းတဲ့အတိုင်း ငါ လုပ်နေရတာ သားနေ။ မင်းအဖေ အမိန့်ကို ငါ ဘယ်လိုလွန်ဆန်လို့ရမှာလဲ"

"ကျွန်တော်က ဘာမို့လို့ bodyguard တစ်ယောက် ရှိနေရမှာလဲ။ အတန်းထဲကလူတွေအားလုံး၏ အာရုံက ခင်ဗျားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဆီ ရောက်နေတယ်။ ခင်ဗျားတို့ လုပ်တဲ့ပုံ ဟုတ်သလား။ ကျွန်တော်က ကျောင်းသားဗျ။ အခု ကျောင်းသားနဲ့ တူသေးရဲ့လား"

အသံက ခပ်အုပ်အုပ်မဟုတ်တော့ ဒေါသတကြီး ဟိန်း ထွက်လာသည်။

"ခင်ဗျားရှိနေရင် ကျွန်တော် အတန်းမတက်တော့ဘူး။ ကျွန်တော် အခုပြန်မယ်"

"ဟာ . . . ဒီလိုမလုပ်နဲ့လေ။ ဒီနှစ်တော့ တပေါ်နှစ်ထပ်နား ခံလို့ မဖြစ်တော့ဘူး သားနေ။ မင်း ကျောင်းမှာ ပြဿနာတစ်ခုခု ပေါ်မှာစိုးလို့ ဆရာကျော်က ငါ့ကို လွှတ်ထားတာ"

အသံက တစ်ချက်တိတ်ဆိတ်သွားပြီးမှ . . .

"ဒီလိုလုပ် သားနေ။ ငါ ကားထဲမှာသွားနေမယ်။ မင်း အတန်းကိုတော့ တက်ဖြစ်အောင်တက်"

အသံကတိတ်ဆိတ်သွားပြီမို့ မြူ toilet ခန်းထဲမှ ထွက် လိုက်သည်။





ထွက်သွားလောက်ပြီဟု မြူထင်သော လူနှစ်ယောက်က ထွက်မသွားသေးဘဲ မြူကို လှည့်ကြည့်ပါသည်။ မြူလည်း ပြန် ကြည့်လိုက်မိသည်။

နေခနှင့် ကပြားဦးလေးကြီးဖြစ်သည်။

မြူ အနည်းငယ်ထူပူသွားသည်။ သူတို့စကားအားလုံး ကြားလိုက်တာမို့ မိုးနားတောင်သလို ဖြစ်သွားပြီလား။ ကိုယ့်ဘာသာ ကိုယ် toilet ထဲ ဝင်နေစဉ် သူတို့ဘာသာသူတို့ ပြောချင်တာ လာ ပြောနေတာ ကြားတော့ရော ဘာတတ်နိုင်မှာမလဲ ဟူသည့် တုံ့ပြန် အတွေးကြောင့် သူမ မျက်ဝန်းများ ဏှာခြေပြန်ရသွားသည်။ ခရီးသွားဟန်လွဲ ကြည့်မိကြသလို ပုံဖမ်း၍ သူမအကြည့်ကို ပြန်လွှဲ မို့ပြင်စဉ် နေခ၏အကြည့်က အရောင်ပြောင်းသွားလက် သူမကို လက်ညှိုးထိုးကာ . . .

"မင်း"

နေခ၏ အသံအဆုံး၌ ကပြားဦးလေးကြီးကလည်း သူမ



www.burmeseclassic.com

www.burmeseclassic.com



ကို စူးစူးရှုရှုကြည့်လာပါသည်။ နေခနှင့် ပတ်သက်သည့်ကိစ္စတိုင်းက ကပြားဦးလေးကြီးအတွက် report တင်ရမည့်အကြောင်းအရာတစ်ခုလို ဖြစ်နေပုံရသည်။

သူတို့ဆီမှ အကြည့်ကို လွှဲဖယ်လိုက်ပြီး မြူခြေလှမ်းများကို စာသင်ခန်းဆီ ဦးတည်လိုက်တော့သည်။

❤❤❤





## အခန်း ( ၂ )

ထမင်းစားပြီးနောက် မြူတို့ သုံးယောက်ကော်ရီတာသို့ ထွက်ရပ်ဖြစ်ကြသည်။ ကော်ရီတာ လက်ရန်းများကို မှီ၍ ရပ်ရင်းရောက်တတ်ရာရာ စကားပြောဖြစ်ကြခြင်းက ၁၂ နာရီနေမွန်းတည့်ချိန်၏ ထမင်းစားပြီး လေးလံနေသည့်ဗိုက်ကို အမြန်ဆုံး အစာချေပေးနိုင်သည့်နည်းတစ်ခုဖြစ်မည် ထင်သည်။

ပြောစရာစကား ရုတ်တရက်ကြီး ခေါင်းထဲရောက်မလာသောအခါ မြူတို့ သုံးယောက်သား ကျောင်းဝင်းထဲ ကူးခတ်သွား



www.burmeseclassic.com

www.burmeseclassic.com



လာနေသော ကျောင်းသူ ကျောင်းသားများကို ငေးကြည့်ကာ မျက်စိစားပွဲတိုင်ဖြစ်ကြသည်။

"ဟိုမှာ ကြည့်စမ်း၊ အင်္ကျီအပြာရောင်လေးတွေ့လား"

"အင်း"

"အဲဒါ nobody က နောက်ဆုံးထွက်တဲ့ဒီဇိုင်းလေး၊ လန်းတယ်နော်"

"အင်း . . . မဆိုးပါဘူး"

အကြောင်းအရာတွေက တောင်ရောက်လိုက် မြောက်ရောက်လိုက် ခေမာက ဖျင်းလာပြီဟာ ဟု ပြောကာ အတန်းထဲ ပြန်ဝင်သွားသည်။ မြူနှင့် ခတ္တာက ကော်ရီတာမှာပဲ ဆက်ရပ်နေဖြစ်သည်။ အတန်ကြာတော့ ခတ္တာက ပါးစပ်ချဉ်ချင်းတက်လာပုံဖြင့် . . .

"မြူ . . . နင့်မှာ အချဉ်ထုပ်လေး ဘာလေး မရှိတော့ဘူးလား"





"ဟင့်အင်း . . . နေကြာစေ့ရှိတယ်၊ စားမလား။ ငါ သွားယူလိုက်မယ်"

ခတ္တာက ခေါင်းညိတ်ပြသည်။ မြူ အတန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ ထိုစဉ် ခေမာ့ကိုကြည့်ပြီး မြူ့မျက်ခုံးများ ပင့်တက်သွားသည်။

ခေမာသည် စာအုပ်တစ်အုပ်ကို ဖွင့်လျက်ကြည့်နေသည်။ သို့သော် စားပွဲပေါ်တင်၍ ပေါ်ပေါ်ထင်ထင် ကြည့်နေတာမျိုး မဟုတ်ဘဲ ခုံအောက်အံဆွဲထဲ စာအုပ်ကို ထား၍ လျှို့လျှို့ဝှက်ဝှက် ကြည့်နေတာမျိုး ဖြစ်သည်။

ခေမာ့အနောက်သို့ မြူ တိတ်တိတ်လေး ကပ်သွားလျက် ခေမာ့ပခုံးကို ကျော်၍ကြည့်လိုက်တော့ တွေ့ပါပြီ။ ဓာတ်ပုံ တစ်ပုံ၊ သူမတို့ထက် အသက်ကြီးနိုင်သော ခပ်ချောချော အစ်ကိုကြီး တစ်ယောက်၏ပုံ ဖြစ်သည်။ မြူ အောက်နှုတ်ခမ်းကို ဖိကိုက်၍ ပြောင်စပ်စပ်ပြုံးလိုက်မိပြီး လက်ကို အသာလေးလှို၍ ဓာတ်ပုံကို ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ခန် ဆွဲယူလိုက်သည်။

ခေမာက ဆတ်ခနဲပင် တုန်သွားလျက် မြူကို အလန့်တကြားလှည့်ကြည့်ပါသည်။

"ဟယ် . . . မြူ . . . ပြန်ပေး"

"အဲဒါ ဘယ်သူ့ပုံလဲ"

မြူက ဓာတ်ပုံကိုကြည့်၍ မေးစဉ် ခေမာ၏မျက်နှာက ဖြန်းခနဲ ရဲတက်လာကာ . . .

"ဘယ်သူမှမဟုတ်ဘူး"

ဟုဆို၍ ဓာတ်ပုံကို လှမ်းဆွဲသည်။ ခေမာ၏ ဂနာမငြိမ်စွာ ထိတ်ပြာနေပုံကြောင့် မြူ၏ စချင်စိတ်များ ပို၍သိပ်သည်းသွားကာ ကော်ရီတာဆီသို့ အပြေးတစ်ပိုင်း ထွက်လိုက်ရင်း ခတ္တာကို လှမ်းပြောလိုက်သည်။

"ခတ္တာရေ . . . ဒီမှာ ကြည့်ဦး"

ခေမာကလည်း အတင်းပြေးလိုက်လာတာကြောင့် လှမ်း





ကြည့်သော ခတ္တာကို ဓာတ်ပုံမပြအားသေးဘဲ ရှေ့သို့ ဆက်ပြေးကာ ထောင့်ချိုးတစ်ခုကို ချိုးကွေ့လိုက်သည်။ ထိုစဉ် ခပ်မတ်မတ် လျှောက်လာသော သဏ္ဌာန်တစ်ခု။ မြူ ဘယ်လိုမှ အရှိန်မထိန်းနိုင်တော့။ ဝင်ဆောင့်တိုက် . . .

"အင့်"

သူမ တိုက်မိသည့်ခန္ဓာကိုယ်က အနည်းသာယိုင်သွားလျက် ဝင်တိုက်သည့် သူမကတော့ သားဖရဲပြားကိုဝင်တိုးသောဘောလုံးလို ဘက်ကန်၍ နောက်ပြန်လန်ကျသွားသည်။

"ဟာ"

အာမေဋိတ်သံပြုမိလျက် ကျင့်သားရစွာ နေစ လျင်မြန်သော လက်ဖြင့် သူမပခုံးကို ပွေ့မထိန်းပေးပြီးသားဖြစ်သည်။ လန်ကျနေသော သူမကို ခပ်ကုန်းကုန်းပွေ့ထိန်းထားပေးသော နေစ၏ မျက်နှာက မြူနှင့်နီးကပ်စွာ မြူ ထိတ်လန့်ပျူးကျယ်စွာ ကြောင်ငေးနေပြီးမှ ဆတ်ခနဲ ကိုယ်ကို ပြန်မတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်"

မြည်သံစွဲအလက်ာအဆုံးမှာ . . .

"အား"

တကယ်အော်မြည်လိုက်သောအသံက သံပြိုင်ထွက်လာပါသည်။ မြူနှင့် နေခ ကိုယ့်နဖူးကိုယ်အုပ်ကာ အော်လိုက်တာ ဖြစ်သည်။ နေခက မြူကို ဒေါသရောင်ပါပါ မျက်လုံးများနှင့် မျက်မှောင်ကြုတ်ကြည့်သည်။ လက်တစ်ဖက်ကလည်း နဖူးကို အုပ်ထားလျက် . . .

"မင်း . . . မင်း . . . ဘယ်လို မိန်းကလေးလဲ"

မြူ ဘာပြန်ပြောရမှန်းမသိဘဲ ပြူးကျယ်သော မျက်လုံးများဖြင့် ဆွံ့အနေမိသည်။ နေခက သူမကို ခပ်စိုက်စိုက် တစ်ချက်ကြည့်ပြီး လှည့်ထွက်သွားတော့သည်။

"မြူ . . . နင် အဆင်ပြေလား"

မြူ ခေါင်းညိတ်ပြရင်း နေခ၏ ကျောပြင်ကို စောင်းငဲ့





လှည့်ကြည့်လိုက်မိသည်။ ခေမာက ကျနေသောမာတ်ပုံကို ကောက်လိုက်ပြီး . . .

"နင်တို့နှစ်ယောက်ရဲ့ပုံက ရုပ်ရှင်ထဲကအတိုင်းပဲ . . . ဟင်းဟင်း။ နဖူးချင်းတိုက်လိုက်တာလည်း ဒိန်းခနဲပဲ။ ဖူးစာဆိုတာ ဒါမျိုးကို ပြောတာ ထင်တယ်"

"နဖူးကနာရတဲ့အထဲ မစစမ်းပါနဲ့ဟယ်"

မြူ နဖူးကို ပွတ်ရင်း ပြောလိုက်သည်။ ခေတ္တာကပါ ပြုံးစိပြုံးစိဖြင့် . . .

"ဖူးစာက ရွာသာကြီးမှာလည်ပြီး ထိပ်တိုက်တွေ့တာဟ ဟင်း . . . ဟင်း"

"မစပါနဲ့ဆို။ နင်တို့ကလည်း . . . ငါ့နဖူးကိုကြည့်ပေးဦး။ ဘုကြီးတက်သွားပြီလား"

"မတက်ပါဘူး။ နည်းနည်းလေး နီရုံပဲ။ နဖူးစာလေးပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ခေမာနော် . . . မစနဲ့ဆို၊ ဓာတ်ပုံထဲက အစ်ကိုကြီးက ဘယ်သူလဲ"

မြူက သူ့ဆီက မြားဦးကို ခေမာဆီသို့ လွှဲပေးလိုက်သည်။ မလုံတဲ့အိုး တုတ်နဲ့ထိုးလိုက်သလိုပင် ခေမာမျက်နှာက် ဖြန်းခနဲ နီသွားလျက် . . .

"အား . . . ဘယ်သူမှ မဟုတ်ပါဘူး"

မြူက စတ္တာကို မျက်စပစ်ပြလိုက်သည်။ စတ္တာကလည်း အထာပေါက်စွာ ခေါင်းဆတ်ပြသည်။ ခေမာ့ကို နှစ်ယောက်ညှပ်ပိတ်ပြီး မရရအောင် အစ်မည်ဆိုသည့် အတွေးတွေနဲ့ပေါ့။





မြူ ခေါးလွယ်အိတ်နှင့် ဆွဲခြင်းကို ယူ၍ ကားပေါ်မှ ဆင်းလိုက်ပြီး မီးဖိုခန်းထဲ တန်းဝင်လာခဲ့သည်။ ဒီအချိန်ဆို မေမေက မီးဖိုခန်းထဲ တကုပ်ကုပ် အလုပ်ရှုပ်နေပြီ။ ဝင်လာသော သမီးကို မေမေက လှည့်ကြည့်သည်။

"ပြန်လာပြီလား သမီး။ ရေခဲသေတ္တာထဲမှာ နာနတ်သီးဖျော်ရည်လုပ်ထားပေးတယ်"

မြူ အသာပြုံးလိုက်မိသည်။ မေမေက သူမ အကြိုက် တမင်လုပ်ထားပေးတာ မဟုတ်လား။ ရေခဲသေတ္တာထဲမှ ဖျော်ရည်ခွက်ကို ယူ၍ ဟင်းအိုးမွှေနေသော မေမေ့နား ရပ်လိုက်သည်။ ဟင်းအိုးထဲကြည့်လိုက်တော့ ကဏန်းကို အစပ်ချက်နေတာပင်။

"ဟယ် . . . ကဏန်းတွေ . . . စားမယ် . . . စားမယ်"

မေမေက သူမကို ချစ်စနိုးပြုံးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရာသီက ကကန်းရှားတယ်။ ဒီနေ့ ဈေးထဲမှာ တွေ့တာနဲ့ သမီးကို သတိရလို့ မေမေ ဝယ်လာခဲ့တာ"

မြို့က မေမေ့ခါးတုတ်တုတ်လေးကို ဖက်လိုက်ရင်း သူမထက် အနည်းငယ်နိမ့်သော မေမေ့ပခုံးထက် မေးတင်၍ အစွမ်းကုန် ပြုံးပြလိုက်သည်။ သူမ ဒီလိုမူနွဲ့တိုင်း ကျေနပ်စွာ ခံယူတတ် တဲ့ မေမေ့အပြုံးတွေက ပို၍ ရှိုမြသွားတတ်သည်။

မြို့ ရေမိုးချိုး ထမင်းစားပြီးတာနှင့် စာကြည့်စားပွဲတွင် ထိုင်လိုက်သည်။ သင်ခန်းစာတွေကို စိတ်ပါဝင်စားစွာ ဖတ်နေရင်း အချိန်တွေက တရွေ့ရွေ့ကုန်ဆုံးသွားသည်။ မြို့ စာအုပ်ဆီမှ အကြည့်ကို စားပွဲတင်နာရီလေးဆီ ရွှေ့လိုက်သည်။ ၇ နာရီခွဲ။ သူမ စိတ်များ လောသွားကာ သင်ခန်းစာဆီသို့ စိတ်ကို ပိုမိုနှစ်ဝင်လိုက်သည်။ ၈ နာရီခွဲလျှင် သူမ ဖေဖေ့အတန်းကို တက်ရမည်။ နာမည်ကြီး ACCA ဆရာတစ်ယောက်ဖြစ်သော ဖေဖေက ည ၈ နာရီခွဲမှာ ၁၁ နာရီထိ ACCA သင်ခန်းစာများကို သူမ တစ်ယောက်





တည်း သီးသန့် သင်ကြားပေးသည်။ သူမက ACCA Part I သုံးဘာသာကို ဖြေနိုင်ဖို့ အသည်းအသန်ကြိုးစားနေတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

နောက်ကြည့်မှန်မှတစ်ဆင့် မြင်လိုက်ရသောကားကြောင့် နေခ စိတ်ပျက်ခြင်းနှင့်အတူ ဒေါသက အတွဲလိုက် ကပ်ပါလာသည်။ ကားကို လမ်းဘေးဆွဲချရပ်လိုက်တာနှင့် နောက်က ကားကလည်း လိုက်ရပ်သည်။ သူ ကားပေါ်မှ ဒေါကြီးမောကြီး ဆင်းလိုက်ပြီးနောက် ကားဆီသို့ လျှောက်သွားကာ ကားဘောနက်ပေါ် လက်ထောက်၍ ကားတွင်းမှ အန်ကယ်ဂျက်ကို စိုက်ကြည့်လိုက်သည်။

"ဂျက် . . . ခင်ဗျားကို ကျွန်တော် ဘာပြောထားလဲ။





ကျွန်တော် ဒေါသမထွက်ချင်ဘူးနော်။ ခင်ဗျား . . . အခု ပြန်ဗျာ"

အန်ကယ်ဂျက်က လက်ညှိုးနှင့် လက်မကြား ညှစ်သတ်ခံရတော့မည့် ဂျပိုးတစ်ကောင်၏မျက်နှာမျိုးဖြင့် နေခကို ပြန်ကြည့်ပါသည်။

"ငါလည်း ဆရာကျော်ပြောတဲ့အတိုင်း လုပ်နေရတာကွ။ မင်း ငါ့ကိုချည်း မဲမနေနဲ့။ ဆရာကျော်ကို တိုက်ရိုက်ဖုန်းဆက်ကွာ"

နေခ စံရခက်စွာ အံတစ်ချက်ကြိတ်လိုက်သည်။ ဓားသာဆိုလျှင် အပိုင်းပိုင်းခုတ်ထစ်ပြီးတော့မတတ် အကြည့်မျိုးဖြင့် ဂျက်ကို ကြည့်လိုက်ရင်း ဖုန်းခလုတ်တွေကို နှိပ်လိုက်သည်။

"ဟယ်လို . . . သားနေလား။ ဖေဖေ နိုင်ငံခြားကုမ္ပဏီနဲ့ အလုပ်ကိစ္စ စကားပြောနေတယ်။ နောက်မှ ပြန်ဆက်"

"ဟာ . . . ခဏနေပါဦး။ ဖေဖေ . . . ဂျက်ကို . . ."

သူ့စကားမဆုံးသေး တစ်ဖက်မှ ချသွားသောဖုန်းကြောင့် နေခ၏ ဒေါသများက ခေါင်းဆီပေါ်ကိုမှ ပိပိရိရိကျသွားသည့် မီး



www.burmeseclassic.com

www.burmeseclassic.com



တစ်စလို ဟုန်းခနဲ တောက်လောင်သွားသည်။

"ကဲကွာ"

နေခ၏ ခြေထောက်ရှေ့ကိုမှ ကံခေစွာ ရောက်နေရရှာသော ကျောက်ခဲလေးမများမှာလည်း အားပြင်းလှသော ကန်ချက်နှင့်အတူ အရှိန်ပြင်းစွာ လွင့်စင်ထွက်သွားတော့သည်။

"ဒေါက်"

"အ"

ကိုရှေ့စောင်းကို လာမှန်သော ခဲလုံးကြောင့် မြူ နာကျင်စွာ အော်လိုက်သည်။ ခေါင်းကို အုပ်မိုးကိုင်၍ ခဲလုံးလာရာသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ ခါးထောက်ကာ ရပ်နေသော နေခက မြူ၏ မျက်စိထဲ တည့်တည့်ဝင်လာသည်။

"မြူ . . . ဘာဖြစ်တာလဲ"

"နေခဆိုတဲ့ပုဂ္ဂိုလ် ဖို့ကို ခဲလုံးနဲ့ပေါက်တယ်"

"ဟယ်"





"အယ်တော်"

နေမာနှင့် ခတ္တာ၏ မြည်သံစွဲများ လမ်းတစ်ဝက် မရောက်ခင် မြူ၏ခြေဦးဖျားက ဒေါသအမြန်နှုန်းဖြင့် နေခရှိရာ ချိတက်ပြီးသား ဖြစ်သည်။

"ဒီမှာ"

နေခက ဒေါသမျက်လုံးများဖြင့် သူမကို ဆတ်ခနဲ လှည့်ကြည့်သည်။ အောင်မာ . . . ဒင်းကပဲ ဒေါသထွက်ရတယ်လို့။ ဒါ သက်သက်လုပ်တာ။ မြူ၏ ဒေါသစနက်တံကလည်း မီးရှို့ပြီးသား ဖြစ်သွားသည်။

"ရှင် . . . ကျွန်မကို ခဲနဲ့ပေါက်လိုက်တာ မဟုတ်လား"

နေခက မျက်မှောင်ကြုတ်လိုက်ကာ . . .

"ဘာ . . . ငါက ဘာလို့ မင်းကို ခဲနဲ့ပေါက်ရမှာလဲ"

"ဒီခဲလုံးက ရှင့်ဆီကပဲ လွင့်လာပြီး ကျွန်မခေါင်းကို လာမှန်တာ။ ရှင်မပေါက်လို့ ဘယ်သူပေါက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဘလိုင်းကြီးပါလား။ အားအားယားယား
မင်းကို ခဲနဲ့ပေါက်ရလောက်အောင် ငါက ကလေးမဟုတ်ဘူးကွ"

ပြောပြီး နေခက မျက်နှာကို တစ်ဖက်သို့ပြန်လှဲလိုက်
ကာ . . .

"ကျွတ် . . . တကယ်ပဲကွာ ဘယ်လိုကြိုပ်ဆိုးတွေ ဝင်
နေမှန်းကို မသိဘူး"

"ဘာ . . . ရှင် ဘာပြောတယ်။ ရှင်ကလည်း ခဲနဲ့ပေါက်
သေးတယ်"

"ငါ မပေါက်ဘူးလို့ ပြောနေပြီပဲကွ"

တစ်စတစ်စ တင်းမာလာသော အခြေအနေကြောင့်
အန်ကယ်ဂျက် မနေသာတော့ . . .

"သားနေ . . . မင်းကန်လိုက်တဲ့ခဲလုံးက ဒီကလေးမကို
သွားထိတာကွ"

နေခတစ်ချက်တွေသွားစဉ် မြူက . . .





"တွေ့လား . . . ရှင့်ဦးလေး ပြောနေပြီ။ ရှင့်ရဲ့ခဲလေးက
ကျွန်မ ကိုယ့်ခေါင်းကို လာမှန်တာ"

"ကောင်းပြီလေ။ ငါ ကန်လိုက်တဲ့ ခဲလုံးက မင်းရဲ့ခေါင်း
ကို သွားမှန်တယ်။ ဒါပေမယ့် ငါက မင်းကို ထိပါစေ မှန်ပါစေဆိုတဲ့
ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာ မဟုတ်ဘူး။ မင်းကို မှန်လို့မှန်မှန်း
တောင် မသိဘူး။ ဒါ မတော်တဆပဲ"

အနည်းငယ်မှ အောက်ကိုမရောက်ဘဲ လေပေါ်မှ လျှပ်
တိုက်ပြေးနေသည့် နေခ၏စကားကြောင့် မြူ၏ ရင်ထဲရှိ ဒေါသ
အခန်းကန့်၌ စံပြင်းမှုက ခေါက်တုံ့ခေါက်ပြန် ပြေးလွှားသည်။
အရင်တစ်ခါ ကားတိုက်မိမလို ဖြစ်ကတည်းက နေခအပေါ် တင်
ထားခဲ့သည့် မကျေနပ်ကြွေးက အခုကိစ္စမှာ ပေါင်းစပ်တွေးမိပြီး
သား ဖြစ်သည်။

"မတော်တဆ . . . ဟုတ်လား။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စ
မှာ ရှင် လွန်နေတယ်လေ။ ရှင် ကျွန်မကို တစ်ခုခုတော့ ပြောရမယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

နေခပုံစံက ချက်ချင်းပင် စိတ်မရှည်သလိုဖြစ်သွားလျက် . . .

"မတော်တဆပါလို့ပြောပြီးပြီလေကွ။ မင်းကို ငါက ဘာထပ်ပြောရဦးမှာလဲ"

"ရှင်က တော်တော်ယဉ်ကျေးမှုမရှိတဲ့ လူပါလား။ တောင်းပန်ရမယ်ဆိုတာကို ရှင့်အသိတရားထဲမှာ နည်းနည်းတောင် မရှိဘူးလား"

ချက်ချင်းပင် နေခ၏ မျက်နှာက ခက်ထန်သွားသည်။ မြ ကို ဒေါသရောင်များ တလက်လက်လျှံတက်နေသော မျက်လုံးများ ဖြင့် တည့်တည့်စူးစူး ကြည့်လိုက်ပြီးမှ ဟက်ခနဲ ရယ်ချလေသည်။ ထို့နောက် . . .

"ဟုတ်တယ် . . . ငါက ယဉ်ကျေးမှုကို နားမလည်တဲ့ အရိုင်းအစိုင်းကောင်။ ပြီးတော့ လူမိုက်၊ ကလေကချေ။ အဲဒီတော





ဘာဖြစ်လဲ၊ မင်းက ဘာလုပ်ချင်လဲ။ သွားစမ်းပါ"

ပြောပြီ နေခက ရှာခနဲလှည့်ထွက်သွားလေသည်။

"ဟင် . . . ရှင်"

အံကြိတ်ကာ နေခ ကျောပြင်နောက် ခြေလှမ်းလှမ်းလိုက်သော မြ၏ လက်မောင်းကို ခေမာနှင့်ခတ္တာက ဆွဲကာ တားလိုက်ရင်း မြကို ခေါင်းခါပြသည်။ ရင်ဘတ်များ နိမ့်ချည်မြင့်ချည်ဖြစ်အောင် ဒေါသလှိုင်းများ ရိုက်ခတ်နေသော်လည်း မြ အသိတရားက ခေမာတို့ဆိုလိုသော မိန်းကလေးတစ်ယောက်၏ အရှက်သိက္ခာ အတွက် ရှေ့ဆက်မတိုးစေချင်သည့်သဘောကို လက်ခံပြီးသား ဖြစ်သွားသည်။

"အန်ကယ်ကပဲ တောင်းပန်ပါတယ် သမီးတို့ရယ်၊ သားနေက အန်ကယ့်ကို အရမ်းစိတ်ဆိုးနေတဲ့အပြင် သူ့အဖေကိုပါ ဒေါသထွက်နေတဲ့အချိန်မို့ပါ။ အန်ကယ်ကပဲ အနူးအညွတ် တောင်းပန်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



အနိကယ်ဂျက်ဆိုသည့် ဦးလေးကြီး၏ ဘာမဆိုင် ညာမဆိုင် တောင်းပန်မှုက သူမ၏နားထဲသို့ ဘယ်လိုမှ တိုးမဝင်နိုင်ဘဲ နားဝမှာတင် အငွေ့ပျံပျောက်ကွယ်သွားသည်။

နေခ ဆိုသည့် သကောင့်သားအပေါ် အတောမသတ်နိုင်သည့် ဒေါသများကတော့ မြူရှင်ဝတွင် တစ်တစ်ဆို့ဆို့။





မွန်းလွဲကျနေသည် သူ့ရှေ့ပိတ်ရပ်ထားတတ်သော တိမ်မျှင်တစ်စမျှမရှိခြင်းအပေါ် ကျေနပ်အားရနေဟန်ဖြင့် ကမ္ဘာမြေပြင်ဆီ အပူအလင်းမြားစက်များ တရစပ် ပစ်လွှတ်နေသည်။

"ပူလိုက်တာဟာ။ အခုချိန်မှာ ရေခဲစိမ်ထားတဲ့ အချစ်သီးလေးတစ်လုံးကို ခွပ်ခနဲကိုက်လိုက်ရရင် . . . အင်း"

ခတ္တာက စကားကို ရှေ့မဆက်။ အင်း . . . ဟူသော အလင်္ကာကို သံရှည်လေးဆွဲလိုက်သည်။ ထိုစဉ် . . .

"ဝွေးသီးချိုချိုလေးတွေနော်။ ဝွေးသီးချိုချို ရေခဲရိုက်ကလေးတွေရမယ်"

ခတ္တာ၏ စကားအဆုံးမှာ ပေါ်လာသော ဝွေးသီးသည်၏ အော်သံကြောင့် မြူနှင့်ခေမာ ရယ်ချင်စိတ်ကို မထိန်းနိုင်ကြတော့။

"ဟီး . . . ဟီး . . . ဟီး . . . နင်ရဲ့အချစ်သီးကို



www.burmeseclassic.com

www.burmeseclassic.com



ဖအော်ရောင်းနေပြီ၊ စားချင်ရင် ဝယ်လိုက်လေ"

"ရေခဲရိုက်လေးဟ . . . ကောင်းမှာ၊ ဟား . . . ဟား . . ဟား"

"သေလိုက်ပါလား၊ နင်တို့နော်၊ ငါပြောတဲ့ အချစ်သီးဆိုတာက ပန်းသီးကိုပြောတာ"

"နင် အခုမှ ရှက်ကိုးရှက်ကန်းတွေ လာလုပ်မနေနဲ့၊ စားချင်ရင် ဟိုမှာရောင်းနေတယ်၊ သွားဝယ်လိုက်ပါ ခတ္တာရယ်"

"နင်တို့နော် . . . တော်ပြီဟာ . . . မစနဲ့တော့"

"ဟင်း . . . ဟင်း"

မြူ့ အိတ်ထဲမွှေနှောက်ကာ ရှာလိုက်သည်။ သကြားလုံးတွေ ဆီးထုပ်တွေများ ရှိနေဦးမလားလို့၊ ပီကေ တစ်တောင့်သာ ခဲရာ ခဲဆစ်ထွက်လာသည်။

"ရော့ . . . ပီကေ . . . စားဦး"

ခတ္တာနှင့်ခေမာကိုပေးပြီး မြူ့ကိုယ်တိုင်လည်း ပီကေကို





ပါးစပ်ထဲသွင်းလိုက်သည်။ ဒီနေ့ အတန်းတစ်ချိန်စောလွှတ်တာမို့ မြူ့ အိမ်ကကားက ရောက်မလာသေးတာနှင့် သုံးယောက်သား ခုံတန်းတစ်ခုတွင် စုထိုင်ကြရင်း ကားကို စောင့်နေတာဖြစ်သည်။

"ပန်းသီးကို အချစ်ရဲ့သင်္ကေတ၊ ချစ်ခြင်းသစ်သီးလို့ ခေါ်ကြတာ နင်တို့ မသိဘူးလား"

သူမတို့နှင့် မလှမ်းမကမ်းတွင် ထိုင်ရောင်းနေသော ဇွေးသီးသည်၏ဗန်းထဲ၌ အကွင်းလိုက် လှီးထားသော ဇွေးသီးဖတ်များကို လှမ်းကြည့်ရင်း ခတ္တာက ခုနကကိစ္စကို အခဲမကျေသေးဟန်ဖြင့် မဇမ္မမလျှော့ အစပြန်ဖော်သည်။

မြူ့ အသာရယ်မောလိုက်မိရင်း . . .

"သိပါတယ်ဟာ၊ အေဒင်ဥယျာဉ်ကြီးထဲမှာ အာဒံနှင့် ဧဝ ပန်းသီးတစ်လုံးကို စားလိုက်ပြီးကတည်းက အသုံးလုံးကျောင်းကို တက်စရာမလိုဘဲ အချစ်ကို အေတူဇက်အော်တိုသိသွားတဲ့ ကမ္ဘာဦးတုန်းက ကြွပ်ကြွပ်အိတ်တွေ မပေါ်သေးဘူးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို မဟုတ်လား"

"ဟင်း . . . ဟင်း . . . ဟင်း"

ခေမာနှင့် စတ္တာက တခွီးခွီးနဲ့ ရယ်သလို မြူလည်း ကိုယ့်စကားကိုယ် ပြန်သဘောကျကာ ဟက်ဟက်ပက်ပက် ရယ်လိုက်မိတော့သည်။ ကျောင်းသူဘဝ၏ အကန့်အသတ်မဲ့သော လွတ်လပ်ပျော်ရွှင်မှုရနံ့များက သူမတို့၏ ရယ်သံများကြား လှိုင်လှိုင်ထသွားသည်။

ထိုစဉ် မြူရယ်ရင်း တစ်ချက်အရှိက်မှာ ပီကေသည် အာခေါင်ဝသို့ ရောက်လျက် သီးမလိုဖြစ်သွားတာကြောင့် မြူကမန်းကတန်းထွေးထုတ်ပစ်လိုက်မိသည်။

"မဟုတ်ဘူး ဖေဖေ။ အန်ကယ်ဂျက်ကို ဒီလိုသာ . . ."

နေခ ခံပြင်းစွာထွက်နေသော ဒေါသကို အနိုင်နိုင် ထိန်း၍ ဖေဖေကိုမို့ သံမှန်ဖြစ်စေရန် ကြိုးစားထိန်းချုပ် ဖုန်းပြောရင်း မြက်ခင်းကို ဖြတ်လျှောက်လိုက်သည်။ ထိုစဉ် သူ့ဆီသို့ အလုံး





လား အဖတ်လား မသေချာသော အရာတစ်ခု လွင့်ပျံလာသည်။

ကျင့်သားရနေသောလက်က အလိုအလျောက် ရိုက်ဖယ်ပြီးသားပင်။ သို့သော် ထိုအရာက ပြုတ်မကျသွားဘဲ လက်ခလယ်နှင့် လက်သူကြွယ်ကြားသို့ အကျအန ဝင်ရောက်သွားသည်။ နေခ လက်ကို ရုတ်ခနဲကြည့်လိုက်တော့ ပီကေ . . .

"ဟာ"

လှည့်ကြည့်တော့ လည်ပင်းကို လက်ဖြင့်ဖိကာ သူ့ကို မျိုးတူးကြောင်တောင် ကြည့်နေသော သူမနှင့် အဖော်နှစ်ယောက်။

"မင်း . . . မင်း . . . ဒါ ဘာလုပ်တာလဲ"

နေခ ဖုန်းကိုပိတ်၍ သူမနားကို တိုးကပ်သွားကာ ဒေါသတကြီး မေးလိုက်မိသည်။

"ဟို . . . ဟို"

နေခ လက်ကို ခါထုတ်လိုက်ပေမယ့် ပီကေက ပြုတ်ကျမသွား။



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ . . . တောက်"

နေခ ဒေါသတကြီး တောက်ခေါက်ရင်း လက်ခလယ်နှင့် လက်သူကြွယ်ကို ခွဲလိုက်တော့ ပိကေက လက်နှစ်ချောင်းလုံးကို ကပ်လျက် အတန်းလိုက်ဖြစ်သွားသည်။ လက်ကို ဒေါသတကြီး သူ့မရှေ့ ထိုးပေးလိုက်ရင်း . . .

"ကြည့်စမ်း . . . ဒါ မင်းသက်သက်လုပ်တာ မဟုတ်လား"

"ဟို . . . တကယ် မတော်တဆပါ"

"ဘာမတော်တဆလဲကွ။ ပိကေကို ငါ့ဆီ တည့်တည့်ကြီး တွေးထုတ်လိုက်တာက မတော်တဆ ဟုတ်လား"

ဒေါသ၏အရှိန်အငွေ့များဖြင့် နေခ မျက်နှာက နီမြန်းမြန်း ဖြစ်နေသည်။

ကိုယ်အလွန်ပဲမို့ မြူ အားနာမှုများဖြင့် ဘာပြန်ပြော ပြောရမှန်းမသိ ဖြစ်နေမိပြီးမှ ရုတ်တရက် ကျိုစောင်းက သတိပေးသ က ဦးနှောက်ကို ဖြတ်စီးသွားသောအခါ စကားလုံးများက ပါးစပ်





ခုန်ထွက်သွားတော့သည်။

"ကျွန်မခေါင်းကို ခဲလုံးမှန်ခဲ့တုန်းက မတော်တဆဖြစ်ခဲ့တာလို့ ရှင် ပြောခဲ့တယ် မဟုတ်လား။ အခုလည်း ဒီလိုပဲပေါ့။ ကျွန်မ ရယ်ရင်း ပိကေနဲ့ သီးမလိုဖြစ်သွားလို့ တွေးထုတ်လိုက်မိတာ ရှင် လာနေမှန်း ကျွန်မ မသိဘူး"

"ဟုတ်တယ် . . . တမင်သက်သက်လုပ်တာ မဟုတ်ပါဘူး"

ခေမာနှင့် စတ္တာလည်း မနေသာ။ ဝင်ပြောကြသည်။ မြူ အိတ်ထဲမှ ဆောင်ထားလေ့ရှိသော ပဝါကို ဆွဲထုတ်ပြီး ဖြန့်ထားသော နေခ လက်ထဲ ပဝါကို ထည့်ပေးလိုက်ရင်း . . .

"သုတ်လိုက်ပါ"

နေခက ဘာမှမပြောဘူး။ သူမကို ခပ်စူးစူးတစ်ချက် စိုက်ကြည့်ကာ လှည့်ထွက်သွားသည်။

နေခ၏ နောက်ကျောကိုကြည့်နေရင်း မြူ နှုတ်ခမ်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်မှုမျဉ်းကွေးလေးဖြတ်ပြေးသွားသည်။

"နင်က ဘာပြုံးနေတာလဲ မြူရဲ့ အဲဒီပုဂ္ဂိုလ် တော်တော် ဒေါ်သီးသွားပုံရတယ်"

"ငါ ခဲလုံးမှန်တုန်းက အောင့်အီးအောင့်သက် ဒေါသထွက်ခဲ့သလို သူလည်း အခုချိန်မှာ ခံစားရမှာပဲလို့ တွေးမိလို့ပါ"

စတ္တာက မြူကို မျက်စပင့်ကာကြည့်ပြီး . . .

"နင်က ကျေနပ်နေတယ်ပေါ့"

"သိပ်ကျေနပ်တာပေါ့။ ညှိုသွားတဲ့ ငါ့ရိုချောင်းလေး ဘယ်လောက် သနားစရာကောင်းလဲ"

မြူ့စကားကို နားထောင်ပြီး ခေမာက မျက်လုံးလေးပြူးလျက် . . .

"မြူ . . . နင် တမင်လုပ်လိုက်တာတော့ မဟုတ်ပါဘူးနော်"

"အား . . . နင်ကပါ ဘာဖြစ်လာတာလဲ။ ဝတ္ထုတွေထဲက





လို သူတစ်ပြန် ကိုယ်တစ်ပြန် လက်စားချေနေကြတာမျိုး ငါ ဝါသနာမပါဘူး။ ငါ တကယ်သီးသွားတာဟာ"

"မသိဘူးလေဟာ။ နင့်ရဲ့မျက်နှာက မြန်မာဗီဒီယိုကားတွေမှာ လက်စားပြန်ချေပြီး ကျေနပ်နေတဲ့ မျက်နှာလို ပြုံးဖြီးဖြီးကြီးဖြစ်နေတာကိုဟ . . . ဟား . . . ဟား . . . ဟား . . . ဟား . . . လို့ ခြောက်ကပ်ကပ် ရယ်ဖို့ပဲ ကျန်တော့တယ်"

နှိပ်ကွပ်ခံလိုက်ရတာမို့ မြူ ခေမာ့ကို မျက်လုံးပြူးလေးနှင့်ကြည့်လိုက်ရင်း . . .

"သေလိုက်ပါလား။ နင်နော် . . . နင်"

"ဟင်း . . . ဟင်း"

ခေမာက ရယ်ဖြဲရယ်ဖြဲလုပ်နေသည်။ စတ္တာက ပြုံးလျက်မြူကို ကြည့်ပြီး လက်ညှိုးလေးထောင်ကာ . . .

"တိုက်ဆိုင်မှုတွေ အရမ်းများနေတယ်နော် မြူ"

"ဘာလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ပထမဆုံး နဖူးစာ၊ ဒုတိယ ခဲလုံးစာ၊ အခုက ဗီဇကစား အံ့ဩလောက်တဲ့ တိုက်ဆိုင်မှုတွေပေါ့ဟာ"

ဖေမာကပါ . . .

"ဟုတ်တယ် မြူ။ ဒါက သာမန်တိုက်ဆိုင်မှု မဟုတ်ဘူး နော်။ မြားနတ်မောင်က . . ."

"တော်ပါတော့ဟာ။ နင်တို့ကလည်း မစစမ်းပါနဲ့"

"မြူ . . . နင့်မျက်နှာကြီး နီလာသလားလို့"

"မစပါနဲ့ဆိုဟာ။ ဟော . . . ကား လာပြီ"

ကားရောက်လာတာမို့ စကားစပြတ်သွားသည်။ မြူ သက်ပြင်းခိုးတစ်ချက်ကို မသိမသာ ပစ်ချလိုက်မိသည်။ ကားသာ ရောက်မလာလျှင် ဖေမာနှင့် ခဏ္ဍာ ဘယ်လောက်တောင် ဆက်စ နေဦးမည်မသိ။





ဘယ်လိုပွတ်သုတ်သုတ် မဖျောက်နိုင်ဘဲ ဗီဇကကြောင့် ခပ်မည်းမည်းဖြစ်နေသော လက်နှစ်ချောင်းကြားကို ကြည့်ပြီး နေခ စိတ်ကုန်စွာ ကားထဲ ပစ်ဝင်ထိုင်လိုက်သည်။ လက်ကိုင်ပဝါကို ကား ဒက်ခ်ပေါ် ဖြစ်သလို တင်လိုက်ရင်း သူ ကားမောင်းထွက်လိုက်တော့သည်။

ကား aircon ကို ပိတ်၍ မှန်ကို ချလိုက်သည်။ အလုအယက် တိုးဝင်လာသော လေနုအေးက သူ့နားရွက်နှင့် ဆံပင်ကြား တသုန်သုန် ဖြတ်စီးတိုက်ခတ်သည်။ နောက်ကြည့်မှန်ကို ကြည့်လိုက်တော့ သူ့ကားနောက်မှ ထက်ကြပ်မကွာ လိုက်လာသော ဂျက်၏ကားကို စိတ်ပျက်ဖွယ်တွေ့ရသည်။

ဖေဖေနှင့်သူ အကြိတ်အနယ် ဆွေးနွေးပြီးပြီ။ ဘယ်လို ပြောပြော မအောင်မြင်သည့်အပြင် မနက်ဖြန်မှစတင်ကာ ဂျက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းသော ကားဖြင့်သာ သူ ကျောင်းသွားရမည်တဲ့။ ကိုယ်တိုင် မောင်းချင်ရင်လည်း နံဘေးမှာ ဂျက်ပါနေရမည်တဲ့။ ရာဇသံပေး အမိန့်ချသည်။ မနှစ်က ရန်ပွဲတွင် ဓားထိုးမှုဖြစ်ပြီး သူ ကျောင်း တစ်နှစ်အနားခံလိုက်ရခြင်းက ဖေဖေ့ပါးစပ်ထဲ ကြုံတိုင်း ပစ်ပေါက် ရာအကြောင်း အရာတစ်ခုဖြစ်နေသည်။

ကားက ငမိုးရိပ်ချောင်းကိုအဖြတ်မှာ သူ့မျက်နှာကို တဖတ်ဖတ်ရိုက်နေသော လေက ပိုမိုလို့င်းခတ်သည်။ ကားကို ဘေးဆွဲချရပ်လိုက်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။ ညို့တို့တို့ စိမ်း ကိမ်းတိမ်း ရွှေရောင်သမ်းနေသော ငမိုးရိပ်ချောင်းကြီးက ရှုတ်တရက် ကြည့်လျှင် အံ့ဩလောက်စရာမရှိပေမယ့် သူ့ဒဏ္ဍာရီနဲ့သူ ခမ်းနား နေခဲ့သည်။ ဂျက်က သူ့ဘေးနားလာရပ်သည်။

"ဂျက် . . . မျိုးဇော်ကို ထောင်ဝင်စာသွားတွေ့ပေးပါဦး။ ကျွန်တော်က ကျန်းမာရေး ဂရုစိုက်ဖို့ မှာလိုက်တယ်လို့ ပြောပေးပါ"

"စိတ်ချ . . . သားနေ"





နေခ ဘောင်းဘီအိတ်ထဲ အသင့်ထည့်ထားသော တစ်သိန်းအုပ်ကို ထုတ်၍ ဂျက်ကို ပေးလိုက်ပြီး . . .

"မျိုးဇော်အတွက် လိုအပ်တာတွေ ဝယ်ပေးဖို့"

ဂျက်က ခေါင်းညိတ်ပြရင်း ပိုက်ဆံကို လက်ခံယူသည်။ ညနေရီရီက ပူပင်သောကများကို ထုတ်ပြခွင့်မရဘဲ မာန်စွယ်အချိုး ခံရသည့် လူတစ်ယောက်လို ဖျော့တော့နေခဲ့သည်။

နေခ ကားထဲဝင်ထိုင်ပြီး ကားထွက်ရန် လမ်းရှင်း,မရှင်း ကြည့်စဉ် သူ့ကားဘေးမှ ကပ်ဖြတ်သွားသော ကားဖြူလေးထဲ၌ ထိုင်လျက်ပါသွားသော သူမကို တွေ့လိုက်ရသည်။ နေခအကြည့် များ ကားဒက််စ်ပေါ်က ပဝါလေးဆီရောက်သွားသည်။

သူ ကားကိုမောင်းထွက်လိုက်ရင်း ပဝါကို ဆွဲယူ၍ ငမိုးရိပ် ချောင်းထဲ ဦးတည် ပစ်လွှင့်လိုက်သည်။ ထိုစဉ် ရှုတ်တရက် ကြမ်းတမ်းစွာတိုက်ခတ်လိုက်သော လေကြောင့် ပဝါက ဘက်ကန် ပြန်လွှင့်လာလျက် ကားနောက်ခန်းထဲ ဖျတ်ခနဲ ဝင်၍ ထိုဗာနောက်



www.burmeseclassic.com

www.burmeseclassic.com



မှိတ်တွင် ဖတ်ခနဲ အလျားလိုက်သွားကပ်လေသည်။

သူ နောက်ကြည့်မှန်မှတစ်ဆင့် ပဝါကို တစ်ချက်ကြည့်ပြီး လီဗာကို ဖိနင်းလိုက်သည်။

အချစ် ဒဏ္ဍာရီတစ်ပုဒ်ပိုင်ဆိုင်နိုင်ခဲ့ရခြင်းအပေါ် ကျေနပ်နေတတ်သော ငမိုးရိပ်ချောင်းကြီးသည် ခပ်ဝေးဝေးမှ နောက်ချန်၍ ကားနောက်မြီးကို ငေးမျှော်ကြည့်နေတော့သည်။

♥♥•♥◀▶◀::▶◀♥♥•♥♥





နေခ ကားကို ခြံထဲကွေ့ဝင်လိုက်သည်။ မေမေ့ကားကို တွေ့တာမို့ မေမေ ပြန်ရောက်နေပြီဆိုတာ သိလိုက်သည်။

လွယ်အိတ်ကို ဆွဲယူကာ ကားပေါ်မှ ဆင်းလိုက်ရင်း အန်ကယ်ဂျက်ကိစ္စ မေမေ့ကို ပြောရင်ကောင်းမလားဟု တွေးလိုက်မိသည်။ ခေါင်းအသာခါယမ်းလိုက်မိသည်။ ဖေဖေ ဆုံးဖြတ်ထားသည့်ကိစ္စတစ်ခုကို မေမေ့အနေနှင့် ဘယ်တုန်းကမှ ဝင်ရောက်စွက်ဖက်ခြင်း၊ ကားမြစ်ပိတ်ပင်ခြင်း မရှိတတ်ခဲ့ဘူး မဟုတ်လား။ ဒါပေမယ့် ဖေဖေ့လုပ်ပုံကြောင့် သူ ဘယ်လောက်စိတ်ရှုပ်ရလဲဆိုတာကို မေမေ့အား အလွန်အမင်း တိုင်တည်ပြောပြချင်နေမိသည်။

သူ စာကြည့်ခန်းသို့ တန်းလာခဲ့သည်။ အိပ်ချိန်မဟုတ်လျှင် မေမေ၏အချိန်ကို ဖြုန်းခြွေသောနည်းက စာဖတ်နေခြင်းပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

စာအုပ်စင်မှ လိုချင်သောစာအုပ်ဖွေတွကို ရှာနေပုံရသော မေမေက လှည့်ကြည့်သည်။

"မေမေ့ကို ကျွန်တော် ပြောစရာနည်းနည်းရှိတယ်"

"အရေးကြီးလို့လား သားနေ။ မနက်ဖြန်လုပ်မယ့် ဟောပြောပွဲတစ်ခုအတွက် မေမေ ပြင်ဆင်နေရတယ်"

နေခရင်ထဲမှ ပြောပြချင်နေသည့်အကြောင်းအရာများက ပါးစပ်တွင်းမှ ခုန်ထွက်ဖို့ အင်အားမဲ့ကုန်ကြသည်။

အရေးကြီးခြင်း မကြီးခြင်း လတ်တလော နံပါတ်တစ် ဦးစားပေးကို ပေးရမည့် အကြောင်းအရာ ဟုတ်ခြင်း၊မဟုတ်ခြင်း က ခံစားချက်နှင့် တိုင်းတာသင့်သလား။ သို့တည်းမဟုတ် ဂုဏ်သိက္ခာ၊ ဒါမှမဟုတ် အောင်မြင်ကျော်ဇောမှု၊ ဒါမှမဟုတ် အများ တကာ၏ ရှီးမွမ်းမှု၊ ဘယ်လိုပေတံမျိုးနှင့် တိုင်းတာဖို့ မေမေ သတ်မှတ်ထားသလဲ။





"ကျွန်တော် အပေါ်ထပ်တက်တော့မယ် မေမေ"

မေမေ၏ ခေါင်းအညိတ်သည် ဖွင့်လက်စ စာအုပ်အပေါ် အကြည့်များ ပြုတ်ကျသွားခြင်းလည်း ဖြစ်သည်။

ဟာလာဟင်းလင်းနလုံးသားတစ်စုံကို ကိုင်ဆွဲလျက် နေခ အပေါ်ထပ် သူ့အခန်းသို့ ဝင်လိုက်သည်။ လွယ်အိတ်ကို စားပွဲပေါ် တင်လိုက်ပြီး အိပ်ရာပေါ် ကန့်လန့်ဖြတ် မှောက်လှဲချလိုက်မိသည်။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

"ဖွင့်ထားတယ်"

အန်ကယ်ဂျက်၏မျက်နှာက အခန်းဝတွင် ပေါ်လာကာ . .

"ကားထဲမှာ လက်ကိုင်ပဝါကျန်ခဲ့လို့ လာပေးတာ သားနေ"

"အမှိုက်ခြင်းထဲထည့်လိုက် ဂျက်"

ဂျက်က အခန်းဝတွင် အမှိုက်ခြောက်များထည့်ရန် ထားသော အမှိုက်ခြင်းထဲ ပဝါကို ပစ်ထည့်လိုက်ပြီး တံခါးကို ပြန်စေ့



www.burmeseclassic.com

www.burmeseclassic.com



ပေးကာ ထွက်သွားသည်။

aircon မှ အဆက်မပြတ်မှုတ်ထုတ်နေသော အေးစက်

စက် အငွေ့အသက်များက နေခ၏အခန်းတစ်ခုလုံးကို ရစ်သိုင်း

အုပ်လွှမ်းထားတော့သည်။





အခန်း ( ၄ )

ကျောင်းတော်ကြီး၏အချစ်သမိုင်း ဇာတ်လမ်းများစွာထဲ

ဇာတ်ပို့အဖြစ် သူ့ကိုယ်သူ ကျေကျေနပ်နပ်ကြီး ခံယူထားသော

ကင်တီးသည် စဉ်လာမပျက် စည်ကားနေသည်။

နေခန်ဘေးနားက ဖြတ်သွားသော စားပွဲထိုးလေးကို ခေါ်

လိုက်သည်။ ထမင်းကြော် ငုံ့လွေးနေသော ဂျက်အား . . .

"ဂျက် . . . ဘာမှာဦးမလဲ"

"Ice Coffee"



www.burmeseclassic.com

www.burmeseclassic.com



"IC နှစ်ခွက်ပေး ညီ"

စားပွဲထိုးလေးက ခေါင်းညိတ်ပြကာ ထွက်သွားသည်။ ထိုစဉ် ရှေ့တစ်ဝိုင်းကျော်၌ သူမတို့သူငယ်ချင်း သုံးယောက် ထိုင် နေတာ တွေ့လိုက်ရသည်။ နေခအကြည့် ပြန်လွှဲလိုက်ပြီး ထမင်း ပေါင်းကို အာရုံစိုက်စားလိုက်သည်။

စားပွဲထိုးလေး လာချပေးသော ice coffee ခွက်ကို ယူ ၍ ပိုက်ဖြင့် စုတ်သောက်ရင်း သူမတို့ဝိုင်းကို ကြည့်လိုက်မိပြန်သည်။ ပန်းများကြားမှ သူမမျက်နှာက နေခနှင့် တည့်တည့်တန်းနေသည်။

ရုတ်တရက် ဝေးစိုက်သွားမိသော အကြည့်များကို ပြ လည် ထုပ်ပိုးသိမ်းဆည်းဖို့ နေခ မေ့လျော့သွားသည်။ ဂန္ထဝ မြောက်သည့် အလှမျိုး သူမမျက်နှာတွင် မရှိ။ အထက်တန်းဆ သည့် အလှမျိုးလည်း သူမ မပိုင်ဆိုင်။ ညှို့ငင်တတ်သော ဆွဲမ ဖွယ် အလှမျိုးလည်း ရှာမတွေ့သော သူမမျက်နှာထက်မှ ဘယ် အရာမျိုးက နေခကို ဖမ်းစားထားတာလဲ။

လဝန်းကုဋေစာပေ



"ဂျက် . . . ကျွန်တော်တို့တစ်ဝိုင်းကျော်က အကျီအဖြူ ဝတ်ထားတဲ့ ကောင်မလေးကို ကြည့်ကြည့်စမ်းပါ"

"သြော် . . . ဒါ ဟိုနေ့က ခလုံးမှန်သွားတဲ့ ကောင်မလေး မဟုတ်လား"

"သူက လှလားဟင် . . . ဂျက်"

အခုတိုင် သူမမျက်နှာထက်မှ အကြည့်မခွာသေးသော နေခကို ဂျက်က တစ်ချက်ကြည့်လိုက်ပြီး . . .

"အင်း . . . မဆိုးပါဘူး။ ချစ်စရာကောင်းတယ်"

ဂျက်၏စကားအသုံးမှာ နေခလည်း အဖြေတစ်ခု ရှာတွေ့ သွားသလိုဖြစ်၍ . . .

"ဟာ . . . ဟုတ်တယ် . . . ဟုတ်တယ် . . . ဂျက်။ သူ က ချစ်စရာကောင်းတယ်နော်။ မျက်နှာက လုံးလုံးဝိုင်းဝိုင်းလေး၊ မျက်လုံးက ဝိုင်းဝိုင်း၊ ပြီးတော့ နှုတ်ခမ်းက ထော်ထော်၊ နှာတံက လုံးလုံးလေးဆိုတော့ ဘဲပေါက်စလေးနဲ့ မတူဘူးလား"

လဝန်းကုဋေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သားနေ . . . မင်း အဲဒီကောင်မလေးကို ကြိုက်နေတာလား"

နေခက သူမဆီမှ အကြည့်လွှဲကာ ဂျက်ကို ကြည့်ပြီး . . .

"ကျွန်တော့်ပုံစံက သူ့ကို ကြိုက်နေတဲ့ပုံပေါက်နေလို့လား"

အဲသည်လို မေးခွန်းကို ပြန်၍ မေးခွန်းထုတ်တတ်တဲ့ အကျင့်က မင်းအဖေအတိုင်းပဲဟု ဂျက်စိတ်ထဲမှာ တွေးရင်း ခေါင်းခါ၍ . . .

"မဟုတ်ပါဘူး။ ဒါပေမယ့် ကောင်မလေးတစ်ယောက်ကို လှလား၊မလှလား မင်း မမေးဖူးတာ ဒါ ပထမဆုံးပဲလေ"

"မသိဘူးဗျ။ ကျွန်တော်လည်း အခုလေးဘင်မှ သူ့ကို သေချာကြည့်ဖူးတာ"

"အဲဒါ ဦးမိုးဇွေနဲ့သမီးကွ။ မနေ့က ဦးမိုးဇွေ ကားနဲ့ လာကြိုတာ ငါတွေ့လိုက်တယ်"

"ဦးမိုးဇွေက ဘယ်သူလဲဗျ။ ဖေဖေတို့နဲ့ သိလား"





"သိတာပေါ့ သားနေရ။ ဦးမိုးဇွေက ACCA သင်တန်းကျောင်းကို အကြီးအကျယ် ဖွင့်ထားတဲ့ ဆရာလေ။ ပြီးတော့ ကုမ္ပဏီအတော်များများရဲ့ စီးပွားရေး အကြံပေးလည်း လုပ်တယ်။ လက်ရှိလူငယ်စီးပွားရေးသမား အတော်များများက ဦးမိုးဇွေရဲ့ တပည့်တွေလို့လည်း ပြောလို့ရတယ်"

"ဪ . . . သူ့နာမည်ကိုရော သိလား ဂျက်"

"အဲဒါတော့ ငါ သိမလားကွ။ ဘာလဲ . . . မင်း ကောင်မလေးရဲ့နာမည်ကို သိချင်နေပြန်ပြီ မဟုတ်လား၊ သားနေ . . . သားနေ . . . မင်းတော့ တစ်ခုခုပဲ"

ဗေဒင်ဆရာတစ်ယောက်၏ အိုက်တင်ကို အပြည့်အဝ သရုပ်ဆောင်ကာ ပြောလိုက်သော ဂျက်၏စကားကို နေခ ဘာမှ ပြန်မပြောဘဲ ice coffee ကိုသာ စုပ်သောက်နေလိုက်သည်။

နေခအာရုံထဲ သူမနှင့်ကြုံဆုံခဲ့ရသည့် အဖြစ်အပျက်များက တစ်ရစ်ပြီးတစ်ရစ် ပြန်ပေါ်လာသည်။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစတက်ကတည်းက သူမနှင့် ရေစက်ဆုံနေသည် မဟုတ်လား။ ကြုံလိုက်တိုင်း အထိတ်တလန့် ကိုးရိုးကားယား အခြေအနေချည်းပင်။ သူမဆီသို့ နေခ လှမ်းကြည့်လိုက်မိပြန်သည်။ သူ့နှုတ်ခမ်းတွင် အပြုံးတစ်စ တွဲခိုလာသည်။

•♥•♥•♥•••♥•♥•♥•♥





ကော်ရီဒါအတိုင်း လျှောက်လာသော သူမ၏သူငယ်ချင်းနှစ်ယောက်ရှေ့ နေခ ရပ်လိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်က ဟိုနေ့က ကျွန်တော့်ကို ဝီကေနဲ့ တွေ့လိုက်တဲ့တစ်ယောက်ရဲ့ သူငယ်ချင်းတွေ မဟုတ်လား"

ခေမာနှင့် ခတ္တာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိသည်။

"ဟုတ်ပါတယ်"

"ဒါဆို သူ့ကို နည်းနည်းလောက် ပြောပေးပါလား။ ဝီကေနဲ့ ငွေးတဲ့ကိစ္စကို ဆွေးနွေးချင်တယ်လို့။ အခုချက်ချင်း ထွက်လာခဲ့ပါလို့"

သူမ၏သူငယ်ချင်းနှစ်ယောက်က သူ့ကို စူးစူးစမ်းစမ်းကြည့်လာကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေခက ဒီကိစ္စကို မကျေနပ်လို့လား"

"ဩော် . . . ခင်ဗျားတို့က ကျွန်တော့်နာမည်ကို သိနေ တာလား။ ဒါဆို ခင်ဗျားတို့နာမည်တွေက ဘယ်လိုခေါ်တာလဲဗျ"

"ကျွန်မနာမည်က ခတ္တာ၊ သူက ခေမာ"

နေခစိတ်ထဲ အသာကြိတ်ပြုံးလိုက်မိသည်။ အပြင်ပန်း မျက်နှာကိုတော့ ခပ်တည်တည်ထားကာ . . .

"ဒါဆို ဟိုတစ်ယောက်ရဲ့နာမည်ကရော"

"မိုးနှင်းမြူမြူလို့ ခေါ်တာယ်ရှင့်"

"ဩော် . . . သူ့ကို ပြောလိုက်ပါ။ ပီကေနဲ့တွေ့လိုက်တဲ့ ခုံတန်းမှာပဲ ကျွန်တော် စောင့်နေတယ်လို့"

ပြောပြီး နေခ ချာခနဲ လှည့်ထွက်ခဲ့သည်။ သူ့စိတ်ထဲ ကစားစရာအသစ်အဆန်းတစ်ခု ရသော ကလေးငယ်တစ်ယောက် လို ပျော်မြူးနေသည်။

နေခ သိပ်မစောင့်လိုက်ရပါ။ သူငယ်ချင်း နှစ်ယောက်ကို





ခြုံရုံလျက် ခပ်သွက်သွက် လျှောက်လာသော သူမကို လှမ်းမြင်ရ သည်။

သူ သေသေချာချာကို ဘေးကြည့်၍ သူမ၏လမ်းလျှောက် ခြင်း အလှတရားကို ရှာဖွေလိုက်မိသည်။

အခုတလော ခေတ်စားနေသော ကိုရီးယားမင်းသမီးတွေ ၏လမ်းလျှောက်ပုံက နည်းနည်းတော့ ပိုသည်ဟု နေခ ထင်သည်။ သူတို့လျှောက်ပုံက မျဉ်းတစ်ဖြောင့်တည်း မဟုတ်တော့။ ဘယ်ခြေ ကို ညာဘက်ရောက်အောင် ထိုး၍ ညာခြေကို ဘယ်ဘက်ရောက် အောင် ခြေထိုး လမ်းလျှောက်ပုံက ပဲများလွန်းသည်။

အနောက်တိုင်း မော်ဒယ်တွေ၏ catwalk လျှောက်ပုံကျ တော့လည်း မျက်နှာကြီး စူပုတ်လျက် ဒရောသောပါး ပြေးလျှောက် လျှောက်လာပုံက ကြောင်ကြီးတစ်ကောင် မာန်ဖီပြီးပြေးလာသလို ကြောက်မက်ဖွယ်ရာ ဖြစ်သည်။

တရုတ်မင်းသမီးတွေ၏ ကိုယ်ဖော့လမ်းလျှောက်နည်းကို



www.burmeseclassic.com

www.burmeseclassic.com



တော့ နေခ နည်းနည်း သဘောကျသည်။ တစ်ချက်သာ ခြေထိုး လိုက် မြေပုံပင်မလို၊ တောင်တစ်လုံးလောက်ကတော့ အသာလေး ကျော်ပြီး ဘယ်မသိ ရောက်ရာပေါက်ရာ ရောက်သွားတတ်သည့် အမျိုး။

နေခ၏အမြင်ထဲ ဘဲပေါက်စလေးနှင့်တူသော မိုးနှင်းမြူမြူ ကတော့ ကံကောင်းထောက်မစွာ ဘဲတစ်ကောင်လို လျှောက် မလာဘဲ လူသာမန်တို့၏ လျှောက်နည်းဖြင့် ခပ်သွက်သွက် လှမ်း လာပါသည်။

မြူအား ခပ်တင်းတင်းစိုက်ကြည့်နေသော နေခ၏ပုံကို ကြည့်ကာ ခေမာက . . .

"ပြဿနာကတော့ မသေးဘူးထင်တယ် မြူး ကိုနေခ နင့် ကို လှမ်းကြည့်နေပုံကို ကြည့်ပါလား။ ဝီကေကိစ္စကို တော်တော် တင်းနေပုံရတယ်"

"ဟုတ်တယ်ဟ"





ခတ္တာကပါ ဝင်ထောက်ခံသည်။

"မတတ်နိုင်ဘူးဟာ။ ငါလည်း တမင်လုပ်တာမှ မဟုတ် တာ။ ဝီကေကိစ္စပြောတော့လည်း ခဲမှန်တဲ့ကိစ္စကို ပြန်ပြောလိုက်ရုံ ပေါ့"

မြူတို့ နေခ နားရောက်တော့ နေခက ဖုန်းပြောနေပြီး ခေါင်းစောင့်ဆိုသည့်သဘောဖြင့် မြူတို့ကို လက်ကာပြသည်။ ခြေ ချိတ်ထိုင်လျက် ခုံတန်းနောက်မှီပေါ် တံတောင်တစ်ဖက်တင်ပြီး ဖုန်းပြောနေသော သကောင့်သားကို အနီးအနား ထိုင်စရာခုံမရှိ တာမို့ မြူတို့ သုံးယောက် မိုးတိုးမတ်တတ် စောင့်တော်မူရပါသည်။

ဖုန်းပြောပြီးတာနှင့် နေခက မြူကို ခပ်တည်တည်ကြည့် ကာ . . .

"ဝီကေကိစ္စကို မင်း ဘယ်လိုတာဝန်ယူမှာလဲ"

"မတော်တဆပါလို့ ပြောပြီးပြီပဲ။ ကျွန်မက ဘာကိုတာဝန် ယူရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . အဲဒီမတော်တဆကိုပဲ အပြစ်ပုံချနေလို့ ရမလား ကွ"

"ဒါဆို ကျွန်မကို ခဲမှန်တုန်းကရော ရှင်ပဲပြောခဲ့တာလေ၊ မတော်တဆဆို"

သူမ မျက်ဝန်းများ တလက်လက် တောက်ပဖြိုးကျယ် လာတာကိုကြည့်ပြီး နေခ ရင်ထဲ ရယ်ချင်စိတ်များ တလိပ်လိပ် ထလာသည်။

"မင်း ငါ့ကို ဝင်တိုက်ခဲ့တုန်းကလေ ငါ့နဖူးကို ဒိန်းခနဲ မြည်အောင် တိုက်ပစ်လိုက်တာ မင်း ဘာပြောဦးမလဲ"

ရုပ်တည်နဲ့မှမလိုက် ချက်ကျလက်ကျ နှုတ်လှန်ထိုးနေပုံ က မိန်းမကြီးအတိုင်းပဲဟု မြူ စိတ်ထဲ ရွံ့ရွံ့မဲမဲ့တွေးလိုက်ပြီး . . .

"ဩော် . . . ဒါဆို ရှင် ကျွန်မကို ကားနဲ့တိုက်မိမလို ဖြစ်တုန်းကရော၊ အဲဒီကိစ္စကိုလည်း ရှင် ထည့်ပြောဦးမှပေါ့"

"ဘယ်လိုပဲဖြစ်ဖြစ် မင်း ငါ့ကို ပီကေနဲ့ထွေးတဲ့ကိစ္စ





ပြီးတော့ ငါ့နဖူးကို နာအောင်တိုက်တဲ့ကိစ္စ နစ်ခုအတွက် မင်း တစ်ခုခုတော့ ပြန်လုပ်ပေးရမယ်"

"ဘာ"

မြူ တော်တော်လေးကို ဒေါသထွက်လာသည်။

"တောင်းပန်တာပဲဖြစ်ဖြစ် တစ်ခုခုပေါ့"

"ရှင် တော်တော့်ကို ကိုယ့်ဘက်ကိုယ်ယက်တတ်ပါလား"

"ယက်တာ . . . ဟား . . . ဟား . . . ဟား . . . အဲဒါ ဘဲပေါက်စတွေ လုပ်တာကွ . . . ဟား . . . ဟား . . . ဟား"

ဖအောင့်ထားရသည့် ရယ်ချင်စိတ်ကို နေခ မထိန်းနိုင် တော့၊ ကိုယ့်အတွေးနဲ့ကိုယ် ရယ်ချလိုက်မိတော့သည်။

မြူ နေခကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်မိသည်၊ ဒီလူ သူမစကားကို လှောင်ပြောင်ရယ်မောနေတာ မဟုတ်လား။ ဘယ် ဘဝက အကုသိုလ်ငြိုးဟ်ဆိုးတွေ ရောသမမွှေပြီး ဒီလိုလူမျိုးနဲ့မှ ကြုံခဲ့ရပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ . . . ရှင် ရယ်မနေနဲ့။ ကျွန်မက ရှင့်ကို လုပ်ခဲ့တာ နှစ်ခုဆိုရင် ရှင်လည်း ကျွန်မကို နှစ်ခုလုပ်ခဲ့တာပဲ။ ဒီတော့ ဘဲစား ဘဲချေပဲပေါ့"

ဘဲဆိုသည့်အသံကြားလျှင် နေခ၏ ရယ်ချင်စိတ်များ ထ ကြွလာပြန်သည်။ သို့သော် ဆက်ရယ်လျှင် သူမ၏ဒေါသများ ရှူး ရှနဲ့ ပေါက်ထွက်လာနိုင်တာမို့ နေခ မျက်နှာပိုးကို အနိုင်နိုင်သတ် ကာ . . .

"မင်းပြောသလို ငါ မလုပ်နိုင်ဘူး။ မင်း ငါ့ကို တောင်းပန် ပါ"

"ရှင် ဇတ်တော်လူပါးဝပါလား။ ဒါဆို ရှင် ကျွန်မကို အရင်တောင်းပန်။ ရှင်တောင်းပန်ပြီးရင် ကျွန်မ ပြန်တောင်းပန်မယ်"

နေခက ခြေရှိတ်ထိုင်နေရာမှ ထရပ်လိုက်သည်။ ထို့နောက် မြူ့ရှေ့ကာည့်တည့်သို့ တိုးကပ်လာပါသည်။ တကယ်ကို တည့်တည့်ကြီးကို တိုးကပ်လာတာကြောင့် မြူ အံ့ဩစွာ ခြေ





တစ်လှမ်းဆုတ်လိုက်မိသည်။ နေခက မရပ် ဆက်ကာ ဆက်ကာ တိုးကပ်လာသည်။ မြူ့မျက်လုံးလေး ပြူးလျက် နောက်တဆုတ် တည်း ဆုတ်နေရသည်။ ခေမာနှင့် ခတ္တာလည်း နေခကို အံ့ဩ တကြီး ကြောင်ငေးကြည့်နေမိသည်။

"ရှင် . . . ရှင် . . . ဘာလုပ်"

မြူ စကားမဆုံးခင် နေခအသံက ဖြတ်ဝင်လာသည်။

"ဟေ့ . . . မင်း ဘာလို့နောက်ဆုတ်နေတာလဲ။ မင်း နောက်ဆုတ်နေတာနဲ့ပဲ ငါ့မှာ ရှေ့တိုးနေရတာယ်ကွ"

ပြောပြီး နေခက ခြေလှမ်းကို ရပ်လိုက်သည်။ ပြောင်းပြန် ကို ဆံခတ်ရုံတင်မက ဝစနစ်လုံးပေါက်ရော၊ သေးသေးပါ တင်ချင် နေသည့် နေခ စကားကြောင့် မြူ မထွေးနိုင် မအန်နိုင် အံကြိတ် ခံလိုက်ရသည်။ ပြန်ပြောချင်စိတ်က ပါးစပ်ဆီမှ တွန်းထိုးရုန်းကန် နေသော်လည်း ပေရှည်နေဦးမည်စိုးတာကြောင့် မြူ မျိုသိပ်လိုက် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ . . . ဒီကိစ္စကို ငါ သဘောတူတယ်။ ဒါပေမယ့် မင်း တစ်ခု သိထားရမှာက နေခရဲ့တောင်းပန်မှုက ကြေးတော့ နည်းနည်းကြီးတယ်နော်။ မင်း လက်ခံဖို့ အသင့်ပြင်ထားပါ"

ပြောပြီး နေခက လှည့်ထွက်သွားလေသည်။ အပြန်အလှန်စကားပြောနေကြရာ ကိုယ့်စကားပြီးတာနှင့် တစ်ဖက်လူ စကားပြန်ကို မစောင့်ဘဲ လှည့်ထွက်သွားတာက ရိုင်းပျမှုတစ်မျိုးပဲ မဟုတ်လား။ မြူ မျက်မှောင်ကြုတ်လိုက်မိကာ . . .

"ခဏနေပါဦး . . . ရှင် စကားကို ရှင်းအောင်ပြောခဲ့"

နေခက လှည့်၍ပင် မကြည့်ပေ။ တမင်သက်သက် မကြားချင်ယောင်ဆောင်သွားမှန်း သိသာနေတာမို့ မြူ အောက်နှုတ်ခမ်းသားများကို ဖိကိုက်လိုက်မိသည်။

•••••••••





နွေလယ်ညနေခင်းက သက်တမ်းရင့်နေတာတောင် အရောင်မလွင့်ဘဲ ခပ်ပွင့်ပွင့်ဒီဇိုင်းနှင့် အမိုက်စား လန်းနေသည်။

လသာဆောင်လက်ရန်းပေါ် လက်နှစ်ဖက် ထောက်၍ ခပ်ဝေးဝေးအထိ မျှော်ကြည့်ရင်း နေခ ရင်ထဲ ပျော်ရွှင်မှုက ဟိုတိုးဒီဝှေ့ လွန့်လူးနေသည်။ သူ့ရင်ထဲ ဒီလိုနှစ်နှစ်မြိုက်မြိုက်ကြီး ပျော်မနေခဲ့တာ တော်တော်ကြာပြီပဲ။

မိုးနှင်းမြူမြူ . . . သူမကို တောင်းပန်ရမယ်တဲ့။ သူများ တကာကို အောက်ကျို့စရာမလိုသော သူ့ဘဝမှာ တောင်းပန်ရခြင်းက အတော်စိမ်းသက်နေသည်။ လူတစ်ယောက်ကို တောင်းပန်ရမယ့်အစား ခပ်ကြီးကြီးရန်ပွဲတစ်ပွဲကို ဆင်နွှဲလိုက်ရတာက နေခအတွက် ပို၍နေသာထိုင်သာရှိစေသည်။

သူမကို မြင်ယောင်ရင်း သူ အသာပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံးလုံးဝိုင်းဝိုင်း အရာများသာ နေရာယူထားသည့် သူမမျက်နှာကို မြင်တိုင်း သူ သိပ်ကြိုက်သည့် အဖြူရောင်နှင်းဆီပန်းလေးတစ်ပွင့်ကို တွေ့ရသလို သူ စိတ်ချမ်းသာသည်။ ရန်တွေ့တဲ့အခါတိုင်း ပို၍ ဝိုင်းသွားတတ်သော သူမမျက်ဝန်းများကို သူ ခဏ ခဏ မြင်ချင်မိသည်။

သူမကို တောင်းပန်ဖို့အတွက် သူ ဘာတွေလုပ်သင့်လဲ။ အတန်ကြာ အတွေးနက်နေရင်း ပုစ္ဆာအတွက် အဖြေထွက်သွားသူတစ်ယောက်လို သူ့မျက်နှာ တဖြည်းဖြည်း ပြုံးလာသည်။

သူ အခန်းထဲ ပြန်ဝင်လာခဲ့သည်။ အမှိုက်ခြောက်ထည့်သည့်ခြင်းနားရောက်တော့ အသာငုံ့ကြည့်လိုက်မိသည်။ ဗီဇေ သုတ်ဖို့ ပေးလိုက်သော သူမ ပဝါလေးက အခုတိုင် အမှိုက်ခြင်းထဲ ရှိနေဆဲ။ ဗီဇေများ ဒပေနေသည့် ညစ်ညစ်ပတ်ပတ် ပဝါတစ်ထည်။ သူ နှာခေါင်းတစ်ချက် ရှုံ့ရင်း ပဝါကို ကောက်ယူလိုက်သည်။ အနားစနှစ်ခုကို ဖြန့်ကြည့်တော့ ဗီဇေများစွန်းထင်းနေသည့် ပဝ





က ဘယ်လိုမှ မလှပါ။ သူ ပါဝကို လေးခေါက်ခေါက်လိုက်ပြီး သူ လာကာ စာကြည့်စားပွဲ၏ အောက်ဆုံးအဆင့် အံဆွဲထဲ ပစ်ထည့်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြူ ကင်တီးထဲဝင်ကာ ခေမာတို့ထိုင်နေသော စားပွဲတွင် ဝင်ထိုင်လိုက်သည်။

"ဗိုက်ဆာလိုက်တာဟာ။ နင်တို့ မှာပြီးကြပြီလား"

"အေး . . . မှာထားပြီးပြီ"

နံဘေးနားမှ ဖြတ်သွားသော စားပွဲထိုးလေးကိုခေါ်ပြီး မြူ မှာလိုက်သည်။

"ကော်ဖီတစ်ခွက်၊ နန်းကြီးသုပ်တစ်ပွဲ၊ ပဲမှုန့်လျှော့။ မြန်မြန် နော်"

နွေလယ်နံနက်ခင်း၏နေခြည်က စပွင့်ကာတည်းက အရောင် သန်းနေသည်။

"မြူရေ . . . ထုံးစံအတိုင်း အောင်ထက်ကတော့ နင့်ကို လက်ဖက်ရည်နဲ့ တို့စားနေပြီ"





မြူကို တစ်ချက်ကြည့်လိုက် လက်ဖက်ရည်တစ်ငုံ သောက်လိုက်လုပ်တတ်သော အောင်ထက်အကျင့်ကို သိ၍ ခေမာက ပြောတာဖြစ်သည်။

"သွားတားလို့မှ မရတာ။ အလျှူပေ့ါဟာ"

"ဘာလို့"

သံပြိုင်ထွက်လာသော ခေမာနှင့် ခတ္တာကို ကြည့်ကာ မြူ အသာရယ်မောလိုက်မိပြီး . . .

"ဒီလိုဟာ . . . မနေ့ကဘာ ဒါနေပါ။ ကြည်ဖြူတာက သိလ ပါ၊ သိမှ ဘာဝန္နာတဲ့။ ဒီတရားသံပေါက်လေးတွေကို သိတယ် မဟုတ်လား"

"ထားပါတော့ . . . အဲဒါနဲ့ နင့်အလှူနဲ့ ဘာဆိုင်လို့လဲ"

"မနေ့ကဘာ ဒါနလေ။ အခု အောင်ထက်က ငါ့ကို ကြည့် တယ်။ အဲဒီကောင် ဘယ်လောက်မျက်နှာပြောင်လဲ နင်တို့ သိတယ် မဟုတ်လား။ ငါ နေရာပြောင်းထိုင်ရင် သူပါ ပြောင်းထိုင်ပြီး ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တယ်လေ။ အခု ဝါ အဲဒါမျိုးတွေ မလုပ်တော့ဘူး။ သူ့ဘာသာ သူ ဝါ့ကို ကြိုက်သလောက်ကြည့် မနေ့မြောပဲ အလှူလို့ သဘော ထားလိုက်တော့မယ်လို့ ပြောတာ"

"သာဓု . . . သာဓု"

"ဟင်း . . . ဟင်း"

မြူ့ စကားအဆုံးမှာ ခေမာနှင့် ခတ္တာက သာဓုကို သံပြိုင် ဆိုသည်။ မြူလည်း ပြောင်တိပြောင်စပ်မျက်နှာလေးနှင့် ရယ်မော လိုက်မိတော့သည်။

မြူတို့ဝိုင်းက မှာထားသည့် စားစရာတွေ လာချတာမို့ အစားဆီသို့ အာရုံရောက်သွားကြတော့သည်။

ထိုစဉ် စားပွဲထိုးလေးက အတော်အတန်ကြီးသော ပါဆယ်ထုပ်ကို ကိုင်ပြီး မြူနားလာရပ်သည်။

"အစ်မ . . . အစ်မကို ပေးခိုင်းလိုက်လို့"

"ဘယ်သူက ပေးခိုင်းတာလဲ"





"ဒီကကျောင်းသားပဲ အစ်မ။ ကျွန်တော် နာမည်မသိဘူး"

မြူ့ ပါဆယ်ထုပ်ကို လက်ခံယူထားလိုက်သည်။ ပါဆယ် ထုပ်က ပေါ့ပေါ့ပါးပါးမဟုတ်။ နည်းနည်းတော့ လေးသည်။ ခတ္တာ က . . .

"ဖွင့်ကြည့်ရအောင် မြူ။ အထဲမှာ ဘာလဲမသိဘူး"

"အင်း"

မြူလည်း သိချင်နေတာမို့ ပါဆယ်ထုပ်ကို ချက်ချင်းပင် ဖောက်လိုက်သည်။

"ဟဲ့ . . . ဟဲ့ . . . အောင်ထက်က သူ့လည်ကြီးကို ဆန့် ထုတ်ပြီး ကြည့်နေတယ်ဟ။ မြူးပြူးပြဲပြဲကို ကြည့်နေတာ"

"မြူ့ဆီရောက်လာတဲ့ ပစ္စည်းဆိုတော့ တော်တော့ကို သိချင်နေမှာပေါ့"

ခတ္တာနှင့် ခေမာကို မြူ့ ဘာမှပြန်မပြောဘဲ ပါဆယ်ကိုသာ ဂရုတစိုက်ဖောက်လိုက်သည်။ စက္ကူကို ဖွင့်လိုက်တော့ မည်းပြောင်



www.burmeseclassic.com

www.burmeseclassic.com



နေသော ကြွေအိုးတစ်လုံး၊ အဝကျဉ်း အတွင်းကျယ် လုံးဝန်းသော ကြွေအိုးဖြစ်သည်။

မြူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"ဒီမှာ ပို့စကတ်လေးဟ"

တိတ်နှင့်ကပ်ထားသော ပို့စကတ်လေးကို မြူ ဖွင့်ဖတ်လိုက်သည်။ ရေးထားတာက . . .

"တစ်ခါတစ်ပါး၌ ကိုရင်နေခသည် တစ်ခါမျှမလုပ်ဖူးခဲ့သော တောင်းပန်ခြင်းအမှုကိစ္စကို မြွေများ အရေခွံချွတ်ဘိသကဲ့သို့ ချွတ်ချကာ အနီမိုးနှင်းမြူမြူအား ပြုလုပ်လိုက်လေသတည်း"

"ကိုနေခ ပို့လိုက်တာဟ။ ရော့ . . . ဖတ်ကြည့်"

ခေမာနှင့် ဂဏ္ဍာက စာကို ခေါင်းချင်းဆိုင်ဖတ်ပြီးနောက် ခဏ္ဍာက . . .

"ဒါလား သူ့ရဲ့ကြေးကြီးတဲ့ တောင်းပန်မှုဆိုတာ။ ကြွေအိုး





တစ်လုံးစာ တန်ဖိုးရှိတယ်လို့ ဆိုလိုတာပေါ့"

မြူအိုးထဲကို ပုံကြည့်လိုက်တော့ မည်းနက်နေသော အိုးအရောင်နှင့်အပြိုင် မည်းနက်ကာ ခွေထားသော အရာတစ်ခုကို တွေ့သည်။

"ခဏနေဦးဟ . . . အထဲမှာ ကြွာပွတ်လား မသိဘူး။ ငါ ယူလိုက်ဦးမယ်"

ကိုင်လိုက်တာနှင့် ပျော့စိစိဖြစ်နေသော ထိုအရာကို မြူ နှိုက်ထုတ်လိုက်တော့ . . .

"အမယ်လေး . . . မြွေ . . . မြွေ"

"ဟယ်"

"ဟာ"

ရှည်လျားမည်းနက်အကွက်ကွက်ထနေသော မြွေက မြူ၏ ကြောက်ရွံ့မှုဒီဂရီကို အမြင့်ဆုံးထိ ဆွဲတင်လိုက်သည်။ မြူ ဘာလုပ်လို့ လုပ်လိုက်မိမှန်း မသိ၊ ထိတ်လန့်ကြောက်ရွံ့စွာ မြူ



www.burmeseclassic.com

www.burmeseclassic.com



လက်ကို မြူ ကြည့်ပြီး တဆတ်ဆတ်တုန်နေမိသည်။

"လုပ်ကြပါဦး။ တက်နေပြီ။ တက်နေပြီ"

"မြီး . . . မြီး . . . မြီး"

"အဲဒါဝက်ရူးပြန်တာ။ သော့ရှိလား။ မြန်မြန်ပေး"

"ဇွန်းကိုပေးကိုက်လိုက်"

မြူကသာ ကိုယ့်ဘာသာကိုယ် ဘာလုပ်လို့ လုပ်လိုက်မိ မှန်းမသိပေမယ့် တကယ်တမ်း မြူ လုပ်လိုက်တာက လက်ထဲက မြွေကို ဆွဲယမ်းလွှင့်ခါပစ်လိုက်တာ ဖြစ်သည်။ ထိုအချိန် လည်ခ ကာ မျှော်ကြည့်နေသော အောင်ထက်ဆီသို့ မြွေက ချိန်သား ကိုက် လွှင့်ပျံကာ လည်ပင်းကို သွားပတ်သည်။ ဝက်ရူးပြန်ရောဂါရှိပုံရ သော အောင်ထက်လည်း ကြောက်လန့်တကြား ဝက်ရူးပြန်သွား တော့တာဖြစ်သည်။

"ခြေမချိုး။ ဖက်ကြောကို နှိပ်ပေး"

အောင်ထက်က မြွေကို မြီး . . . မြီး . . . မြီး . . . ပ





အော်ကာ တက်နေသည်။

ကင်တီးတစ်ခုလုံးလည်း ဂရုန်းသုန်းကားဖြစ်ကုန်တော့ သည်။

ကြောက်ရိုန်မပြေသေးသော မြူအား ခေမာက . . .

"မြွေက အရုပ်ကြီး။ အစစ်မဟုတ်ဘူး မြူရဲ့"

မြူ ခေါင်းညိတ်ပြကာ အောင်ထက်ဖြစ်နေပုံကို မျက်နှာ ငယ်လေးနဲ့ ကြည့်နေရသည်။ ကိုယ့်လက်က လွှင့်ပျံသွားသော မြွေ ရုပ်ကြောင့် အောင်ထက် အခုလို ဖြစ်သွားတာမို့ မြူ့ဘာဝန်လည်း မကင်းသလို ဖြစ်နေသည်။

အောင်ထက်ကို မနည်းနှာနပ်ယူလိုက်ရသည်။ အဖြစ် အပျက်မေးလာသမျှကို ခေမာနှင့် ဓဏ္ဍာက ဒိုင်ခံရှင်းပြတာမို့ ကင်တီးမှာဖြစ်တဲ့သတင်းက သိပ်မကြာ တစ်ကျောင်းလုံး ပျံ့သွား တော့သည်။

နေခဆီသို့ စုဝေးသွားသော မြူ၏ဒေါသကလည်း ကျည်



www.burmeseclassic.com

www.burmeseclassic.com



တောက်မှ ထုတ်ပြီးသော မြားတစ်စင်းလို ပြန်သွင်းဖို့မဖြစ်နိုင်ဘဲ ပစ်ခွင်းဖို့သာ အသင့်အနေအထား ဖြစ်သွားသည်။

ဒါပေမယ့် မြူတို့တစ်ကျောင်းလုံး နှံ့အောင်လိုက်ရှာသော်လည်း နေခကို မတွေ့။ နေခက အတန်းလည်း လာမတက်ပေ။

•••••••••••••••





ကော်ရီတာလမ်းအတိုင်း လျှောက်လာရင်း မြူကို ကြည့်၍ ပြုံးစိ ပြုံးစိဖြစ်သွားသော လူတွေကို ကြည့်ပြီး မြူစိတ်ထဲ မသိုးမသန့်ဖြစ်လာသည်။

မြူ၌ ဘာမှားနေတာလဲ။ မျက်နှာလား။ ဆံပင်လား။ အင်္ကျီကြယ်သီးပြုတ်နေတာလား။ မြူ မလုံမလဲ၊ ဆံပင် သပ်ချလိုက်၊ အင်္ကျီဆွဲချလိုက်ဖြစ်လာသည်။ ဖြတ်သွားသော သူတွေ၏ ရယ်ချင်တော့မလိုမျက်နှာက မြူ၏ခြေလှမ်းများကို ကယောင်ချောက်ချားဖြစ်စေသည်။

ထိုစဉ် ဒုတိယနှစ်မှ ကျောင်းသားတစ်အုပ်ဖြတ်အသွား . .

"အတည်ကြံနေတာလားဟေ့"

"လုပ်ထား . . . ငါ့ကောင်ရေ"

"ဟေ့ကောင် . . . ဒီတစ်ယောက် အတည်နော်"



www.burmeseclassic.com

www.burmeseclassic.com



မြူ့ကို တစ်ချက်ပြုံးစိစိနဲ့ကြည့်ကာ မြူ အနောက်ကို ကြည့်ပြီး တစ်ယောက်တစ်ပေါက် စနောက်သွားသံကြောင့် မြူ နောက်ကို ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။

မြူ့မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားသည်။

နေခသည် ဝါးနှင့်လုပ်ထားသော တောင်းတစ်လုံးကို ပခုံး တွင်ထမ်းလျက် မြူ့နောက်မှ တောက်လျှောက်လိုက်နေတာ ဖြစ် သည်။ တောင်းတွင်လည်း စာလုံးခပ်ကြီးကြီးရေး၍ ကပ်ထားသည်။

မိုးနှင်းမြူမြူ၏ စေခိုင်းချက်အရ

မောင်နေခ တောင်းပန်ပါသည်။

ကြည့်စမ်း . . . ကြည့်စမ်း . . . ဒါကြောင့် လူတွေ မြူ့ကို ကြည့်ပြီး ပြုံးသွားကြတာကိုး။ ဘယ်အချိန်ကတည်းက ဒီပုံစံမျိုးနှင့် နေခဆိုတဲ့လူ မြူ့နောက်က လိုက်နေပါလိမ့်။

"ကိုနေခ . . . ရှင် ဘာတွေလုပ်နေတာလဲ"

"မြင်တဲ့အတိုင်းပဲလေ။ မင်းကို တောင်းပန်နေတာ"





"ဒါ တောင်းပန်တာလား။ ရှင် စနောက်ချင်ရင်လည်း သူများ မထိခိုက်အောင် စပါလား။ လူများ အရှက်ကွဲအောင်အထိ လိုက်စပြီးတော့ ရှင် တော်တော် ပျော်နေတယ် . . . ဟုတ်လား"

တကယ်ဒေါသထွက်နေသော မြူ၏မျက်နှာကိုကြည့်ပြီး နေခ၏ မျက်နှာမှ ရွှင်မြူးရိပ်များအားလုံး ပျောက်ဆုံးသွားသည်။

"မင်း ဘာဖြစ်နေတာလဲ။ တောင်းပန်တယ်ဆိုတဲ့စကားကို အကျကောက်ပြီး ငါတောင်းလေးတစ်လုံး ထမ်းလာရုံပါ"

"ဒါဆို ဒီတောင်းပေါ်ကစာကရော။ ရှင်လုပ်ပုံကြောင့် တစ်ကျောင်းလုံး သိသွားပြီ။ တစ်လမ်းလုံး ရှင် ကျွန်မနောက်က တိတ်တိတ်လေးလိုက်လာတာ မဟုတ်လား။ လူတိုင်းပြုံးသွားကြ တာ။ ကျွန်မ ဘယ်လောက်အရှက်ကွဲလဲ ရှင် သိလား"

"ကျောင်းသားဘဝမှာ လွတ်လွတ်လပ်လပ် ပျော်တာပဲ။ ဒီလောက် အလေးအနက်ကြီးတွေးစရာလိုလို့လား။ မင်း ပြောတာ ငါ လုံးဝနားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြှူ၏ စိတ်ပျက်သလိုလို စိတ်ကုန်သလိုလိုအကြည့်ကြောင့် နေခရင်ထဲမှ ဒေါသစိတ်များ တလိပ်လိပ်ထလာသည်။

"ဟေ့ . . . မင်း ငါ့ကို ဒီလိုမကြည့်နဲ့"

"ကြည့်တော့ ဘာဖြစ်လဲ၊ မနေ့က ရှင် ဘယ်သွားနေတာလဲ၊ ပါဆယ်ထုပ်ထဲ မြွေတစ်ကောင်ထည့်ပြီး ကျွန်မကို ဒုက္ခပေးခဲ့တာလေ"

"ဟ . . . လုပ်ပြန်ပြီ၊ ငါ မနေ့က အိမ်ပြန်သွားတာ၊ မင်း တော်တော်လန့်သွားလို့လား၊ လန့်အောင် မြွေထည့်ပေးတာပဲ၊ မင်း လန့်မှာပေါ့"

ခပ်လွယ်လွယ်ပြောသော နေခ စကားက မြှူ၏စိတ်ပျက်ခြင်းရေမှတ်ကို အမြင့်ဆုံးထိ ဆွဲတင်သွားသည်။

"လန့်တယ် . . . အသက်ထွက်မတတ်လန့်တယ်၊ ရှင် ပျော်တယ် မဟုတ်လား၊ သူများဒုက္ခရောက်သွားတော့ ရှင်လည်း ဟာသတစ်ပုဒ်ရသွားတာပေါ့"





"မင်း . . . အဲလိုတော့ မပြောနဲ့လေ"

"ပြောမှာပဲ၊ ရှင့်လို မကောင်းဆိုးဝါးမျိုးနဲ့ ကျွန်မ လုံးဝ ထပ်မတွေ့ချင်တော့ဘူး၊ ကောင်းကျိုးမပေးတဲ့လူ"

ပြောပြီး ဆတ်တောက်ဆတ်တောက် လျှောက်ထွက်သွားသော မြှူ၏ ကျောပြင်အား နေခ မျက်နှာငယ်လေးဖြင့် ငေးမောကြည့်ကျန်ခဲ့သည်။

သူ့လက်ထဲက ကစားစရာအရုပ်လေး ရုတ်တရက် ပျက်စီးသွားသလိုပင် သူ့ရင်ထဲက ပျော်မြူးနေသည့်စိတ်များ အားလုံး ပျောက်ဆုံးသွားသည်။

အလုပ်များသော မိဘနှစ်ပါး၏ အချိန်မပေးနိုင်မှုကြောင့် နေခသည် အထိန်းတော်တွေ လက်ထဲ၌သာ ကြီးပြင်းခဲ့ရသည်။ ရွှေဘုံပေါ်မှာ စံနေရလျက် တစ်ဦးတည်းသော သား သူ့အတွက် အမြဲတမ်း တစ်ယောက်တည်းဖြစ်နေတတ်သည်။ ငယ်ငယ်က တည်းက ဟိုလူနှင့်မပေါင်းရ၊ ဒီလူနှင့် မသင်းရ မိဘနှစ်ပါး၏



www.burmeseclassic.com

www.burmeseclassic.com



ကန့်သတ်ချက်တွေကြောင့် သူမှာ ရင်းရင်းနှီးနှီး သူငယ်ချင်းဆိုလို့ မျိုးဇော်တစ်ယောက်သာ၊ မြူ့ကို တွေ့တော့ သူ့ရင်ထဲ စချင်နောက်ချင်စိတ်တွေ တဖွားဖွားပေါ်လာခဲ့သည်၊ ဒီလို ခပ်ပြောင်ပြောင် အမူအရာနှင့် စကားတွေ ဘာတွေထမ်းပြီး စနောက်ခဲ့တာက သူ့ဘဝ၏ ပထမဆုံးပင်၊ မလုပ်ဖူးတာတွေ လုပ်ခဲ့၍ထင်သည်၊ အကျိုးက ဆိုးဝါးလွန်းသည်၊ သူ ခေါင်းငိုက်စိုက်ကျသွားသည်။

ခပ်ကျဉ်းကျဉ်းလည်ပတ်နေသော ကမ္ဘာကြီးက ကန့်လန့်ဖြတ်မျဉ်းတစ်ကြောင်းလို နေသားမကျသော ခန္ဓာကိုယ်ကို ကိုင်၍ လျှက် နေခ လှည့်ထွက်ခဲ့တော့သည်။





အခန်း ( ၅ )

ဒီနှစ် နွေလယ်က ဘယ်လိုဖြစ်သည်မသိ၊ ဉသြတွေ ရန်ကုန်ကို အရောက်အပေါက် ကျဲသွားသည်။ ကောင်းကင်နှင့် မြေကြီးကြား ဘောင်ခတ်ခံထားရခြင်းကို မကျေမနပ်ဖြစ်နေသော ကျီးကန်းအချို့သာ လေထဲမှာ တိုးလိုးတန်းလန်းဖြတ်ပြေးရင်း ဟအာအာ အော်သွားကြသည်။

"မြူ . . . နင့်ကို ကိုနေခ စိုက်ကြည့်နေတယ်၊ ဟိုဘက်ကို မသိမသာကြည့်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ခေမာက မသိမသာကြည့်ဖို့ပြောသော်လည်း မြူကတော့ ဆတ်ခနဲနေအောင်ပင် သိသိသာသာ လှည့်ကြည့်ပစ်လိုက်သည်။ ထို့နောက် မျက်စောင်းကိုပါ တစ်ပါတည်း အကျအနထိုးပြီးမှ ပြန် လှည့်လိုက်သည်။ မြူ့အပြုအမူကိုကြည့်ကာ ခေမာက . . .

"မြူ . . . နင်ကျောချမ်းသလို မခံစားရဘူးလား"

"ဘာဖြစ်လို့လဲ"

"ကိုနေခက လက်ရဲဖက်ရဲပဲ။ ရန်ပွဲတိုင်းလိုလို သူပါတ သွေးရူးလှယ်တဲ့သူတို့လိုလူမျိုးတွေနဲ့ ပြဿနာမဖြစ်တာ အကော ဆုံး မဟုတ်လား"

"ဟုတ်တယ် မြူ။ နင့်ကို သူက ဘာလို့လာစိုက်ကြည့် တာလဲ မသိဘူး။ နင် မကြောက်ဘူးလား"

မြူ နေခရှိရာသို့ ခေါင်းကို မသိမသာလှည့်ကာ မျက်စ ကြည့်လိုက်သည်။ မြူတို့က ကော်ရီတာရှိ အုတ်ခုံလေးတွင် ထိုင် နေကြတာ ဖြစ်သည်။ သူမတို့နှင့် မလှမ်းမကမ်း တိုင်တစ်လုံး





မှီကာ နေခက မြူ့ကို ငေးစိုက်ကြည့်နေသည်။ နာမည်ကြီး brand တွေကိုမှ နောက်ဆုံးပေါ်ဒီဇိုင်းတွေရွေးပြီး ဖက်ရှင်ကျကျ ဝတ်တတ် သော နေခပုံစံက အပေါ်ယံကို လျှပ်ပြီးကြည့်လျှင် ဘယ်လိုမှ ဗီလိန်မဆန်သော်လည်း ခေမာတို့ ပြောသလိုဆိုတော့လည်း မြူ့ ရင်ထဲ ထိတ်မိသားပင်။ ဖြစ်ခဲ့တဲ့ကိစ္စတွေမှာ မြူ အလွန်မရှိဘူး ဆိုတာ သိပ်သေချာပေမယ့် နောက်ဆုံးတစ်ခေါက်တွေ့တုန်းက အခြေအတင်ပြောတဲ့စကားတွေကိုပဲ မကျေနပ်လို့လား။ တဒင် အတွင်း မြူ့ အတွေးတွေနဲ့ ရှုပ်ယှက်ခတ်သွားသည်။ တကယ်တမ်း မကျေနပ်ချင်း မကျေနပ်ရင် မြူက မကျေနပ်ရမှာ။ သူက မကျေနပ် စရာလား။ ဒါတော့ နည်းနည်း တရားလွန်သည်။ တရေးရေးတွေး ကာ တစေ့စေ့ ရုပ်လုံးဖော်နေရင်း မြူ့ မျက်နှာလည်း တစ်စစနှင့် ရှုပ်ပုတ်ပုတ်ဖြစ်လာသည်။

"ငါတို့ တခြားနေရာပြောင်းရအောင်။ အခုချိန်မှာ တွေ့ မရှောင်လုပ်နေလို့ အကျိုးမထူးဘူး။ ကွေ့ရှောင်လိုက်တာက



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးပဲ"

ခတ္တာ၏လော်ဆော်ချက်ကိုထောက်ခံကာမြူတို့ကင်တီးသို့ ထွက်လာခဲ့သည်။ ကင်တီးက ရိုးရာမပျက် စည်ကားနေသည်။ ကံကောင်းစွာ မြူတို့ မလာခင်လေးကမှ တစ်ဝိုင်းထသွားသည့်အတွက် ဝိုင်းမပေါင်းရဘဲ မြူတို့ သီးသန့်ထိုင်လို့ရသွားသည်။

စားပွဲထိုးလေးကို အအေးသုံးပုလင်းမှာလိုက်သည်။

မြူတို့ကို ကျောပေးကာ ကင်တီးမှ ထွက်သွားသောအောင်ထက်ကို တွေ့လိုက်တာမို့ ဘာရယ်မဟုတ် မြူ့စိတ်ထဲ အောင်ထက်ကို အားနာသွားမိသည်။ ကင်တီးမှာ ဝက်ရူးပြန်သွားခြင်းက အောင်ထက်၏အရှက်ကို အကြီးအကျယ် ရိုက်ခွဲလိုက်သလို ဖြစ်သွားသည်။ နောက်ပိုင်း အောင်ထက်က မြူ့ကို တွေ့လျှင် ကြည့်မို့နေနေသာသာ ရှောင်ထွက်သွားတာက များသည်။

"ဟယ် . . . ကိုနေခ လိုက်လာတယ် မြူ"

ခမော့အသံကြောင့် မြူ ကြည့်လိုက်တော့ ကင်တီးထဲ





ဝင်လာသော နေခကို တွေ့ရသည်။

အီကိုမြေ၏ စိတ်ဝင်တစား စောင့်ကြည့်ခံလူတန်းစားထဲတွင် နေခလည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ တစေ့တစောင်း မျက်လုံးများက နေခဆီရောက်သွားကြသည်။

"သူ့ဘာသာလာတာဖြစ်မှာပါ။ လိုက်လာတာ မဟုတ်လောက်ပါဘူး"

ပြောပြီး နေခဆီမှအကြည့်လွှဲကာ စားပွဲထိုး လာချသောအအေးပုလင်းကို ယူကာ မြူ ပိုက်ဖြင့်စုပ်သောက်လိုက်သည်။

"မြူ . . . နင့်ကိုကြည့်ပြီး ငါတို့ဝိုင်းဆီ တည့်တည့်ကိုလာနေတာဟဲ့"

ခတ္တာ၏ ခပ်လောလောအသံထဲ တစ်ခုခု ပျော်ဝင်နေသလို မြူ ထိတ်ခနဲဖြစ်သွားကာ နေခကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

နေခက တကယ်ကြီးကို သူမတို့ဝိုင်းကိုလာနေတာပင်။



www.burmeseclassic.com

www.burmeseclassic.com



မြူ၏ ရှေ့တည့်တည့်တွင် ရပ်လိုက်သော နေခကို မြူ စိုးထိတ်မှုတစ်မျိုးဖြင့် မော့ကြည့်လိုက်သည်။ နေခက ရုတ်တရက် စားပွဲပေါ် လက်နှစ်ဖက် ထောက်ကာ မြူကို ငုံ့ကိုင်းကြည့်ပါသည်။ ထို့နောက် . . .

"မိုးနှင်းမြူမြူ . . . မင်းကို ငါချစ်တယ်"

ကင်တီးထဲမှ စကားသံများ တိတ်ဆိတ်သွားသလို မြူ မျက်လုံးများလည်း ပြူးကျယ်ဝိုင်းစက်သွားသည်။ မြူ့နားက အကြား များ မှားသွားလေသလား။ နေခက တစ်ချက်ပြုံးလိုက်ကာ . . .

"တကယ်ပြောနေတာ။ မင်းရဲ့ အစုလို အုံ့ညြနေတဲ့ပုံက အရမ်းချစ်ဖို့ကောင်းတယ်။ မင်း စဉ်းစားပြီး ငါ့ကို အဖြေပြန်ပေး။ အချိန်သိပ်မဆွဲနဲ့နော်"

ပြောပြီးတာနှင့် နေခက ကင်တီးထဲမှ ပြန်ထွက်သွားလေ သည်။ လူသိရှင်ကြား ရည်းစားစကား အပြောခံလိုက်ရသော မြူ တစ်ယောက်သာ ကြောင်ငေးကျန်ရစ်ခဲ့သည်။





ကျောင်းကြီး ဘယ်လောက်ကျယ်ကျယ် လူတွေ၏ ပါးစပ်ပေါက် အကျယ်အဝန်းကို မမီလေသောအခါ ဒီကိစ္စက ချက်ချင်းပင် လူတိုင်းသွားကြားညှပ်ပြီးသား သတင်းတစ်ပုဒ် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားနေ . . . ငါ ရှေ့အပတ်ထဲ မျိုးဇော်ဆီ သွားပေးဦး မလား"

ပြန်ဖြေသံထွက်မလာတာမို့ ကားမောင်းနေရင်း ဂျက် သားနေကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဂျက် မျက်မှောင် ကြုတ်သွားသည်။ နေခမျက်နှာက ပြုံးမြမြဖြစ်နေလျက် သူ ပြောတာ ကိုလည်း ဘေးချင်းယှဉ်ထိုင်နေလျက် လုံးဝ ကြားပုံမရချေ။

"သားနေ . . . သားနေ"

ခပ်ဆတ်ဆတ် ဆင့်ခေါ်လိုက်မှ နေခက ဂျက်ကို လှည့် ကြည့်သည်။

"မင်းထူးနေတယ်နော်၊ ရည်းစားရနေပြီလား"

"ဗျာ"

"မင်း ရည်းစားနာမည် ဘယ်လိုခေါ်လဲ"





ဂျက် ခပ်မိန့်မိန့်ပြုံးရင်း မေးလိုက်သည်၊

"ခင်ဗျား ဘယ်လိုသိတာလဲ"

ဂျက် ဘာမှပြန်မပြော ပြုံးရုံပြုံးနေလိုက်သည်။ နေခဆို တာ ဂျက် လက်ပေါ်မှာ ကြီးလာတဲ့ကလေးပင်။ အသက်ချင်းက နှစ်ဆတစ်ဆကွာနေလျက် နေခက ငယ်ကတည်းက နှုတ်ကျိုးခဲ့ သည့်အတိုင်း သူ့ကို ဂျက်လို့သာခေါ်ပြီး ခင်ဗျား၊ ကျွန်တော်နဲ့ ပြောတာက အခြားလူတွေအမြင်မှာ အံ့နည်းငယ် ရိုင်းနေသလို ဖြစ်နေပေမယ့် ဒါကကို နေခနှင့်သူ့ကြားထဲက ရင်းနှီးမှုပဲ မဟုတ် လား။ နေခ ဘယ်အကွက်နင်းလျှင် ဘယ်ခြေလှမ်းဆိုတာ ဂျက် သိနင့်နေပြီသား။

"မိုးနှင်းမြူမြူဆိုတဲ့ကောင်မလေးမှ ဟုတ်ရဲ့လား"

"ဟာ . . . ဂျက် . . . ခင်ဗျား အားလုံးသိတယ်"

"အံ့ဩမနေနဲ့။ မင်းတို့အခြေအနေသာ ပြောပြစမ်းပါ"

"ကျွန်တော် ဒီနေ့ သူ့ကို ရည်းစားစကားပြောခဲ့တာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကင်တီးမှာ ပြောခဲ့တာ"

"ဟာ . . . လူတွေအများကြီးရှေ့မှာပေါ့"

"ဟုတ်တယ်။ တမင်ကို ကင်တီးမှာ ရွေးပြောခဲ့တာ"

ဂျက်က ကားအရှိန်ကို ခပ်မှန်မှန်လျှော့မောင်းကာ နေခ စကားကို စိတ်ဝင်တစားနားထောင်သည်။

"ကျွန်တော် သူ့ကိုချစ်မိသွားပြီလို့ သိလိုက်ရတဲ့အချိန်မှာ ကျွန်တော့်စိတ်ထဲ လောဘတစ်ခုကပါ ကပ်ပါလာတယ်ဗျ။ သူက ကျွန်တော့်အတွက်ပဲ ဖြစ်ရမယ်ဆိုတာပဲ။ ဘယ်သူ့လက်ထဲကိုမှ အရောက်မခံနိုင်ဘူး။ ဒါကြောင့် ကင်တီးမှာ ရည်းစားစကား ပြောပြီးတော့ နေခရဲ့ပစ္စည်းဆိုတာ လူတိုင်းသိအောင် တံဆိပ်ကပ်ပေးလိုက်တာ"

သူ့အကြံကို သူ ကျေနပ်နေဟန်က နေခမျက်နှာတွင် အထင်းသားပေါ်နေသည်။

"ဒါဆို မင်းက ရည်းစားစကားကို ဈေးကွက်ဆန်ဆန်





ပြောခဲ့တာပဲ သားနေရ။ ဒါပေမယ့် မိုးနှင်းမြူမြူက ကုန်ပစ္စည်း မဟုတ်ဘူးနော်။ မင်း ဦးထားရုံနဲ့ စိတ်ချရပြီမလား။ အဓိကက သူ မင်းကို ပြန်ချစ်ဖို့ပဲ။ မိုးနှင်းမြူမြူက ပြန်မချစ်နိုင်ဘူးဆိုရင် မင်း ဘာမှ မတတ်နိုင်ဘူး။ မင်းပစ္စည်းဆိုပြီး သူများတွေကို ရိုက်ထုတ်လို့မှ မရနိုင်တာ။ မင်း လက်ပိုက်ပြီးထိုင်ကြည့်နေရမှာပဲ"

"လက်ပိုက်ပြီးထိုင်ကြည့်နေရမယ်။ ဟာ . . . ဂျက် . . . ခင်ဗျား တော်တော်ရယ်ရတာပဲ။ ဒီစကားမျိုးက နေခနဲ့တန်လို့လား"

ပြောပြီး နေခ ပြတင်းဘေးမှ တရိပ်ရိပ်ကျန်ခဲ့သော မြင်ကွင်းများဆီ အကြည့်ပို့လိုက်သည်။ ဒီစကားလေးတစ်ခွန်း ကြားရတာကိုပင် သူ့ဝဲဘက်ရင်အုံတစ်ခုလုံး ဆုတ်ချေခံလိုက်ရသလိုပင်။ အောင်စာရင်းမျှော်နေသည့် ကျောင်းသား၏ စိုးထိတ်မှုပုံစံက သူ ရင်ဘတ်ထဲ ဖျတ်ခနဲ စုန်ဝင်လာသည်။ ပြေးမှ မောတာမဟုတ်။ တွေးရ မောလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေလယ်ပန်းချီက အရောင်ရင့်ရင့် စုတ်ချက်ပြင်းပြင်း ဆွဲ၍ လောကကြီးကို အလှဆင်ထားသည်။ အရိပ်ကောင်းသော ကုက္ကိုပင်အောက်က အုတ်ခုံတစ်ခုတွင် မြူတို့ သုံးယောက် ထိုင်ဖြစ်ကြသည်။

"မြူ . . . နင် ကိုနေခကို ဘယ်လိုအဖြေမျိုး ပြန်ပေးမှာလဲ"

ခေမာနှင့်ခတ္တာ၏မျက်လုံးများ၌ သိချင်စိတ်၏အရိပ်က တလက်လက်ဖြာနေသည်။

"ငါ သူ့ကို ငြင်းဖို့ ဆုံးဖြတ်ထားတယ်"

မြူ ခပ်အေးအေးပဲ ပြောလိုက်သည်။

အပင်ထက်မှ ကြွေဆင်းကျလာသော ကုက္ကိုရွက်ဖတ်လေးတွေက တလွင့်လွင့်နှင့် လေဟုန်ခိုစီးနေကြသည်။





"ဘာဖြစ်လို့လဲ မြူရဲ့။ ကိုနေခရဲ့ စတိုင်က ရေလည်လန်းတာနော်။ သူက မိန်းကလေး ဆယ်ယောက်မှာ ကိုးယောက် မငြင်းနိုင်တဲ့လူမျိုးလို့ ပြောလို့ရတယ်ဟ"

မြူ၏နှုတ်ခမ်းမှ နိုင်ခန့်အားပါသော အပြုံးတစ်ခု ဖူးပွင့်လာသည်။

"ငါ့ကိုယ်ငါ ပေးထားတဲ့ကတိတစ်ခု ရှိတယ်ဟ။ အဲဒါက အချစ်က သတ်မှတ်တဲ့ ရင်ခုန်နှုန်းမျိုး မဖြစ်လာတဲ့ လူတစ်ယောက်ကို ဘယ်တော့မှ ချစ်သူမတော်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ပဲ"

"အချစ်က သတ်မှတ်တဲ့ရင်ခုန်နှုန်း။ ဟာ . . . မြူ နင့်ဒိုင်က အမိုက်စားပဲ"

ခေမာက ပေါ့ပေါ့ပါးပါးပြောလိုက်ပေမယ့် ခတ္တာကတော့ လေးနက်နေဟန်ဖြင့် မြူ့ကို ကြည့်ကာ . . .

"နင် ကိုနေခနဲ့ ပတ်သက်ပြီး ဘာမှကိုမခံစားရဘူးလား။ ကင်တီးထဲက လူတွေအများကြီးရှေ့မှာ နင့်ကို ရည်းစားစကား ပြော



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ၊ အရမ်း Romatic ဆန်တာပဲ"

"Romatic ဆန်တယ်၊ နင်တို့ဘေးကနေကြည့်ပြီး အဲလို ခံစားခဲ့ရတာလား။ ငါကတော့လေ လူတွေအများကြီးရှေ့မှာ အပြော ခံလိုက်ရတော့ ပုထုမှိုင်းပြာသွားတာပဲ၊ သူနဲ့ကြုံတဲ့ကိစ္စတွေတိုင်းမှာ ခံစားချက်တစ်မျိုးကိုတော့ ငါ အမြဲခံစားရတယ်၊ ဟ . . . အဲဒါကို ဘယ်လိုပြောပြရမလဲ"

မြူက ခပ်ဝေးဝေးမှ မှိုင်းပျပျအရာတစ်ခုကို ပုံဖော်နေသူ တစ်ယောက်လို တွေးတွေးဆဆနှင့် ပြောသည်။

"ဩော် . . . သိပြီ၊ ဒီလိုဟာ လူတစ်ကိုယ်လုံးကို ရုတ်တ ရက်ကြီး တစ်စုစုနဲ့ ထွဲအုပ်ချခံလိုက်ရတဲ့အခါ ဘယ်လိုခံစားရလဲ အဲဒီလိုခံစားချက်မျိုးကို ပြောတာ၊ အံ့ဩထိတ်လန့်ပြီး ရုတ်တရက် ဘာလုပ်ရမလဲမသိ ဖြစ်သွားတဲ့ ခံစားချက်မျိုးလေ၊ ကားနဲ့တိုက်မိ မလိုဖြစ်တုန်းက၊ နဖူးချင်းတိုက်မိတုန်းက၊ မြွေကိုရတုန်းက ပြီးတော့ ရည်းစားစကားအပြောခံရတုန်းက၊ အားလုံးက ခံစားချက်





ပုံစံတူတူပဲဟ။ ဘယ်လိုပဲစဉ်းစားစဉ်းစား သေချာတာတစ်ခုက ငါ ရင်မခုန်ဘူး။ ကိုနေခက ငါ့ရဲ့ရင်ခုန်ဖက် မဟုတ်တာ ကျိန်းသေ တယ်"

မြူ၏မျက်နှာက အဆင့်မကျော်ဘဲ တွက်၍ထွက်လာ သော ပုစ္ဆာ၏အဖြေကို စိတ်ချသူတို့၏ ယုံကြည်မှုမျိုးဖြင့် တောက်ပ နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကင်တီးထဲဝင်လာသော မြူ့ကို ခေမာတို့က သိချင်စိတ်အပြည့်နှင့် စောင့်ကြိုသည်။

"ငါ မချစ်နိုင်ဘူးလို့ အပြတ်ငြင်းလိုက်ပြီး"

ပြောပြီး မြူ ရေသန့်ဘူးထဲမှ ရေကို ဖန်ခွက်ထဲ လောင်းထည့်လိုက်သည်။

"ကိုနေခ ဘယ်လိုဖြစ်သွားလဲ မြူ။ အေးဆေးပဲလား"

ခေမာ့အမေးကြောင့် မြူ့ အာရုံထဲ နေခ၏ပုံရိပ်အချို့ ဖျတ်ခနဲ ရောက်လာသည်။

စိန်ပန်းပင်ကြီးအောက်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော နေခကို တွေ့ရသည်။ သက်ပြင်းမှူ်းမှူ်းချမိရင်း ပွင့်ဖတ်များဖြင့် မြေပြင်တစ်ခုလုံး စွေးစွေးနီနေသည့် စိန်ပန်းပင်အောက်သို့ မြူ ဝင်လိုက်သည်။ မြူ့ခြေသံကြောင့်ထင် နေခက လှည့်ကြည့်ပါ





သည်။

ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတာကို ကြည့်ပြီး စိတ်လှုပ်ရှားနေတယ်လို့ ထင်ရသော ကိုနေခသည် လှည့်ကြည့်ချိန်မှာတော့ မြူ အထင်မှားကြောင်း သိလိုက်ရသည်။ သူက မြူ့ကို ခပ်အေးအေးပြုံးပြပါသည်။

"ဪ . . . မင်း ရောက်လာပြီလား"

"အင်း"

စကားမဆက်သော နေခကြောင့် ငြင်းတဲ့စကားကို အခု ပြောလိုက်ရမလား၊ ဒါမှမဟုတ် နေခ မေးတဲ့အထိစောင့်နေရလား။ ရုတ်တရက် ဝေခွဲမရစွာ မြူတို့နှစ်ယောက်ကြား တိတ်ဆိတ်မှုတစ်ခု ကြီးစိုးလာသည်။

နေခဆီမှ လည်ချောင်းရှင်းသံ ထွက်လာပြီး မြူ့ဆီမှ အကြည့်လွှဲသွားသည်။ မြူ သက်ပြင်းရှိုက်သွင်းလိုက်မိစဉ် နေခက မြူ့ကို ပြန်ကြည့်လာကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . မင်း အဖြေပေးမှာ မဟုတ်လား၊ ပေးလေ"

မြူ မဆိုင်းမတွပင် ပြောလိုက်သည်။

"ကိုနေခအချစ်ကို လက်မခံနိုင်တဲ့အကြောင်း ပြောချင်လို့ပါ"

"ဘယ်လို . . . မင်း ဘာပြောလိုက်တယ်"

မယုံကြည်နိုင်ဟန်ကြည့်လိုက်သော ကိုနေခ၏မျက်လုံးများကြောင့် ဒီအဖြေမျိုး သူ မမျှော်လင့်ထားဘူးဆိုတာ မြူ သိလိုက်သည်။ တရိပ်ရိပ်နီရဲလာသော ကိုနေခမျက်နှာဆီမှ အကြည့်လွှဲကာ . . .

"ကျွန်မကို သွားခွင့်ပြုပါ"

ပြောပြီး မြူ လှည့်ထွက်လာခဲ့သည်။ နောက်ကို ပြန်လှည့်မကြည့်တာမို့ နေခ ဘယ်လိုဖြစ်ကျန်ခဲ့လဲ မြူ မသိ။ ဝန်ထုပ်ဝန်ပိုးတစ်ခု ပြုတ်ကျသွားသလို မြူ ခြေလှမ်းများ ပေါ့ပါးနေခဲ့သည်။

"မြူ ဘာတွေတွေးနေတာလဲ၊ ငါ မေးတာဖြေဦးလေ"





မေမော့အသံကြောင့် မြူ အတွေးဆီမှ နိုးထလာကာ . . .

"ငါ ပြောင်းပြီးတာနဲ့ လှည့်ထွက်လာခဲ့တာ၊ သူ ဘာဖြစ်ကျန်ခဲ့လဲ ငါ မသိဘူး။ သူကြည့်ရတာ ငါ ငြင်းမယ်လို့ လုံးဝမထင်ထားပုံပဲ"

"နင့်ရှေ့မှာ ပေါက်ပေါက်ကွဲကွဲ ဘာတစ်ခုမှ မလုပ်ဘူးလား။ ကိုနေခက အရမ်းသွေးဆူလွယ်တဲ့လူမျိုးနော်"

"ငါ့ရှေ့မှာ ဘာမှမလုပ်ပါဘူး"

မေမာနှင့် ခင္တာက မြူကို ကြည့်ကာ သက်ပြင်းကို တစ်ယောက်တစ်ခုချပါသည်။ မြူ မျက်ခုံးပင့်သွားမိကာ . . .

"နင်တို့က ဘာဖြစ်နေကြတာလဲ"

မေမာနှင့် ခင္တာက ခေါင်းကို ညီညီညာညာခါယမ်းပြန်ပါသည်။ သူတို့ကိုကြည့်ကာ ဘာကြောင့်ရယ်မသိ မြူ ရေတစ်ဖန်ခွက်လုံးကုန်အောင် မော့သောက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

မြူ အတန်းတက်၍ ကော်ရီတာအတိုင်း လျှောက်လာခဲ့စဉ် ထောင့်ချိုးအကွယ်မှ ဖျတ်ခနဲထွက်လာ မြူ့ရှေ့ပိတ်ရပ်လိုက်သော ကျောင်းသားကြောင့် မြူ တုံ့ခနဲ ရပ်သွားမိသည်။ မြူ နားမလည်ဟန်ဖြင့် ကြည့်လိုက်စဉ် အမောင်ကျောင်းသားက . . .

"မြူ . . . ကျွန် . . . ကျွန် . . . ကျွန် . . . တော်နာ . . . နာ . . . နာ . . . မည်က . . . လူ . . . လူ . . . လူ . . . ဇော်ပါ ကျွန် . . . တော် . . . တော် . . . မြူကို . . . ခင် . . . ခင် . . .





ချင်လို့ . . . မိတ် . . . မိတ် . . . မိတ်လိုက်တာပါ"

"ဘာ . . . ဘာ . . . ဘာ . . . အာ . . . ဒုက္ခပါပဲ။ ရှင် ဘာတွေပြောနေတာလဲ"

"မှား . . . မှား . . . မှား"

"တော်ပြီ . . . တော်ပြီ။ ရှင် ကျွန်မကို မိတ်ဆက်ချင်တာ မဟုတ်လား"

"ခင် . . . ခင် . . . ခင်"

"သိပြီ . . . သိပြီ။ ကျွန်မကို ခင်ချင်လို့"

"ဟုတ် . . . ဟုတ် . . . ဟုတ် . . . ဟုတ်ပါတယ်"

စကားတစ်ခွန်းဆုံးဖို့အရေးက တောင်တစ်တောင်ကျော်နေရသလိုပါလား။ သူ့စကားနှင့်အပြိုင် မြူ၏ သက်မလည်း တစ်ဆင့်ပြီးတစ်ဆင့် တက်သွားကာ စကားဆုံးမှ သက်မလျှော့ခနဲ ကျသည်။

"စိတ်မရှိပါနဲ့နော်။ ဗေဒင်ဆရာကပြောထားလို့ပါ။ ဒီရက်



www.burmeseclassic.com

www.burmeseclassic.com



ဗိုင်းအတွင်း မိတ်ဆွေဖွဲ့တဲ့လူရှိရင် လုံးဝလက်မခံပါနဲ့တဲ့။ သေကိန်းရှိတယ်တဲ့။ ဒါကြောင့် ကျွန်မ ငြင်းပါရစေ"

"ဟ . . . ဟ . . . ဟာ . . . မြို့ . . ."

မြို့စိတ်ထဲ၌ ခြောက် . . . ဒုက္ခပါပဲ။ အာဓမင်္ဂိတ်သံကိုတောင် ဒီလောက်အကြာကြီးပြောနေရင် တကယ်လို့များ မြို့ဆက်မတွေး။ နားထောင်ရင်း မောလာ၍ဖြစ်သည်။ စကားသံမဆုံးခင် မြို့ ဖြတ်၍ပြောလိုက်သည်။

"ဟိုလေ . . . ကျွန်မ အတန်းရှိသေးလို့။ သွားခွင့်ပြုပါနော်"

ပြောပြီး လှမဖော်ကို ကွင်းရှောင်ကာ မြို့ အတန်းရှိရာ ဦးတည်လိုက်သည်။

"ဇဗ . . . ဇဗ . . . ဇဗ . . . ဒင်"

နောက်မှအသံက ကပ်ပါလာသော်လည်း မြို့ လှည့်မကြည့်မိတော့။ အသံသာကပ်ပါလာပြီး လူလိုက်မလာသည့်အတွက်





မြို့ လှမဖော်ဆိုသည့်ပုဂ္ဂိုလ်ကို ကျေးဇူးအထူးတင်လိုက်ပါသည်။

တကယ်တော့ မြို့ ကျေးဇူးတင်သင့်သည့်သူက လှမဖော် မဟုတ်ကြောင်း မြို့ မသိလိုက်ပေ။

ဇဗ - ဇဗ - ဇဗ ဟု အော်ပြီး မြို့နောက်လိုက်ရန် ခြေတစ်လှမ်းတိုးလိုက်သော လှမဖော်သည် အင်္ကျီကုပ်ကိုဆွဲပြီး ထောင့်ချိုးကွေ့ထဲ ဆွဲသွင်းခံလိုက်ရတာကြောင့် ယက်ကန် ယက်ကန်နှင့် ပါသွားသည်။

လှမဖော် ဒေါ်သတကြီးဖြင့် သူ့အားဆွဲသွားသူကို ကြည့်လိုက်သည်။

"မင်း . . . မင်း . . . မင်း . . . နေ . . . ခ"

"ဟုတ်တယ်။ ငါ နေခပဲ"

နေခက လှမဖော်ကို အေးစက်စက်စိုက်ကြည့်ကာ ပြန်ပြောသည်။

"မင်း . . . မင်း . . . မင်း . . . ဘာ . . . ဘာ . . . ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့။ မင်း ဘာမှမပြောနဲ့။ ငါပြောမယ်။ မိုးနှင်းမြူမြူက ငါ့ကောင်မလေး။ မင်း သူ့နား လုံးဝထပ်ကပ်ဖို့ မကြိုးစားနဲ့။ နေ့ခအကြောင်း မင်း သိတယ်နော်။ နေခလက်သီးက မျက်နှာမရွေးဘူး။ မင်း မကျေနပ်ရင် ကြိုက်တဲ့နေရာကို ချိန်းလိုက် လို့ရတယ်။ သဘောပေါက်တယ်နော်"

"ပေါက် . . . ပေါက် . . . ပေါက် . . . ပေါက်ပါတယ်"

ကြောက်ကြောက်ရွံ့ရွံ့နှင့် စကားထစ်နေသော လူဖော် မျက်နှာအား နေခက စိုက်ကြည့်ကာ နှုတ်ခမ်းတစ်ဖက် တွန့်၍ ခပ် ထေ့ထေ့ပြုံးပါသည်။ ထို့နောက် လူဖော်၏ပခုံးကို တစ်ချက် နှစ်ချက် ပုတ်ပြီး လှည့်ထွက်သွားသည်။ လူဖော်တစ်ယောက် မျက်လုံး အဝိုင်းသားနှင့် ကျန်ရစ်ခဲ့သည်။ သူ့လက်သီးကို သူ့ဘာသာကြည့် သည်။ ထို့နောက် ခေါင်းကို ခပ်လေးလေးခါယမ်းကာ ငိုက်စိုက် ငိုက်စိုက်နှင့် ထွက်သွားတော့သည်။

♥♥•♥♦•::•♦♥♦•♥♥





"မနက်ဖြန် tutorial က မနက်ပိုင်းပဲနော်"

"အင်း"

မြူတို့သုံးယောက် စာသင်ဆောင်၏အစွန်ဆုံးထောင့်ချိုး သို့ လာခဲ့သည်။ အဲဒီဘက်ခြမ်းက စာမသင်ဘဲ အခန်းလွတ်ဖြစ်နေ သော အခန်းလည်း အများအပြားရှိကာ လူရှင်းသည်။ သုံးယောက် အတူ စာကျက်ရန်ဟူသော ရည်ရွယ်ချက်နှင့်ဖြစ်သည်။ မြူ့စိတ်ထဲ အခုတလောဖေါ်ပေါ်နေသည့် မိုးသိုးဖပ်သပ်ခံစားချက်ကြောင့် . . .

"နင်တို့စိတ်ထဲမှာ တစ်ခုခုမခံစားရဘူးလား"

"ဘာကိုလဲ"

"တစ်ယောက်ယောက်က ငါတို့ကို ကြည့်နေတဲ့ ခံစား ချက်မျိုး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ခမောနှင့် ခတ္တာ၏ပြိုင်တူအော်လိုက်သံက အနည်းငယ် ကျယ်လောင်သွားသည်။ ခတ္တာက ဘေးဝဲယာမှ အခန်းလွတ်တွေကို ကယောင်ချောက်ချားမျက်လုံးဝေ့ကြည့်သည်။

ခမောကလည်း ကျောဖျားမှခြေဖနောင့်အဆုံး ကြွက်သား တွေအားလုံး ကျုံ့သွားသလို တောင့်တောင့်ကြီး ဖြစ်သွားလျက် နောက်ကို လှည့်ကြည့်သည်။

"သ . . . သရဲလား"

"မဟုတ်ပါဘူး။ နင်တို့ကလည်း . . . ဟင်း . . . ဟင်း"

မြူ ရယ်တာကိုကြည့်ပြီး ခမောနှင့် ခတ္တာက မျက်စောင်း ရွယ်သည်။

"မြူနော် . . . နင် စရာမရှိ ကြံဖန်လိုက်စနေတယ်"

"ငါစတာမဟုတ်ဘူးဟ။ တကယ်ပြောနေတာ။ အခ တလော အဲဒီလိုမျိုး ခဏ ခဏ ခံစားရတယ်။ ငါ လိုက်ကြည့်တော့ လည်း ငါ့ကို တစ်ခုတ်တရကြည့်နေတဲ့ လူ ဘယ်သူမှ မရှိဘူး"





"နင့်ခံစားချက်ကြီးကလည်း ထူးဆန်းလိုက်တာ"

သုံးယောက်သား စကားမဆက်ဖြစ်ဘဲ တိတ်တိတ်ဆိတ် ဆိတ် လျှောက်လာခဲ့သည်။ ဖုန်းမြည်လာတာမို့ display ကို ကြည့်လိုက်တော့ မြူ မသိသော နံပါတ်တစ်ခုပင်။

"ဟယ်လို"

"မြူလေးလား"

"ရှင်"

"မြူလေးလားလို့"

တစ်ဖက်မှ သူ့မနာမည်ကို အာလုတ်သံကြီးနှင့် ပိုင်စိုး ပိုင်နင်းခေါ်နေပုံကြောင့် . . .

"ရှင် ဘယ်သူလဲ"

"ဩော် . . . မြူလေးရယ် မြူလေးက ကိုယ့်ကို မသိ ပေမယ့် ကိုယ်ကတော့ မြူလေးကို တစ်ချိန်လုံး စောင့်ကြည့်နေခဲ့ တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့်နေခဲ့တယ်"

မြူ့ မျက်ခုံးများပင့်ကာ သံယောင်လိုက်လိုက်မိသလို ခေမာနှင့် ခတ္တာကလည်း မြူ့မျက်နှာကို စိတ်ဝင်တစား ကြည့်လာသည်။ မြူ ဖုန်း speaker ဖွင့်လိုက်သည်။

"ဟုတ်တယ် မြူလေးရဲ့။ ကိုယ့်နာမည်က ဟန်လင်းပါ။ ဒုတိယနှစ်က။ ကိုယ် အခု မြူလေးနဲ့သိပ်မဝေးတဲ့နေရာမှာ ရှိနေတယ်။ မြူလေးနဲ့ မိတ်ဖွဲ့ချင်တယ်။ ကိုယ် အခုလာခဲ့မယ်။ ဒါပဲနော် မြူလေး"

တစ်ဖက်မှ ဖုန်းချသွားသည်။ မြူတို့သုံးယောက် မျက်လုံးချင်း ဆုံကြသည်။ ထို့နောက် အနီးပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်လိုက်ကြသည်။

ဖြတ်သွားဖြတ်လာ တစ်ယောက်စ နှစ်ယောက်စနှင့် အတွဲအချို့ကိုသာ တွေ့လျက် ကိုဟန်လင်းဟု သံသယဖြစ်စရာ လူတစ်ယောက်မှ မတွေ့ရ။ ကိုဟန်လင်းဆိုသူကို သူမတို့ မမြင်ဖူးတာ





ကြောင့်လည်း ဖြစ်နိုင်သည်။

ထိုစဉ် အရပ်ရှည်ရှည် ကလန်ကလားနှင့် လူတစ်ယောက် မြူတို့နှင့် မျက်နှာချင်းဆိုင်မှ လျှောက်လာသည်။ ထိုသူက ပြုံးပြပါသည်။ သို့သော် အလယ်မှလျှောက်နေသည့် မြူကို ပြုံးပြခြင်းတော့ မဟုတ်။ မြူ၏ဘေးတစ်ဖက်တစ်ချက်မှ လျှောက်နေသော ခေမာနှင့်ခတ္တာကို တစ်ပြိုင်နက်ကြည့်ကာ ပြုံးပြနေခြင်း ဖြစ်သည်။

ကိုယ်နှင့်မသိသောလူတစ်ယောက်က ကိုယ့်ကိုကြည့်ကာ ပြုံးပြလိုက်တာမို့ ခေမာနှင့် ခတ္တာမှာ ပြန်ပဲပြုံးပြရမလို၊ တည်ပဲနေရမလား မသေချာစွာ အိုးတိုးအန်းတန်း တိုးလိုးတန်းလန်းနှင့် ပြုံးဖြဲဖြဲလေး ဖြစ်သွားရသည်။ ထိုသူက . . .

"မြူလေး . . . ကိုယ် ဟန်လင်းပါ။ ကိုယ် ဒီလောက်ပြုံးပြနေတာတောင် ဘာလို့မျက်နှာကြီး တည်ထားရတာလဲ မြူလေးရဲ့"

"ရှင် . . . ဩော် . . . ကျွန်မကို ပြုံးပြနေတာလား။ ဆောရီးနော် . . . ကျွန်မကို ပြုံးပြတယ်လို့ မထင်လိုက်လို့ပါ . . .



www.burmeseclassic.com

www.burmeseclassic.com



ဟင်း . . . ဟင်း"

မြူ၏အဆုံးသတ် ရယ်သံက လှမ်းမောညည်းသံလို အဖျား ခတ်ကာ ထွက်ပေါ်လာသည်။ ကိုဟန်လင်း၏ ဘာမဆိုင် ညာမဆိုင် မြူလေး မြူလေးခေါ်ကာ ပိုင်စိုးပိုင်နင်းပြောနေသံက မြူ၏နားကို အတော်လေး ယားစေသည်။ ပို၍ခက်တာက တောင်ဝင်ရိုးစွန်း မြောက်ဝင်ရိုးစွန်း ကပ်နေသည့် ကိုဟန်လင်း၏ မျက်လုံးများသည် မြူကို ဘယ်လိုပဲတည့်တည့်ကြည့်နေကြည့်နေ မြူကို ကြည့်နေ တယ်လို့ ထင်ယောင်ထင်မှား မခံစားရခြင်းပင်။

"ရပါတယ် မြူလေးရဲ့။ ကိုယ်က တော်ရုံတန်ရုံဆို ဒေါမဲ တတ်ပါဘူး။ ကဲ . . . ကိုယ်တို့ မိတ်ဆွေဖြစ်ခြင်းအဝိမ်း . . ."

ကိုဟန်လင်စကားမဆုံးမီ မြူ ကမန်းကတန်းဖြတ်၍ ပြော လိုက်သည်။

"စကာနေပါဦး ကိုဟန်လင်း။ စိတ်မရှိနဲ့နော်။ ဗေဒင်ဆရာ က ပြောထားလို့။ ဒီရက်ပိုင်းအတွင်း မိတ်ဆွေဖွဲ့တဲ့လူရှိရင် လက်





ပါနဲ့တဲ့။ သေကိန်းရှိတယ်တဲ့။ ဒါကြောင့် ကျွန်မ ငြင်းပါရစေ"

"ဟာ . . . မြူလေး ဘာမှစိတ်မပူနဲ့။ ကိုယ့်ဘကြီးက ဗေဒင်ဆရာ၊ ယတြာမှာ အရမ်းနာမည်ကြီးတာ။ ဘကြီးကို ယတြာ စီရင်ခိုင်းလိုက်မယ်။ ပြီးမှ . . ."

- ဆုံးဖြတ်ချက် အတော်လေးခိုင်မာပုံရသော ကိုဟန်လင်း ကြောင့် စကားမဆုံးမီ မြူ ကတိုက်ကရိုက် ဖြတ်၍ ပြောရမြန်သည်။

"မဖြစ်ဘူး . . . ကိုဟန်လင်းရဲ့။ ဒီဟောကိန်းက ဘယ် ယတြာနဲ့မှ ချေလို့မရနိုင်ဘူးတဲ့။ ဒါကြောင့်ပါ"

"ဟင် . . . အဲဒီလိုဟောကိန်းမျိုးရှိလို့လား။ ကိုယ့်ဘကြီး ပြောတာတော့ ဟောကိန်းနဲ့ ယတြာဆိုတာ ငပိနဲ့တို့စရာလိုပဲ။ အတွဲ လိုက်ကပ်ပါပြီးသားတဲ့။ ဘယ်ဗေဒင်ဆရာမှ ငပိချည်းပဲ ထမင်းနဲ့ နယ်မစားဘူးတဲ့။ တို့စရာမြိုင်မြိုင်ဆိုင်ဆိုင်လေးနဲ့ပဲ စားတာတဲ့။ မြူလေး ဘာမှစိတ်မပူနဲ့။ ကိုယ် ယတြာရအောင်ရှာပေးမယ်"

မြူ ခေမာနှင့် ခဏ္ဍာကို စစ်ကူတောင်းသည့်အကြည့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မေးဆတ်ပြတော့ ခေမာတို့ကလည်း ကြံရာမရပုံဖြင့် မြူကို ပခုံးတွန့်ပြသည်။ မြူ စိတ်အိုက်စွာ ကိုဟန်လင်းကိုကြည့်ပြီး . . .

"ကိုဟန်လင်းရဲ့ ငပိ တို့စရာကိစ္စတော့ ကျွန်မ မသိဘူး။ ဒါပေမယ့် ကျွန်မဟောကိန်းမှာတော့ ယတြာမရှိတာ ကျိန်းသေတယ်။ အဲဒီလိုဟောကိန်းမျိုးကို ရင်တွင်းဖြစ်ဟောကိန်းလို့ ခေါ်တယ်။ ကိုဟန်လင်းရဲ့ ဘယ်လိုယတြာမျိုးနဲ့မှ ချေလို့မရဘူး။ အခုလို ကိုဟန်လင်းနဲ့ စကားရပ်ပြောနေတာကြောင့် ကျွန်မ သေကိန်းက တဖြည်းဖြည်း နီးလာတယ်လို့ ခံစားနေရတယ်။ ဒါကြောင့်မို့လို့ ကျွန်မကို ခွင့်ပြုပါဦးနော်"

"ဟာ . . . မြူလေး ခဏနေပါဦး။ ကိုယ် နည်းနည်းပြောပါရစေဦး"

"သေကိန်းကြောင့်ပါ ကိုဟန်လင်းရဲ့ ကျေးဇူးပြုပြီး ကျွန်မနောက်က လိုက်မလာနဲ့နော်။ သေကိန်ကြီး ကျွန်မနောက်က လိုက်လာသလိုဖြစ်မှာစိုးလို့ပါ"





စကားဆုံးလျှင်ဆုံးချင်း မြူ အလျင်အမြန်ထွက်လာခဲ့သလို ခေမာနှင့် ခတ္တာကလည်း မြူနှင့် ထက်ကြပ်မကွာ လိုက်လာသည်။

ကိုဟန်လင်းတစ်ယောက်ကတော့ မြူနောက်ကိုလည်း လိုက်ချင်၊ သေကိန်းကြောင့် လိုက်ရလည်း ခက်နေတာ ခေါင်းကို စုံကုပ်လျက် မျက်နှာရှုံ့မဲ့ကျန်ရစ်ခဲ့သည်။

ကိုဟန်လင်း လိုက်မလာတာကို တွေ့ရမှ မြူလည်း သက်ပြင်းချနိုင်ကာ လောထားသောခြေလှမ်းကို ပုံမှန် ပြန်လျှောက်လိုက်သည်။ ခေမာက . . .

"မြူ . . . နင့်ဟောကိန်းက တကယ်လား"

"ဘယ်ကလား။ ငါ ပါးစပ်ထဲတွေ့ရာ လျှောက်ပြောလိုက်တာ။ တော်သေးတယ်။ ကိုဟန်လင်း ဆက်မလိုက်လာလို့"

"ဘယ်လိုက်လာရဲမလဲဟ။ နင်က သေကိန်းကြီးတကောကာနဲ့ ပြောထားတာကိုး"

ခတ္တာက အတွေးတစ်ခုရသလိုဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"မြူ . . . နင့်ကိုစောင့်ကြည့်နေတဲ့တစ်ယောက်က ကိုဟန်လင်းဖြစ်မယ်ထင်တယ်။ ကိုဟန်လင်းမို့လို့သာ နင့်ကို စောင့်ကြည့်တဲ့လူကို နင် လိုက်ရှာကြည့်တော့ မတွေ့တာပေါ့"

ခတ္တာစကားကြောင့် မြူလည်း ကိုဟန်လင်း၏ ဘယ်လိုကြည့်ကြည့် တည့်တည့်ကြည့်တယ်မထင်ရသော ပါရမီထူးလှသည့် မျက်လုံးများကို မြင်ယောင်သွားမိသည်။ ခေမာကပါ . . .

"ဖြစ်နိုင်တယ်။ ကိုဟန်လင်း ဖုန်းဆက်တုန်းက ပြောတယ်လေ။ နင့်ကို သူ တစ်ချိန်လုံး စောင့်ကြည့်နေခဲ့တယ်လို့"

မြူလည်း ခေမာနှင့်ခတ္တာမျက်နှာကိုကြည့်ကာ ခေါင်းညိတ်အတည်ပြုလိုက်မိတော့သည်။





မြူတို့ ထောင့်ချိုးကွေ့ထဲ ဝင်ရောက်ပျောက်ကွယ်သွားသည့်တိုင် ငေးကြည့်ပြီးမှ ဟန်လင်း လှည့်ထွက်လိုက်စဉ် နီးကပ်စွာ ရပ်နေသော ခန္ဓာကိုယ်တစ်ခုကြောင့် တိုက်မိမတတ်ဖြစ်သွားရာမှ ကမန်းကတန်း နောက်ဆုတ်ကာ ကြည့်လိုက်သည်။

နေခ

နာမည်ကြီးစရာအကြောင်းအချက်များစွာနှင့် နေခကို တစ်ကျောင်းလုံးနီးပါး သိသလို ဟန်လင်းလည်း သိလေသည်။ အေးစက်စက်စိုက်ကြည့်နေသော နေခမျက်လုံးများမှ အန္တရာယ်အငွေ့အသက်များကို သူ တွေ့နေရသည်။

"မင်းနာမည် ဟန်လင်းနော်"

ဟန်လင်းစိတ်ထဲ သတိအနေအထားကို မျက်နှာမှာ မပေါ်အောင် အတတ်နိုင်ဆုံးထိန်းကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ငါ နေခပါ။ မင်းကို အနူးအညွတ်တောင်းဆိုစရာကိစ္စ ရှိလို့"

အနူးအညွတ်ဆိုပါလား။ နေခလို ခေါက်မကျိုးတတ်တဲ့ ကောင်က ဒီလောက်ယဉ်ကျေးနေတယ်ဆိုတော့ ဟန်လင်း တစ်ချက် တွေခနဲဖြစ်သွားပြီးမှ . . .

"မင်း ဘာပြောချင်လို့လဲ"

"ကျေးဇူးပြုပြီး မင်း မိုးနှင်းမြူမြူနား မကပ်ရင် ကောင်း လိမ့်မယ်"

"ဘာ"

"မိုးနှင်းမြူမြူက ငါ့ကောင်မလေး။ မင်း သူ့နားကပ်ဖို့ ကြိုးစားရင် မင်းကို ငါ ခွင့်လွှတ်မှာ မဟုတ်ဘူး"

ခပ်အေးအေးပြောနေသော နေခ စကားကို နားထောင် ရင် စစ်အေးတိုက်ပွဲတလင်းပြင်ပေါ် ခြေချမိသူတစ်ယောက်လို





ဟန်လင်း ခံစားလိုက်ရသည်။ ဒါပေမယ့် ဟန်လင်းမမှုပါ။ ရိုမီယိုတို့ တောင် အချစ်အတွက် အသက်စွန့်ခဲ့သေးတာ၊ မိုးနှင်းမြူမြူ အတွက်ဆိုလျှင် နေခမကလို့ ဘာကောင်ကြီးပဲလာလာ ဟန်လင်း ရင်ဆိုင်ပစ်လိုက်ဖို့ ဆုံးဖြတ်ပြီးသား။

"မြူလေးမှာ ရည်းစားမရှိဘူးဆိုတာ"

ဟန်လင်း၏ မြူလေးဟူသောခေါ်သံက နေခနားထဲ လက်ပစ်ဗုံး ပစ်ထည့်လိုက်သလို ဝုန်းခနဲပေါက်ထွက်သွားကာ ဒေါသအဟုန်ဖြင့် ဟန်လင်း၏ ကော်လံစကို နေခ စုကိုင်ဆွဲဆုပ် ပြီးသား ဖြစ်သွားသည်။

"ဟေ့ကောင် . . . ပါးစပ်ပိတ်ထား။ ဘာမြူလေးလဲ။ မင်း ပါးစပ်က ထပ်ခေါ်ရဲခေါ်ကြည့်၊ ငါ့လက်သီးက စတ္တန့်မရွေးဘူးနော်"

အရပ်ချင်းတူသော်လည်း အမောင်းချင်း မတူသောအခါ နေခပလကို ဘယ်လိုမှ မယှဉ်နိုင်သော ဟန်လင်း အတင်းခြေကန် ရုန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေခ . . . မင်း လွှတ်နော်။ ငါ့ကို အခုချက်ချင်း လွှတ်"

နေခအကြည့်တစ်ချက်သာ ကျည်ဆန်တစ်တောင့်ဆိုလျှင် အခုချိန်မှာ ဟန်လင်း သေနေလောက်ပြီ။ နေခ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ဟန်လင်း၏ ကော်လံစကို ဆောင့်တွန်းဖြေလွှတ်လိုက်သည်။

"အဟွန့် . . . ဟွန့် . . . အဟွန့်"

နေခ ကော်လံစကို စုကိုင်ထားစဉ် လည်ပင်းကိုပါ ဆွဲညှစ်ထားသလို တင်းကျပ်တာမို့ ဟန်လင်း လည်ပင်းကို ကိုင်ကာ တဟွန့်ဟွန့်နှင့် ချောင်းဆိုးသည်။

ခါးထောက်ကာ ရပ်ကြည့်နေသော နေခကို ဟန်လင်း လက်ညှိုးထိုးကာ . . .

"ဒီမှာ နေခ . . . မင်း ငါ့ကို ဒီလိုပုံစံနဲ့ လာတားလို့ မ[ရ] ဘူးကွ။ မိုးနှင်းမြူမြူကို လုံးဝ လက်မလျှော့နိုင်ဘူး။ သေတောင် မလျှော့ဘူးကွာ။ မင်း ဘာလုပ်ချင်လဲ။ လုပ်ချင်တာလုပ်။ အဲ[ဒီ]





လာလုပ်"

နောက်ကို ခြေကန်၍ ရှေ့ကို မေးထိုးပြောနေသော ဟန်လင်းပုံစံက နေခ မြင်ကွင်းထဲ မြို့ပေါ် အခုမှ ရောက်ဖူးသော နှစ်ချို့လဒကြီးတစ်ကောင်ကို မြင်လိုက်ရသလို ကြက်ခြေခတ်များစွာ ဖြစ်သွားစေသည်။

"ကောင်းပြီလေ။ မင်းက နောက်မဆုတ်ဘူးဆိုမှတော့ ငါကလည်း လုပ်စရာရှိတာ လုပ်ရတော့မှာပေါ့"

ပြောပြီး ဟက်ခနဲရယ်လိုက်သော နေခကို ဟန်လင်း မျက်မှောင်ကြုတ်ကြည့်ကာ . . .

"ဘာလဲ . . . မင်းက ဘာလုပ်မှာလဲ။ ဒီမှာ နေခ ဒါက မကျောင်းကွ။ မင်းမိဘရဲ့အရှိန်အဝါတွေက အပြင်မှာ အရောင်ထွက်ရင်ထွက်နေမယ်။ ကျောင်းကိုတော့ အရိပ်မထိုးနိုင်ဘူးကွ"

"အဟား . . . ဟန်လင်း . . . မင်းရဲ့ဒိုင်က ဂန္ထဝင်မြောက်ပဲ။ ဒါပေမယ့် မင်းသိထားဖို့က မင်းတို့ လုမ်းလုမ်းမြင်နေရတဲ့ အဲဒီ[...]



www.burmeseclassic.com

www.burmeseclassic.com



အရှိန်အဝါတွေကို ငါကလည်း ငါ့ရဲ့နောက်ခံပန်းချီကားထဲ ထည့်ရေးနေတဲ့ကောင် မဟုတ်ဘူးကွ၊ သိပ်ခမ်းနားတဲ့ ဒီကောင်းထဲမှာ မင်းအကြောင်း စာစီစာကုံးကို ငါ ဘယ်လိုမရေးမလဲသိချင်ရင် မနက်ဖြန် notice board ကို သွားကြည့်လိုက်"

ပြောပြီး လှည့်ထွက်ရန်ပြင်လိုက်သော နေခကို ကြည့်ကာ ဟန်လင်း စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။ ဒီသွေးဆာနေသော အန္တရာယ်ကောင်လက်ထဲ ကိုင်ထားသည့် ဝှက်ဖဲက ဘာလဲ၊ ဘယ်လိုထိုးနှက်ချက်မျိုးက မနက်ဖြန် စောင့်ကြိုနေမှာလဲ။

"ခဏနေဦး ... နေခ၊ မင်း ဘာလုပ်မှာလဲ၊ ယောက်ျားချင်းပဲကွာ ပြောင်ပြောင်လိုက်စမ်းပါ"

"ဘာလဲ ... မင်း ကြောက်နေပြီမဟုတ်လား"

ထို့နောက် နေခ၏ လက်ညှိုးနှင့်လက်ခလယ်နှစ်ချောင်းက ဟန်လင်းရဲ့မျက်လုံးနှစ်လုံး ရှေ့ကွေးကွေးကြီးရောက်လာသည်၊ လက်ခလယ်ကို အပေါ်ထောင်ပြီး လက်ညှိုးကို အောက်နှိမ့်ချပြ





ကာ ...

"မင်းရဲ့မျက်လုံးတွေက ... တစ်လုံးက ကောင်းကင်က နေကို ကြည့်တယ်၊ တစ်လုံးက မြေပြင်က ကျောက်ခဲကို ကြည့်တယ်။ အဲဒီတော့ မင်းကို ငါ နာမည်အသစ်ပေးမယ်"

ဟန်လင်း၏မျက်နှာက တစ်မုဟုတ်ချင်း ရဲတက်လာကာ

"ဟေ့ကောင် ... မင်းနော်"

နေခက မရပ် ဆက်ပြောသည်။

"Sun Stone အဲဒီနာမည် မဆိုးဘူး။ မြန်မာလို နေကျောက်ခဲပေါ့ကွာ။ အဲဒါလေး တစ်ကျောင်းလုံးသိအောင် notice board မှာ ကပ်ထားရုံပဲ။ အဲဒီကိစ္စမှာ ငါ့မိဘအရှိန်အဝါ မပါဘူးနော်"

ဟန်လင်း၏မျက်နှာက ခံပြင်းမှုများစွာဖြင့် ဖောင်းကြွတက်လာကာ နေခကို လက်ညှိုးငေါက်ငေါက်ထိုး၍ ...

"မင်း ... မင်း ... တော်တော်ယုတ်မာပါလား"



www.burmeseclassic.com

www.burmeseclassic.com



နေခက မငိုးမခန့်ပြုံးပါသည်။

"ဟုတ်တယ်ကွ၊ ငါက နည်းနည်းတော့ ယုတ်မာတယ်။ ခြည်... မှားလို့၊ ငါက တော်တော်ကြီးကို ယုတ်မာတာ"

"မင်း... မင်း... လူမဆန်ဘူး"

"ဟုတ်တယ်... မင်း မှန်တယ်။ အဲဒီတော့ မိုးနှင်းမြူမြူ ကို ဆက်မလိုက်နဲ့တော့ကွာ။ အနူးအညွတ် တောင်းဆိုတာပါ"

ဟန်လင်းက နေခကို မျက်ထောင့်နီကြီးနှင့်ကြည့်ကာ အံကြိတ်၍...

"ကောင်းပြီလေ။ မင်း မိုးကောင်းတုန်းတော့ ရွာထားဦး ပေါ့။ အခု ငါ မိုးနှင်းမြူမြူကို လက်လွှတ်ပေးလိုက်မယ်။ ဒါပေမယ့် ငါ လောင်းရဲတယ်။ မင်းလည်း မိုးနှင်းမြူမြူကို ဘယ်တော့မှ မရ စေရဘူးကွ။ အဲဒီစကား မင်း မြဲမြဲမှတ်ထား"

ဒေါသတကြီးပြောပြီး လှည့်ထွက်သွားသော ဟန်လင်းကို နေခသည် ထိမထင်သည့်အပြုံးမျက်နှာနှင့် စိုက်ကြည့်နေခဲ့သည်။

လဝန်းကုဋေတာပေ



အချစ်စစ်တလင်းပြင်ပေါ် ခြေချမိသည့် သူ့အတွက် အနိုင် တိုက်ဖို့ကလွဲလျှင် ရွေးချယ်စရာမရှိခဲ့ပေ။

လဝန်းကုဋေတာပေ

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

တစ်ကိုယ်လုံးကိုက်ခဲကာ ဖျားချင်ချင်ဖြစ်နေတာကြောင့် မြူ ဒီနေ့ ကျောင်းမတက်ဖြစ်ပေ။ ACCA Part I အတွက် ပြင်ဆင်နေရတာ တစ်ဖက်၊ ကျောင်းကတစ်ဖက်နှင့် မြူ ပန်းဖျား ဖျားချင်နေတာဖြစ်သည်။

မယ်မယ်ရရ ဘာတစ်ခုမှမလုပ်ချင်တာနှင့် online ပေါ် တက်ကာ အင်တာနက်ထဲ ဝင်မွှေကြည့်နေဖြစ်သည်။





ဖုန်းမြည်လာတာမို့ နံပါတ်ကို ကြည့်လိုက်တော့ ခေမာပင်။

"ဟယ်လို"

"မြူ . . . နင် ဘာလို့ကျောင်းမတက်တာလဲ"

"ငါ ဖျားချင်နေလို့ဟ။ ငါ့အတွက် Lecture စာရွက်တွေ ယူထားပေးဦးနော်"

"အေးပါ . . . စိတ်ချ။ နင့်ကို အရေးကြီးတာ ပြောစရာ ရှိလို့။ ကိုနေခတော့ နင့်ကို လာဘ်ပိတ်အောင်လုပ်နေပြီ သိလား"

"နင် ဘာကိုပြောတာလဲ"

ခေမာ့စကားကို မြူ နားမလည်စွာ ပြန်မေးလိုက်သည်။

"ဒီလို မြူရဲ့ . . . ဒီမနက် ကင်တီးမှာ ငါတို့ထိုင်နေတုန်း အောင်ထက်က ငါတို့ဝိုင်းကို ရောက်လာတယ်။ ပြီးတော့ နင့်မှာ ချစ်သူရှိနေပြီလားလို့ မေးတယ်"

"အင်း"

ဝက်ရူးပြန်သွားသော အောင်ထက်ကို မြင်ယောင်ရင်း မြူ



www.burmeseclassic.com

www.burmeseclassic.com



သံယောင်လိုက်လိုက်သည်။

"ဘာအတွက်သိချင်တာလဲလို့ ငါတို့ ပြန်မေးလိုက်တော့ သူက ပြောတယ်ဟ။ ကိုနေခက လူတိုင်းကို လိုက်ပြောနေတယ်တဲ့။ နင်က သူ့ကောင်မလေးပါဆိုပြီးတော့"

"ဘာ"

မြူ အံ့ဩတကြီး အာမေဍိတ်သံပြုလိုက်မိသည်။

"ဟုတ်တယ် မြူ။ ငါတို့လည်း တော်တော်အံ့ဩသွားတယ်"

"သေရောသေချာလို့လားဟယ်"

"အောင်ထက်က ပြောသေးတယ်။ နင့်ကိုလိုက်နေတဲ့ ကောင်တွေအားလုံးကိုလည်း ကိုနေခက Challenge ခေါ်ထားတယ်တဲ့။ သူ့ကောင်မလေးနားကပ်ရဲတဲ့ကောင် ကပ်ကြည့် သူနဲ့ အရင်တွေ့မယ်ဆိုပြီးတော့တဲ့"

နားထောင်နေရင်း မြူ့ရင်ထဲသို့ ဒေါသတွေ စုဝေးရောက်





ရှိလာသည်။

"စိတ်ပျက်ဖို့ကောင်းလိုက်တာဟယ်။ ငါ အရမ်းဒေါသထွက်တာပဲ"

"ဒီကိစ္စကို နင် ဘယ်လိုလုပ်မှာလဲ မြူ"

"မျက်နှာချင်းဆိုင်တွေ့ပြီး ရှင်းမယ်။ ဒီကိစ္စကို ဒီအတိုင်း ထားလိုက်ဖို့တော့ လုံးဝမဖြစ်နိုင်ဘူး"

"အင်း . . . အဲလိုပဲကောင်းမှာပါ။ မဟုတ်ရင် သို့လောသို့လောနဲ့ ပိုပြီးပေရှည်နေမှာ"

"စိတ်တိုလိုက်တာဟယ်။ ဖျားချင်နေတဲ့အဖျားတောင် ဘယ်လွင့်သွားမှန်း မသိဘူး။ တကယ်သာဟုတ်လို့ကတော့ နေခဆိုတဲ့လူကို ငါ ကောင်းကောင်းရန်တွေ့ပစ်မယ်"

"မနက်ဖြန် ကျောင်းပိတ်မှာဆိုတော့ နင် ကိုနေခနဲ့ တနင်္လာနေ့မှ တွေ့လို့ရမှာ"

ခေမာပြောလိုက်မှ ဒီနေ့ သောကြာနေ့ဆိုတာ မြူ အမှတ်ရ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"မေမာ . . . နင် ငါ့ကို တစ်ခုလုပ်ပေးဦး။ ငါ ဒီကိစ္စကို တနင်္လာနေ့အထိ အောင့်ပြီး စောင့်မနေနိုင်ဘူး။ နင် ကိုနေခကို သွားပြောပေးပါလား။ မနက်ဖြန် ငါက တစ်နေရာမှာတွေ့ချင်တယ်လို့"

"ရတယ် . . . ငါ ပြောပေးမယ်။ ဒါဆို ပြီးမှ ဖုန်းပြန်ဆက်လိုက်မယ်နော်"

"အင်း"

မြူ ဖုန်းကိုချပြီး computer Screen ပေါ် အကြည့်ကိုလိုက်ပေမယ့် အတွေးက အကြည့်ခေါ်ရာလိုက်မလားဘဲ နောက်ချန်ခဲ့သည်။ နဖူးပေါ် စိမ့်ထွက်နေသော ချွေးတွေက သောက်ထားသော ဆေး၏အရှိန်ကြောင့်လား။ ကြားထားသောစကား၏ အဟုန်ကြောင့်လား မသေချာ။

အနီရင့်ရင့်ဒေါ်သတွေ ကတ္တီပါရောင် စိတ်ပျက်ခြင်းတွေ





ကတော့ သူမအတွေးများကို ဆုပ်ကိုင်ထားဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြုံ့စုတတ်တဲ့မျက်စောင်းရယ် ××× အံကြိတ်ထားတဲ့ နှုတ်ခမ်းရယ် ××× ဒါဟာ ငါ့အတွက် အမြဲပဲ နာကျင်စွာ သိလိုက်ရချိန်မှာ ××× အဝေးကတော့ လှမ်းမျှော်နေဆဲပါ နှလုံးသားလေး ချစ်တာ မယုံတဲ့အခါ ××× မင်းမျက်ဝန်းထဲမှာ မြင်တာ ငါ လူကြမ်း ပဲလားကွာ ××× မုန်းတဲ့မျက်လုံးတွေ ဖယ်ကြည့်ပါ ××× စကားလုံးနဲ့ မနှိုင်းသာ အချစ်များစွာ ××× တိတ်ဆိတ်ရင်းနဲ့သာ မျှော်နေ ××× တစ်ချိန်မှာ မင်းတွေ့မလားကွာ။

ကားကက်ဆက်မှ ထွက်ပေါ်နေသော လင်းနစ်၏ သီချင်းသံကို နားထောင်ရင်း နေခ ကန်တော်ကြီးရေပြင်ကို ငေးကြည့်နေမိသည်။ ရေပြင်ကြီးက လှိုင်းဂွက်အပ်သော တစ်စုံတစ်ရာကို ထုပ်ပိုးထားသလို ငြိမ်သက်နေခဲ့သည်။

"မင်းကောင်မလေး လာနေပြီ သားနေ"





"အင်း"

နေခက မြူ့ကို လှမ်းကြည့်ရင်း ခေါင်းညိတ်ပြသည်။ သို့သော် ကားပေါ်မှမဆင်းသေးဘဲ ဆက်ထိုင်နေသည်။

မြူသည် ရှိန်းထားသောခုံတန်းလေးမှာ ဝင်ထိုင်၍ နာရီကို မြော်ကြည့်လိုက်တာ တွေ့ရသည်။ ထို့နောက် သစ်ရွက်ခြောက်တစ်ရွက်ကိုကောက်ယူကာ တစ်စစီဆုတ်ဖြဲနေပြန်သည်။ နေခသည် မြူ့ကို ကြည့်နေရင်း ချစ်စနိုးဖြစ်စွာ ပြုံးလိုက်မိသည်။

ဂျက်က နေခအပြုံးကို ကြည့်မရသလို မျက်မှောင်ကြုတ်၍

"မိုးနှင်းမြူမြူက သစ်ရွက်ကို မင်းလို့တွေးပြီး ဖြဲနေတာ ဖြစ်မှာ။ သစ်ရွက်အပိုင်းအစတွေကို ခြေထောက်နဲ့ ဆောင့်မနင်းရင် ကံကောင်းပဲ"

"ဟာ . . . ဂျက် . . . ခင်ဗျားဗျာ"

ရှုံ့မဲ့သွားသော နေခမျက်နှာကိုကြည့်ပြီး ဂျက်က ပြုံးရင်း .

"ကဲပါ . . . သားနေရာ သွားစရာရှိရင် သွားလိုက်။ မင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ဒေါ်ခီးနေဦးမယ်"

နေခ ကားတံခါးဖွင့်ဆင်းပြီး မြူ့ဆီ လျှောက်လာလိုက်သည်။

လှည့်ကြည့်သော မြူ့ကို နေခက ခပ်တည်တည်ကြည့်လိုက်သည်။

"မင်း ငါ့ကို ဘာအတွက်ချိန်းတာလဲ။ ပြောစရာရှိရင် မြန်မြန်ပြော။ ငါ့မှာ အခြားအလုပ်တွေ ရှိသေးတယ်"

စစချင်း ဆောက်နှင့်ထွင်းသော နေခ၏ စိတ်မရှည်သံက မြူ့ဒေါသကို အပ်နဲ့ဆွလိုက်သလိုရှိသည်။

"ရှင့်ကို မေးစရာရှိလို့ချိန်းလိုက်တာ။ ကျောင်းမှာ ကျွန်မက ရှင့်ကောင်မလေးပါဆိုပြီး လိုက်ပြောနေတယ်ဆို"

"မင်းကို ဘယ်သူပြောတာလဲ"

မြူ မျက်ဝန်းထဲမှ ယှက်သန်းနေသော ဒေါသရောင်လဲ့လဲ့ကို စေးစိုက်ကြည့်ရင်း နေခ ပြန်မေးလိုက်သည်။





"ဟုတ်တယ် မဟုတ်ဘူးဆိုတာကိုပဲ ပြောပါ"

ရေပြင်ဘက် အကြည့်ပို့လိုက်သော နေခ၏ ဘေးစောင်း မျက်နှာကို မြူ မလွှတ်တမ်း စိုက်ကြည့်လိုက်သည်။

"ဟုတ်တယ်"

"ရှင် ဘာဖြစ်လို့ ဒီလိုလိုက်ပြောနေရတာလဲ။ ရှင့်ကို ကျွန်မ မချစ်နိုင်ဘူးလို့ အပြတ်ငြင်းပြီးသားပဲ မဟုတ်လား"

"ဒါက မင်းအပိုင်းလေ"

"ဘယ်လို"

နေခ သက်ပြင်းတစ်ချက် ရှိုက်ကာ နားမလည်နိုင်ဟန် မေးခွန်းထုတ်သော မြူ့ကို လှည့်ကြည့်သည်။

"မင်းဘက်က ငါ့ကို ငြင်းပေမယ့် ငါကတော့ မင်းကို မချစ်ဘဲ မနေနိုင်ဘူး။ အဲဒီတော့ ငါ့အနေနဲ့ မင်းရဲ့ငြင်းချက်ကို အတည်မပြုနိုင်ဘူးဆိုတဲ့သဘောပဲ"

"ရှင် ဘယ်လိုလူလဲ။ ဒီလောက်လက်ပေါက်ကပ်လိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်မ လုံးဝမထင်ထားခဲ့ဘူး"

စိတ်ဆိုးတဲ့အခါတိုင်း ပြူးပြူးလေး ဝိုင်းစက်လာတတ်တဲ့ မြူ့မျက်ဝန်းလေးကို နေခ အမြဲတမ်း ရယ်ချင်တတ်ခဲ့ပေမယ့် အခု အကြိမ်မှာတော့ ဒီမျက်ဝန်းတွေက နေခကို ဝမ်းနည်းစေလေသည်။ သူ ဘာမှပြန်မပြောဖြစ်ဘဲ မြူ့မျက်ဝန်းများကို ငေးကြည့်နေမိသည်။

"ရှင်က ကျွန်မနားကပ်ရဲရင် ကပ်ကြည့်ဆိုပြီး အခြားလူ တွေကို Challenge ခေါ်ထားသေးတယ်ဆို၊ ရှင့်လုပ်ရပ်ကြောင့် ကျွန်မ သိက္ခာတွေ ဘယ်လောက်ကျသွားလဲ ရှင် တွေးမိလား။ ရှင်က မကောင်းဆိုးဝါးလိုပဲ။ ကျွန်မ အရမ်းဒေါသထွက်တယ်"

ဘာမှပြန်မပြောဘဲ ငြိမ်သက်နေသော နေခကို ကြည့်ပြီး မြူ့စိတ်ထဲ ထုရိုက်ကုတ်ဖဲ့ပစ်လိုက်ချင်မိသည်။ ဒီလို ငြိမ်သက်နေ တာကိုက မြူ့ဒေါသများကို ပို၍အားကောင်းစေသည်။ မြူ နေခကို ခပ်စိန်းစိန်းကြည့်၍ . . .

"ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူးဆိုတာ အားလုံးသိအောင်





ပြန်ပြောပေးပါ"

ငြိမ်သက်နေသော နေခသည် ရုတ်တရက် ပါးပျဉ်းထောင် လိုက်သော မြွေတစ်ကောင်လိုပင် စူးလက်နေသောအကြည့်ဖြင့် မြူ ကို ကြည့်လာပါသည်။

"မပြောနိုင်ဘူး မြူ၊ မင်းကို ဘယ်သူ့လက်ထဲမှ မထည့် နိုင်ဘူး"

"ရှင့်ကို မချစ်နိုင်ဘူးလို့ ပြောထားပြီးပြီပဲ။ အဲဒီလိုအဓမ္မ ဆန်တဲ့လုပ်ရပ်တွေကို ကျွန်မ အရမ်းမုန်းတယ်နော်"

"တစ်နေ့ကျရင် မင်း ငါ့ကို ပြန်ချစ်လာလိမ့်မယ်။ အဲဒီနေ့ အထိ ငါ စောင့်မှာ"

ဘယ်လိုပြောပြော မရနိုင်သည့် နေခပုံစံက မြူ့ရင်ထဲက ဒေါသအမုန်းတွေကို တလိပ်လိပ်တက်လာစေသည်။

"ရှင် . . . ရှင် . . . အရူးပဲ၊ တကယ့်ကို ရူးနေတာ"

နေခမျက်နှာ၌ ဂျစ်ကန်ကန်နိုင်သည့် အပြုံးတစ်ခု ဖွဲ့ထင်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"မရှူးပါဘူး။ ရှူးနေရင် ငါ ဒီလိုဘယ်ချစ်တတ်ပါ့မလဲ၊ အချစ်ရှူးရှူးသွားတာတို့၊ ရူးကြောင် မူးကြောင် ဖြစ်သွားတာတို့ အဲဒီလိုမျိုးလူစားထဲ ငါ မပါဘူး။ မင်းလည်း ငါ့ကို ဘယ်လိုပြန်ချစ်ရင် ကောင်းမလဲ စဉ်းစားထား။ ဟုတ်ပြီလား"

နေခ လှည့်ထွက်လာခဲ့သည်။

"ကျွန်မဆီက အချစ်ကို ဒီတစ်သက်ရလိမ့်မယ် မထင်နဲ့၊ သိပ်မှန်းစရာကောင်းတဲ့လူ၊ ရှင့်ကို အရမ်းမုန်းတယ်"

နောက်ပါးမှကပ်ပြီပါလာသော စကားများကို ကြားနေရင်း နေခ ဝဲဘက်ရင်အုံတစ်ခုလုံး အောင့်မျက်သွားသလို ခံစားရသည်။

နွေလယ်ဉာဉ်၏ ငယ်သံပါအောင် အော်လိုက်သံက ကောင်းကင်ယံမှ ပျံ့လွင့်လာသည်။ ဘာပဲဖြစ်ဖြစ် ဒါကို အလွမ်း... သင်္ကေတဟူ၍ သတ်မှတ်ရန် လူသားထုကြီး တစ်ခုလုံးက ဆုံးဖြတ် ချက်ချသည်။





သူ့နှလုံးသားဟာစ်တိုင်မှ ငယ်သံပါအောင်ဟာစ်အော်နေသံက သူမဝန်းကျင်တစ်ခွင်လုံး ပျံ့နှံ့နေတာတောင် သူမကတော့ ဒါကို အချစ်ရဲ့သင်္ကေတလို့ အသိအမှတ်ပြုရကောင်းမှန်း မသိပါလား။

အမုန်းက ခါးသတဲ့လား။

"အချစ်ကတော့ ချိုမြိန်သတဲ့။

အချိုရဲ့အောက်မှာ စုံးစုံးမြုပ်သွားတဲ့အခါးတွေ ရှိနေသရွေ့ အချစ်ရဲ့ခြေဖဝါးအောက်ကျရောက်သွားတဲ့ အမုန်းတွေ ရှိနေသရွေ့

အချစ်အတွက် ဆင်နွှဲတဲ့ အမုန်းတိုက်ပွဲတွေ ရှိနေသရွေ့ ငါကလည်း ဒီပွဲကို အဆုံးအထိနွှဲနေရဦးမှာပါပဲ . . . ချစ်သူရယ်။



www.burmeseclassic.com

www.burmeseclassic.com



မြူ ကင်းတီးထဲသို့ ဝင်လိုက်သည်။ စားပွဲတွင် ခေမာနှင့် ခင်္ဂါအပြင် မြူတို့ ကျောင်းကမဟုတ်သော ယောကျ်ားလေး နှစ်ယောက်ကိုပါ တွေ့ရသည်။ မြူ ခင်္ဂါနှင့် ကပ်လျက်ခုံတွင် ဝင်ထိုင်လိုက်သည်။ ခေမာက မိတ်ဆက်ပေးသည်။

"မြူ . . . သူက ကိုကောင်းမွန်။ သူကတော့ သန့်စင်တဲ့ ခေါ်တယ်။ ငါတို့အိမ်နားကပဲ။ နှစ်ယောက်လုံး နိုင်ငံခြားမှာ အလုပ်လုပ်နေတာလေ။ အခု မြန်မာနိုင်ငံကို ခဏ ပြန်လာကြတာ"

"တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်မက မိုးနှင်းမြူမြူပါ"

"ကျွန်တော်တို့ကလည်း ဝမ်းသာပါတယ်ဗျာ။ ခေမာ့ကို ခင်သလို ကျွန်တော်တို့ကိုလည်း ခင်လို့ရပါတယ်"

ရည်ရည်မွန်မွန် ပြောသော ကိုကောင်းမွန်ကို ပြုံး





ခေါင်းညိတ်ရင်း မြူ ဖျတ်ခနဲ သတိရလိုက်မိတာက တစ်ခါတုန်းက ခေမာ စာအုပ်ထဲဝှက်ပြီးကြည့်နေသော ဓာတ်ပုံက ကိုကောင်းမွန်၏ပုံဆိုတာ ဖြစ်သည်။ အဲဒီတုန်းက မြူတောင် ဓာတ်ပုံလုပြေးရင်း နေခနဲ့ တိုက်မိခဲ့သေးသည်။

"ကျွန်တော့်ကိုတော့ ခေမာ့ကိုခင်တာထက် ပိုခင်လို့ ရတယ်နော်။ ကျွန်တော်က ခေမာ့ထက် စိတ်ဓာတ်ရော အကျင့်ပါ ပိုကောင်းတယ်"

"ကောင်စုတ် . . . နင်နော်"

ခေမာ၏မျက်စောင်းက သန့်စင်ဆီ ဒိုင်းခနဲရောက်သည်။ သန့်စင်နှင့်ခေမာကိုကြည့်ကာ တစ်ဝိုင်းလုံး ပွဲကျသွားတော့သည်။ သန့်စင်မှာ မြူတို့နှင့် အသက်သိပ်မကွာသလို လူငယ်စတိုင်အပြည့်နှင့် ဖြစ်သည်။

လူတစ်ယောက်က ကိုယ့်ကို စိုက်ကြည့်နေလျှင် မသိစိတ်က ခေ့ဆော်တတ်မြဲဖြစ်သည်။ မြူ ဖျတ်ခနဲ ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းကျော်မှနေ၍ မြူ့ကို စိုက်ကြည့်နေသော နေခကို တွေ့ရသည်။ ဒေါသနှင့်စိတ်ပျက်ခြင်းက ချက်ချင်းပင် မြူ့မျက်နှာပြင်ထက် ပြန့်ကြဲသွားသည်။

ပျက်ယွင်းသွားသော မြူ့မျက်နှာကို ကြည့်ကာ သန့်စင်က မြူကြည့်ရာသို့ ကြည့်လိုက်သည်။ နေခအားမြင်စဉ်တွင် သန့်စင်မျက်လုံးများ မှေးစင်းကျဉ်းမြောင်းသွားသည်။ အရိပ်ပေါင်းများက သန့်စင်မျက်နှာထက် ပေါ်လိုက် ပျောက်လိုက် လျင်မြန်စွာ ဖြတ်ပြေးသွားသည်။ ထို့နောက် သန့်စင် မြူ့ကို ကြည့်သည်။

မြူ၏ တွန့်ရှုံ့နေသော မျက်ခုံးများက မြူ့ရင်ထဲက ခံစားချက်ကို ခပ်ထင်းထင်းမြင်သာစေသည်။ သန့်စင်မျက်နှာပြင်၌ မဲ့ရိပ်စွန်းသော အပြုံးတစ်ချက်က ခပ်ပါးပါးလေး ဖြတ်ပြေးသွားသည်။

မြူ့ဆီသို့ ဦးတည်ပြုံးလိုက်သော သန့်စင်အပြုံးများက လိုအပ်တာထက် ပို၍ ရှုံ့မြသွားတော့သည်။ သကာဖြင့် ထုံမွမ်းသော အဆိပ်ခွက်ကို ကိုင်ထားသူလို သန့်စင်၏မျက်လုံးများက





အတွင်းနက်နက်သိပ်သည်းနေတော့သည်။

•••••



www.burmeseclassic.com

www.burmeseclassic.com



စာသင်ခန်းတစ်ခုလုံး ဆရာ၏ စာရှင်းပြသောအသံက ဖုံးလွှမ်းထားသည်။ နေခသည် ဆရာသင်သမျှ လိုက်မှတ်နေရင်း မြူ့ကို နိုးကြည့်လိုက်မိသည်။ ဆရာပြောသမျှ ခေါင်းမော့နားထောင် လိုက် စာအုပ်ထဲမှတ်လိုက်နှင့် အလုပ်ရှုပ်နေသော သူမကို တွေ့ရသည်။

နေခမျက်ဝန်းများ ချက်ချင်းပြုံးယောင်သန်းသွားသည်။ မြူ့ကို မြင်လိုက်ရတိုင်း ကျေနပ်ခြင်းရသတစ်မျိုးက သူ့ရင်ထဲ ကိုးဝင်လာမြဲဖြစ်သည်။ မြူ့ဆီမှ အကြည့်လွှာက သူ့စာထဲ အာရုံပြန်ထည့်လိုက်သည်။

သိပ်မကြာ အတန်းချိန်ပြီးသွားသည်။ ဆရာထွက်သွားတာနှင့် ကျောင်းသားများလည်း တရုန်းရုန်းလိုက်ထွက်ကြတော့သည်။





နေခ လွယ်အိတ်ကို ကောက်လွယ်လိုက်သည်။ မြူတို့အဖွဲ့ထွက်မှ သူလည်း လိုက်ထွက်ကာ မြူတို့နှင့် မလှမ်းမကမ်းမှနေ၍ လိုက်နေမိသည်။

အချစ်ကြောင့် လူတွေဟာ မျက်စိစုံလုံးကန်းတတ်ကြသတဲ့။ စုံလုံးကန်းတဲ့ကိစ္စတော့ သူ သိပ်နားမလည်ပေမယ့် သူ သိတာကတော့ မြူ့ကို ချစ်မိသွားကတည်းက သူမကို အမြဲတမ်း တွေ့ချင်နေတာပဲဖြစ်သည်။ သူမ၏မလှမ်းမကမ်းမှာနေရင်း သူမကို မြင်တွေ့နေရရင် ရင်ထဲက ကွက်လပ်တွေအားလုံး ကွယ်ပျောက်လျက် ပြီးပြည့်စုံမှုတစ်ခုကို သူ ခံစားရသည်။

ထိုစဉ် သူ့မျက်လုံးထဲ အမှိုက်တစ်စဝင်လာသလို မျက်ခန် ဖြစ်သွားသည်။ သန့်စင်၊ မြူတို့ကို လှမ်းပြုံးပြနေသော သန့်စင် အပြုံးက သူ့မျက်လုံးထဲတော့ မီးစွာတစ်ကောင် သွားဖြဲပြလိုက်သလို အကျည်းတန်လှသည်။

အဲဒီကောင်ကို ဆွဲထိုးချင်စိတ်က သူ့ရင်ထဲ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ကြွတက်လာသည်။ မြူတို့နှင့် ပြုံးရွှင်စွာ စကားပြောပြီး မြူဘေး ကပ်၍ လိုက်ပါသွားသော သန့်စင်နောက်ကျောကို စိုက်ကြည့်နေရင်း သူ့နှလုံးသားဆီမှ အန္တရာယ်အချက်ပေးသံက တချပ်ချပ် မြည်လာသည်။ မြူတို့ ကင်တီးထဲဝင်တော့ သူလည်း လိုက်ဝင်ကာ ကပ်လျက်စားပွဲတွင် ထိုင်လိုက်သည်။

မြူနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် သူ ထိုင်လိုက်တာမို့ မြူ့ရှေ့တည့်တည့်တွင်ထိုင်နေသော သန့်စင်ကတော့ နေစကို ကျောပေးလျက်အနေအထားရှိသည်။

"မြူ . . . ဘာစားချင်လဲ။ ကြိုက်တာမှာနော်။ ဒီတစ်ဝိုင်းလုံး ကျွန်တော် ရှင်းမှာ"

"ဟယ် . . . ကြည့်စမ်း . . . ကြည့်စမ်း။ သန့်စင် နင် မျက်နှာလိုက်လှချည်လား။ မြူ့ကို ကြိုက်တာမှာဆိုတော့ ငါတို့က ရော"

"တစ်ဝိုင်းလုံး ရှင်းမှာပါလို့ပြောပြီးပြီပဲ ခေမာရ။ နင်တို့





လည်း အတူတူပဲပေါ့"

စကားသံတွေကို နေစ တစ်လုံးမကျန်ကြားနေရသည်။ သန့်စင်ရှေ့မှာ ပြုံးမြကြည်လင်နေသော မြူ့ပုံစံက သူ့နဲ့တွေ့တိုင်း ဒေါသရောင် ယှက်သန်းနေသော ပုံရိပ်တွေနှင့် ခြားနားစွာ . . .

ဒန်တိုမှတစ္ဆေက မကောင်းဆိုးဝါးတစ်ကောင်လို သူ့ရင်ထဲ မွှေနောက်လာသောအခါ စိတ်အလျင်က ပါးစပ်မဟနိုင်မီ ပို၍ မြန်သော သူ့ခြေထောက်က အအေးဗန်းကို ကိုင်ကာ ဖြတ်သွားသော စားပွဲထိုးကို ခြေထိုးခံပြီးသား။

ဟန်ချက်ပျက်ကာ ကိုးရိုးကားရား ဟက်ထိုးလဲမတတ် ဖြစ်သွားသော စားပွဲထိုးလေး၏ ပန်းထဲမှ အအေးခွက်က ချိန်သား ကိုက်စွာ သန့်စင်၏ပခုံးစွန်းပေါ်သို့ လောင်းချလိုက်သလို ကွက်တိ။

"ဟာ"

"ဟယ်"

အာမေဋိတ်သံတွေ ညံစီသွားခြင်းနှင့်အတူ သန့်စင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆတ်ခနဲ ထရပ်၍ အကျီကို ခါသည်။ စားပွဲထိုးလေးက ပျာပျာသလဲဖြင့် . . .

“မတော်လို့ပါ။ ကျွန်တော် တောင်းပန်ပါတယ်။ ဒီအစ်ကို ခြေထောက်နဲ့ တိုက်မိသွားလို့ပါ။ တမင်လုပ်တာ မဟုတ်ပါဘူး”

နေခ ခြေထောက်ကို လက်ညှိုးထိုးလိုက်သော စားပွဲထိုး လေးကြောင့် သန့်စင်အကြည့်က နေခဆီရောက်လာသလို မြ ခေမာနှင့် ခတ္တာတို့ကပါ နေခ ခြေထောက်ကို တစ်လှည့် နေခကို တစ်လှည့်ကြည့်လာသည်။

သူတို့အားလုံးကို နေခ ဘာမှမတတ်နိုင်ဆိုသည့် သဘော ဖြင့် ပခုံးတွန့်ပြလိုက်သည်။

စားပွဲထိုးလေးက ပျာပျာသလဲဖြင့် သန့်စင်ကို သုတ်ပေး ပြင်သည်။ သန့်စင်က လက်ကာပြပြီး . . .

“ရတယ် . . . မသုတ်နဲ့တော့။ သွားတော့။ မင်း တမ လုပ်တာမှ မဟုတ်တာ”

လဝန်းကုဋေစာပေ



“ကျေးဇူးပါ အစ်ကို . . . ကျေးဇူးပါ”

“အားလုံးပဲ ငါ အိမ်ပြန်လိုက်တော့မယ်”

“ကားနားထိ ငါတို့လိုက်ပို့မယ်လေ”

“တော်ပါပြီ။ လိုက်မပို့ပါနဲ့တော့”

သန့်စင်သည် ခေမာအား ပြန်ပြောပြီးနောက် မြူကို ကြည့် ကာ . . .

“မြူ . . . နောက်မှတွေ့မယ်နော်”

မြူက ခေါင်းညိတ်ပြရင်း အိတ်ထဲ၌ အမြဲတမ်း အသင့် ဆောင်ထားတတ်သော လက်ကိုင်ပဝါကိုထုတ်၍ သန့်စင်ကို ကမ်း ပေးလိုက်ပြီး . . .

“သုတ်လိုက်ဦး”

“ကျေးဇူး မြူ”

သန့်စင်က လက်ကိုင်ပဝါကို ယူလိုက်ရင်း ပြောသည်။

ထွက်သွားသော သန့်စင်ကို တစ်ချက်ကြည့်ပြီး နေခ

လဝန်းကုဋေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်စွာ အအေးကို စုပ်သောက်လိုက်သည်။ မြူ့ကို ဖျတ်ခနဲ ကြည့်လိုက်တော့ သူ့ကိုကြည့်နေသည့် မြူ့အကြည့်တွေမှာ မယုံသင်္ကာမှုတွေ ပြည့်သိပ်နေပါလား။





ဆိုဖာပေါ် ခြေရှိတ်ထိုင်ရင်း နေခ နိုင်ငံခြားအက်ရှင်ကားတစ်ကားကို စိတ်ဝင်စားစွာကြည့်နေမိသည်။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

နေခ လှည့်ကြည့်လိုက်တော့ ခင်ဟာဟတံခါးဆီမှ ဂျက်ကို တွေ့ရသည်။

"ဖုန်းလာနေတယ် သားနေ၊ မင်းကို တွေ့ချင်လို့တဲ့"

ဘယ်သူပါလိမ့်။ ဘာဖြစ်လို့ ဟန်းဒ်ဖုန်းကို မဆက်ဘဲ အိမ်ဖုန်းကို ဆက်ပါလိမ့်ဟု တွေးပြီး နေခအပြင်သို့ထွက်၍ ဖုန်းကောက်ကိုင်လိုက်သည်။

"ဟယ်လို"

"ရဲကျော်ဆိုတဲ့ နာမည်ကို မင်း မှတ်မိသေးလား နေခ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

မထင်မှတ်သောနာမည်ကို ပြန်ကြားရတာမို့ နေခ အံ့သြ

စွာ အာမေဋိတ်သံပြုလိုက်မိသည်။

"တော်တော်လေးမှ အံ့သြသွားရဲ့လား"

"မင်း . . . ဘယ်သူလဲ"

"သန့်စင် . . . မင်းတို့ကြောင့် သေသွားတဲ့ ရဲကျော်ရဲ့ ညီ

သန့်စင်"

"မင်း ငါ့ကို ဘာအတွက်ဖုန်းဆက်တာလဲ"

"ငါ့အစ်ကိုသေတဲ့ကိစ္စကို မင်း ဘယ်လိုတာဝန်ယူမှာလဲ"

"ရဲကျော် သေသွားသလို မျိုးဇော်လည်း ထောင်ကျသွာ

ပြီ။ ဒီကိစ္စ ပြီးသွားပြီပဲ။ မင်း ဘာလို့ အခုမှလာပြီး အစပြန်ဖော်

နေတာလဲ"

"ပြီးသွားပြီ ဟုတ်လား။ မပြီးသေးဘူးကွ။ ငါ့အစ်ကိုက

သေရပြီး မင်းကတော့ ဘာလို့ပျော်နေတာလဲ။ ဒီရန်ပွဲကို ဦးဆော





ခဲ့တာ မင်း။ မင်း အခု ထောင်ထဲမှာသွားနေသင့်တယ်။ မင်းအဖေ

ရဲ့အရှိန်အဝါတွေကြောင့် မဟုတ်လား။ ငွေတွေနဲ့ ပစ်ပေါက်ပြီး မင်း

အခုလို ထောင်ထဲမှာမနေရဘဲ အပြင်မှာပျော်နေတာ မဟုတ်လား"

"မင်း မဆိုင်တာတွေ လာပြောမနေနဲ့။ ဓားယူလာတာက

မင်းအစ်ကို။ မျိုးဇော်ကို မင်းအစ်ကိုက ဓားနဲ့ထိုးတာ။ မျိုးဇော်

ရှောင်လို့ သူ့ဓားနဲ့သူ ပြန်အထိုးခံရပြီး သေသွားတာ။ ငါနဲ့ ဘာမှ

မဆိုင်ဘူး"

"မဆိုင်ဘူးဆိုတဲ့စကားတစ်လုံးနဲ့ မင်း ဒီလိုရှောင်ထွက်လို့

မရဘူး နေခ။ ငါ့အစ်ကိုကို ဆုံးရှုံးရတဲ့အတွက် ငါတို့ ခံစားရသလို

မင်းလည်း ခံစားစေရမယ်"

နေခ မျက်မှောင်ကြုတ်လိုက်မိသည်။

"ဗိန္ဒုလုံးတွေနဲ့ လာခြောက်မနေနဲ့။ မင်းစကားတွေက

ကြောက်စရာမကောင်းဘူး။ ငါ့ကို ခံစားစေချင်ရင် ဒီထက် ပိုကောင်း

တဲ့အကြောင်းအရာတွေ မင်း ရှာသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . ဟား . . . ကြိုက်သွားပြီ။ ဒီမှာ နေခ မင်း သိပ်ချစ်တဲ့ မိုးနှင်းမြူမြူဆိုရင်ရော ဘယ်လိုလဲ"

နေခရင်ထဲ ဆောင့်ခနဲ စုန်လှုပ်သွားသည်။

"ငါတို့ကိစ္စနဲ့ မိုးနှင်းမြူမြူက ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ မိုးနှင်းမြူမြူကို မရရင် မင်း သေမလိုဖြစ်နေတယ်လေ။ အဲဒီသတင်းက တစ်ကျောင်းလုံး မွှေးနေတာပဲ။ မင်း သိပ်ချစ်တဲ့လူကို ဆုံးရှုံးရရင် မင်း ဘယ်လိုနေမလဲ။ သိပ်လှတဲ့ပွဲပဲ နေခ"

"ဟောကောင် . . . မင်း ဘာလုပ်ချင်တာလဲ"

နေခ၏အသံက ချက်ချင်းပင် ကြောက်မက်ဖွယ်ကောင်း လောက်အောင် အေးစက်မာကျောသွားသည်။

နှိုင်ဖဲကို လှစ်ပြလိုက်သူလို သန့်စင်အသံက အားရွှ ထွက်ပေါ်လာသည်။

"မင်းအသံက ကြောက်စရာပဲ"





"ဟောကောင် . . . မင်း အပိုတွေပြောမနေနဲ့။ ဘာမှအပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို မင်း ဆွဲထည့်ဖို့ မကြိုးစားနဲ့"

"ဟား . . . ဟား . . . ဟား"

အော်ရယ်ရင်း သန့်စင်က ဖုန်းချသွားသည်။ နေခ ဖုန်းခွက်ကို ဒေါသထွက်စွာ တစ်ချက်ကြည့်ပြီး ဆောင့်ချလိုက်သည်။

သူ ဘာလုပ်သင့်လဲ။ မြူ၏မျက်နှာကို မြင်ယောင်မိရင်း သူ့ရင်တွေ ပူလောင်လာသည်။ သွေးရူးသွေးတန်းဖြစ်နေသော သန့်စင်က မြူရဲ့အသက်အန္တရာယ်ကို ထိခိုက်စေမှာလား။ ဒါမှမဟုတ် မြူ့ကို ဘယ်လိုဒုက္ခပေးနိုင်သေးလဲ၊ သူ့ကြောင့် မြူ တစ်စုံတစ်ရာ ထိခိုက်သွားခဲ့လျှင် သူ့ရင်တွေ ကြေမွသွားနိုင်သည်။ မြူ့ကို တစ်ယောက်တည်းထားလို့ မဖြစ်ဘူး။ မြူ့ဘေးမှာ သူရှိနေမှ ဖြစ်မည်။

နွေလယ်နေက ဒီနေ့မှ တစ်နှစ်လုံးစာ အပူတွေထုတ်လွှတ်လိုက်သလား ထင်မှတ်မှားရအောင် နေခအတွက် အရှ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက လောင်ကျွမ်းမတတ် ပူပြင်းတောက်လောင်နေတော့သည်။

•♥•♥•♥•။•♥•♥•♥•





## အခန်း ( ၈ )

မြူ ACCA စာအုပ်တွေကို ပွေ့ပိုက်ကာ အောက်ထပ်စာကြည့်ခန်းသို့ ဆင်းလာခဲ့သည်။ ဖေဖေသည် သူ၏ပြည့်ကျပ်နေသော စာသင်ချိန်များမှ စနေ၊ တနင်္ဂနွေ၌ မြူ တစ်ယောက်တည်း သီးသန့်သင်ပေးဖို့ တစ်ချိန်စာပေးထားတာက မေမေ၏ ပီဇိုအာဏာကြောင့်ဖြစ်သည်။ ဖေဖေ့အလိုဆိုလျှင် သူမကို သူ့ စာသင်ချိန်များထဲမှာပင် အခြားသူများနှင့် ရောနှောသင်စေချင်သည်။

မြူ စာကြည့်ခန်းတံခါးကို တွန်းဖွင့်လိုက်သည်။ မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသောသူကြောင့် မြူ့ဆီမှ လှုပ်ရှားမှုများ တဒင်္ဂရပ်ဆိုင်းသွားသည်။

"ဝင်လာလေ . . . သမီး"

ဖေဖေ၏အသံကြားမှ မြူ အသက်ပြန်ဝင်လာကာ အခန်းထဲသို့ ဝင်လိုက်သည်။ စုံမှာ ဝင်ထိုင်လိုက်တာနှင့် ဖေဖေက . . .

"သမီး . . . သူက မောင်နေခတဲ့။ ဖေဖေ့မိတ်ဆွေ ဦးကျော်ခရဲ့သား။ အခုချိန်ကစပြီး တောက်လျှောက် သမီးနဲ့ အတူတူစာသင်မှာ"

"ကျွန်တော်တို့အချင်းချင်း သိပါတယ် အန်ကယ်။ ကျောင်းမှာ တစ်ခန်းတည်းပါ"

"ဪ . . . သူငယ်ချင်းတွေလား။ ဒါဆို ပိုကောင်းတာပေါ့ကွာ။ ကဲ . . . စလိုက်ရအောင်"

White Board ဘက်လှည့်ဖို့ပြင်သော ဖေဖေ့ကို မြူ ကမန်းကတန်းဖြင့် . . .

"ဖေဖေ . . . မြူ ပြောစရာရှိတယ်"





ဖေဖေက မြူ့ကိုကြည့်လာသည်။ မြူ ပါးစပ်ဟဖို့ပြင်လိုက်စဉ် ဖေဖေ့ခါးတွင် ချိတ်ထားသော ဖုန်းက ချိန်သားကိုက်စွာ တီးလုံးသံမြည်လာတော့သည်။

နေခ၏ မြောက်တက်သွားသော သက်မက ဖုန်းမှ တီးလုံးသံ၏ကယ်ဆယ်မှုဖြင့် ဖြည်းညင်းစွာ ပြန်ကျလေသည်။ ဦးမိုးဇွေက . . .

"ခဏနော်"

ဟုပြောကာ ဖုန်းကို ကိုင်လျက် အခန်းပြင်ထွက်သွားသည်။

"မြူ . . . မင်းကို ငါပြောစရာရှိတယ်"

မြူ၏ခပ်ထက်ထက် အကြည့်တွေက နေခဆီ စူးစူးစိုက်စိုက် ရောက်ရှိလာသည်။

"ကျေးဇူးပြုပြီး မင်းအဖေကို ဘာမှမပြောပါနဲ့။ ဒီစာသင်တဲ့ တစ်ချိန်လေးပဲ သည်းခံပေးပါ။ ပြီးရင် မင်းကို ပြောစရာရှိလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တသင်ရှိန်ပြီးလို့ ငါပြောတဲ့စကားကို မင်း လက်မခံနိုင်ဘူးဆိုရင် မင်း စိတ်ကြိုက်လုပ်လို့ရတယ်"

တစ်ခါမှ မရှိဖူးခဲ့သော နေခ၏ ခယယယမျက်လုံးများကို စူးစိုက်ကြည့်ရင်း မြူ့ အနည်းငယ် တွေဝေသွားမိသည်။

မြူ့မျက်လုံးဆီမှ အဖြေကို ရင်မောစွာ မျှော်လင့်ကြည့်နေရင်း နေခ ထပ်၍ . . .

"တကယ်အနူးအညွတ်ပြောနေတာပါ မြူ့။ Please"

ထိုစဉ် ဦးမိုးဇွေ အခန်းထဲပြန်ဝင်လာသည်။

"သမီး ပြောစရာရှိတယ်ဆို၊ ပြောလေ"

မြူ့၏ ပါးစပ်အဟကို နေခ စိုးထိတ်စွာကြည့်နေမိသည်။

"ဟိုလေ . . . ဖေဖေ"

မြူ့က တစ်ချက်တုံ့ဆိုင်းသွားပြီး သူမ၏မျက်လုံးအရှေ့က နေခဆီ ရောက်လာသည်။ နေခ၏တောင်းပန်တိုးလျှိုးသလို မျက်နှာက သူမအတွက် ဆန်းပြားနေသည်။





"အရေးမကြီးပါဘူး ဖေဖေ။ နောက်မှပဲ ပြောတော့မယ်"

နေခ အခုမှ သက်မောကို လွှတ်လပ်စွာ ဖွင့်ချလိုက်နိုင်သည်။

"ကဲ . . . ဒါဆို စလိုက်ရအောင်"

White board ဘက်လှည့်သွားသော ဦးမိုးဇွေနှင့်အတူ မြူ့နှင့်နေခလည်း ဘောပင်ကို ကောက်ကိုင်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နွေမျှော်ပိတောက်ပင်ကြီးက အစိမ်းရောင်ရင့်ရောင် ဝတ်ရုံကို ခြုံလွှားထားသည်။ မြှုသည် ခြံထောင့်ရှိ ပိတောက်ပင်အောက်က ကျောက်စားပွဲတွင် ထိုင်လိုက်သည်။ နေခလည်း မြှုနှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"ရှင့်မှာ ပြောစရာရှိတယ်ဆို . . . ပြောလေ"

"မင်းနဲ့ငါ အခုချိန်ကစပြီး သူငယ်ချင်းလုပ်ရအောင်"

"သူငယ်ချင်း . . . ဟုတ်လား"

အံ့ဩဟန်အထင်းသားပေါ်နေသည့် မြှုမျက်နှာကို နေခ ခပ်အေးအေးကြည့်ရင်း . . .

"ဟုတ်တယ်"

"ဘာလို့ ရှင်နဲ့သူငယ်ချင်းလုပ်ရမှာလဲ။ မလုပ်ချင်ပါဘူး"

အလွန်ပြတ်သားလှသော မြှု၏အငြင်းကို နေခ စိတ်





မဆိုးနိုင်အားပဲ . . .

"ဒီလိုကွာ . . . မင်း ငါ့ကို သူငယ်ချင်းအဖြစ် လက်ခံရင် မင်းဖြစ်စေချင်တာ အားလုံး ငါ လုပ်ပေးမယ်"

နေခ၏မက်လုံးက အတော်လေးတာသွားပုံရသည်။ ရှက်ချင်းပင် မြှုမျက်နှာ၌ တွေဝေသည့်အရိပ်အရောင်များ ခက်ဖြာသွားသည်။

"ကျောင်းမှာ ကျွန်မက ရှင့်ဇကောင်မလေးပါလို့ ပြောထားတာကို ပြန်ဖြေရှင်းပေးမှာလား"

"အင်း"

နေခ၏ခေါင်းအညိတ်တွင် မြှုမျက်ဝန်းများ ဖျတ်ခနဲ တောက်ပသွားသည်။

"ဒါဆို ရှင် ကျွန်မကို လုံးဝမနှောင့်ယှက်တော့ဘူးပေါ့"

"မင်း ဘာကိုဆိုလိုတာလဲ၊ ငါ့ကို သူငယ်ချင်းအဖြစ် အသိအမှတ်ပြုမှ မင်းဖြစ်စေချင်တာ လုပ်ပေးမှာ၊ ခေမာတို့ စတွေ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်လိုနေလဲ၊ ကင်တီးမှာ အတူစားတယ်၊ စာအတူကျက်တယ်၊ သွားအတူ လာအတူ သူငယ်ချင်းမျိုး"

နေခစကားအဆုံးတွင် မြူမျက်နှာက ဆုံးဖြတ်ရခက်သလို တွေခနဲဖြစ်သွားသည်။ နေခ ဆက်၍ ပြောလိုက်သည်။

"မင်းကို စိတ်အနှောင့်အယှက်ဖြစ်အောင် ငါ ဘာတင်ရမှ မလုပ်ဘူး"

မြူက နေခမျက်နှာကို ဖျတ်ခနဲကြည့်ပါသည်။ ဒခုတိုင် ဆုံးဖြတ်ရခက်ဆဲ မြူမျက်နှာကို နေခကြည့်ပြီး . . .

"ဒီလိုလုပ်ရအောင် . . . ငါတို့ အစမ်းသူငယ်ချင်းလုပ်ကြည့်တာပေါ့။ စမ်းကြည့်လို့ အဆင်မပြေတဲ့အခါကျရင် မင်းသဘောပဲ"

သူမအတွက် အသာချည်းဖြစ်နိုင်သော နေခ၏အဆိုပြုချက်များ၏ ညှို့ငင်ဆွဲဆောင်မှုကို မြူ မကျော်လွှန်နိုင်တော့။ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ကာ . . .





"ရှင်ပြောတဲ့စကားတွေ တည်ရမယ်နော်"

စိုးရိမ်မကင်းသော မျက်လုံးဝိုင်းနှင့် လက်ညှိုးလေးထောင်ကာ ပြောသော မြူကို နေခ ပြုံး၍ ကြည့်ရင်း ခေါင်းညိတ်လိုက်တော့သည်။

နွေးသယ်နေက ထုံးစံမပျက်ကျဲကျဲတောက်ပူနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုနေခက နင့်ရဲ့အစမ်းခန့် သူငယ်ချင်းဖြစ်သွားပြီ ပေါ့"

မြူ့ ပြောပြတာကို နားထောင်ပြီး ခတ္တာက တအံ့တသြ ပြောသည်။ မြူ့ ခေါင်းအညီတ်တွင် ခေမာက တမင်လုပ်ထားသော အခြောက်လိုနာသံဖြင့် . . .

"ဖြစ်သွားပြီ . . . ဖြစ်သွားပြန်ပြီ"

မြူက ခေမာနှင့်ခတ္တာကို တစ်လှည့်စီကြည့်ကာ . . .

"အဲဒါ နင်တို့ ဘယ်လိုသဘောရလဲ ပြောဦး"

"အင်း . . . ဘယ်လိုမှသဘောမရပါဘူး။ နင်နဲ့ကိုနေခ အစမ်းမှတ်ပုံတင်တဲ့ကိစ္စ ငါတို့နဲ့ ဘာဆိုင်လို့လဲ နော် . . . ခတ္တာရာ"

ခေမာက ပါကီဖွဲ့ဖိတ်ခေါ်ခြင်းအပေါ် ခတ္တာက မဆိုင်းမတွ ပင် . . .





"အေးလေ . . . သူတို့ဟာသူတို့ သဘောတူပြီးမှ ငါတို့ကို လာမေးနေတယ်။ ငါတို့သဘောထားက ဘာများအရေးကြီးနေ လို့လဲ"

တကယ်တော့ ကိုနေခကို မြူနှင့်ပတ်သက်ပြီး ခေမာနှင့် ခတ္တာက တက်ညီလက်ညီ အမြင်ကတ်ကြရာမှ ကာယကံရှင် မြူက အခုလိုလုပ်ချင်ရာလုပ်လာပြီးမှ သူတို့သဘောထား လာတောင်း တာကြောင့် အမြင်ကတ်ကတ်နဲ့ ဘုတောနေကြတာ ဖြစ်သည်။

"အရေးကြီးတာပေါ့ဟယ်။ နင်တို့နဲ့ ငါက အတူတူပဲဟာ ကို။ တစ်နွယ်ငင် တစ်စင်ပါဆိုတဲ့စကား ရှိတယ်လေဟာ။ ငါနဲ့ ကိုနေခ သူငယ်ချင်းဆိုရင် နင်တို့နဲ့လည်း သူငယ်ချင်းဖြစ်သွားပြီပဲ"

"အဂ်ိုလေး . . . ဒါဆို ကိုနေခက နင့်ကို တစ်နွယ်ငင် လိုက်တော့ ငါတို့ကလည်း ယက်ကန် ယက်ကန်နဲ့ အစဉ်လိုက်ကြီး ပါရမယ်ဆိုတဲ့ သဘောပေါ့ . . . ဟုတ်လား"

ခေမာ၏ ငေါ့တော့တော့အပြောကို ခတ္တာက featuring



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။

"ဘုရား . . . ဘုရား"

မြူ စိတ်ညစ်ညူးစွာ မျက်နှာရှုံ့မဲ့လိုက်ရင်း . . .

"နင်တို့ကလည်းဟာ စကားအကောင်းပြောပါဦး။ ငါက သူ့ရဲ့နောက်ယှက်မှုကို ခံနေရတာထက်စာရင် ငြိမ်းချမ်းရေးယူလိုက်တာက ပိုကောင်းမယ်ထင်လို့ပါ။ နင်တို့ သဘောမတူရင် ငါ ကိုနေ ကို ပြန်ပြောလိုက်မယ်။ သူငယ်ချင်းမလုပ်တော့ဘူးလို့"

အဲဒီတော့မှ ခေမာနှင့် ခတ္တာက သူတို့သဘောထား အရေးပါမှုကို အတိအလင်းသိသွားပုံမျိုးဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ ထို့နောက် မြူ့ဘက်လှည့်ကာ . . .

"သဘောတူပါတယ်"

"ထောက်ခံပါတယ်"

အသီးသီးထွက်လာသော အဖြေများကို နားထောင်ရင်း အခုမှ စိတ်အေးသွားသလို မြူ့မျက်နှာ ကြည်လင်သွားတော့သည်။





တကယ်တော့ မြူ့စိတ်ထဲ၌လည်း နေခကို သူငယ်ချင်း လုပ်ရခြင်းအပေါ် မှန်လား၊ မှားလား ချိတုံ့ချတုံ့ဖြစ်နေခဲ့သည်။ မြူ့ကို ရည်းစားစကားပြောသည်။ မရတော့ မြူ့ကို လိုက်တဲ့လူမှန်သမျှ သူ့ရန်သူဟုဆိုကာ မြူ့အား တံတိုင်းအထပ်ထပ်ဖြင့် ကာရံဖို့ ကြိုးစားပြန်သည်။ အခု သူ့ကို သူငယ်ချင်းတော်လိုက်ခြင်းက တကယ်ပဲ မြူ့စိတ်အနှောင့်အယှက်များ ကင်းသွားစေနိုင်မှာလား။ မသေချာ။ ဘာပဲပြောပြော တိုင်ပင်ဖော် ခေမာနှင့် ခတ္တာရှိနေသည့်အတွက် မြူ့စိတ်ထဲ အားရှိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုလုံး ခေမာနှင့်ခတ္တာ၏ ပွတ်တွတ်ပွတ်တွတ် စာရွက်သံက ဖုံးလွှမ်းထားသည်။ အခန်း၏ထောင့်တစ်ဖက် တစ်ချက်တွင် ခေမာနှင့် ခတ္တာက နေရာယူ၍ စာကျက်သည်။ မြ က နံ့တန်းတစ်ခုတွင်ထိုင်ကာ ပုစ္ဆာတွေကို တွက်သည်။ နေခက တော့ ပြတင်းပေါက်ဘောင်ကို ကျောမှီလျက် ipad နှင့် ဂိမ်းဆော နေသည်။

ဒီနေ့ tutorial တစ်ချိန်ကလွဲပြီး အခြားစာသင်ချိန်တွေ မရှိပေ။ မြူတို့သုံးယောက်လည်း အိမ်မပြန်ဘဲ ကျောင်းမှာပဲ စာ ကျက်ဖို့ ဆုံးဖြတ်လိုက်ပြီး စာမသင်သော စာသင်ခန်းလွတ်တ ထဲ၌ စာကျက်ဖြစ်ကြသည်။ နေခကတော့ စာကျက်ဖို့ စိတ်ကူး ဘဲ မြူတို့သွားရာ တကောက်ကောက်လိုက်ပါနေတာ ဖြစ်သည်။

ဟာသဉာဏ်မရှိသလို ဖော်ဖော်ရွေရွေလည်း မနေတ





သော နေခနှင့် မြူတို့သည် သူငယ်ချင်းဆိုသည့် ဘောင်တစ်ခု အတွင်း ရောက်သွားသော်လည်း ပြောမနာ ဆိုမနာ ရင်းနှီးမှုမျိုး တော့ မရနိုင်ဘဲရှိသည်။ တစ်ခါတစ်ရံ မြူတို့ ရယ်စရာပြောပြီး တဟားဟားဖြစ်နေသည့်တိုင် လိုက်မရယ်သော နေခနှင့် သူငယ်ချင်း ပေါင်းပေါင်းရတာ အရင့်မမှန်သော အနုမှည့်သစ်သီး တစ်လုံးကို စားရသလိုပင် ဖွယ်တယ်တယ် နိုင်လှသည်။

ဒါပေမယ့် အဝေးမြင်နှင့် အနီးမြင်၏ ကွာခြားချက်ကို တော့ မြူ တိတိပပ ခံစားရသည်။ အရင်တုန်းကလို နေခအပေါ် အမြင်ကတ်နေတာမျိုး၊ ဒေါသဖြစ်နေတာမျိုးတော့ မြူ့ရင်ထဲ လုံးဝ ပျောက်ကွယ်သွားသည်။

နေခသည် game ဆော့နေရာမှ ipad ကို နီးစပ်ရာ နံ့တွင် တင်ကာ အပြင်ထွက်သွားတာ တွေ့ရသည်။ တစ်အောင့် နေတော့ နေခ ပြန်ဝင်လာသည်။ လက်ထဲမှာလည်း အထုပ် တစ်ထုပ်ကိုင်လျက် မြူ့ရှေ့တွင် ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်မဆာသေးဘူးလား။ မင်းအတွက် ထမင်းပေါင်း ဝယ်လာတာ စားလိုက်ဦး"

မြူက ဖော့ဘူးနှင့်ထည့်ထားသည့် တစ်ထုပ်တည်းသော ထမင်းပေါင်းကို ကြည့်ပြီး ချက်ချင်းခေါင်းခါလိုက်ကာ . . .

"ဟင့်အင်း . . . မြူ မဆာဘူး"

တကယ်တော့ ထမင်းပေါင်းဘူးကို မြင်တာနှင့် နေ့လယ် ထမင်းစားချိန်ရောက်ပြီဖြစ်ကြောင်း ဗိုက်ထဲက သံချောင်းခေါက် နေပြီဖြစ်သည်။ ဒါပေမယ့် မေမာတို့ စတ္တာတို့ရှိနေလျက်နဲ့ မြူ တစ် ယောက်တည်း စားနေရမှာလား။ ဝယ်ကျွေးချင်တယ်ဆိုလည်း အားလုံးကို ဝယ်ကျွေးရမှာ မဟုတ်လား။ ကိုနေခ၏ အထာမကျ သော စေတနာက ကိုးရိုးကားရားနိုင်စွာ စိတ်ပျက်ဖွယ်ကောင်းလှ သည်။

"၁၂ နာရီတောင်ခွဲတော့မယ့်ဟာ ဗိုက်က ဘာလို့ မဆာ တာလဲ"





မျက်မှောင်ကြုတ်ကာ ပြောသော နေခကို မြူ စိတ်ကုန်စွာ မျက်နှာလွှဲလိုက်ပြီး . . .

"မဆာချင်သေးလို့ မစားတာ"

"မင်း နေမကောင်းဖြစ်မှာစိုးလို့ ငါက ဘာကူး[illegible] ဝယ် လာပေးတာနော်။ မင်းမျက်နှာ ဘာဖြစ်နေ[illegible]လဲ"

တော်တော်နားမလည်တတ်တဲ့ လူပါးဝသားဆို[illegible] ဖြင့် မြူ နေခကိုကြည့်လိုက်သည်။ မေမာတို့ စတ္တာကို ကြား[illegible] ကို မကောင်းတာမို့ . . .

"[illegible]ကလာဦး"

ပြောကာ မြူက အခန်းပြင်ထွက်သွားတ[illegible] နေ[illegible] မြူနောက်မှ လိုက်လာခဲ့သည်။

"ထမင်းပေါင်းလေးတစ်ပွဲ ဝယ်ကျွေးတာကွာ။ မင်း ဘာ တွေ ဖြစ်နေတာလဲ"

"ရှင်ကပဲ အပြစ်တင်ရတယ်ရှိသေးတယ်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာ အားလုံးအတွက် မဝယ်လာဘဲ မြူက တစ်ယောက်တည်း စားစရာလား။ ဒီလောက်တောင် ကျေးချင်နေရင်လည်း ကင်တီးမှာ အားလုံးကို လိုက်ကျွေးပါလား"

"ဪ . . . ဒါလား"

နေခမျက်နှာက ချက်ချင်းပင် အိုးတိုးအန့်တန့်ဖြစ်သွားသည်။ သူ့နဖူးထောင့်စွန်းကို လက်ညှိုးနှင့်ပွတ်လိုက်သည့်ပုံက နေခဆီမှ မြူ တစ်ခါမှ မမြင်ဖူးသော အမူအရာလည်း ဖြစ်သည်။ မြူ စိတ်မရှည်စွာဖြင့် . . .

"အခုကျတော့ ကပ်စီးနည်းနေပြီ မဟုတ်လား"

နေခ မြူ့ကို ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး . . .

"ဟိုကွာ . . . ငါ့မှာ ပိုက်ဆံပါမလာဘူး။ ပိုက်ဆံအိတ် အိမ်မှာကျန်ခဲ့လို့"

မြူ မျက်ခုံးများ မြင့်တက်သွားစေသည်။

"ဒါဆို ဒီထမင်းပေါင်းက ဘယ်လိုဝယ်ခဲ့တာလဲ"





"ကင်တီးမှာ အကြွေးနဲ့ဝယ်ခဲ့တာ။ မင်းကိုကြည့်ရတာ ဗိုက်ဆာနေတဲ့ပုံပေါက်နေလို့"

"ဟယ် . . . ဖြစ်ရလေ ကိုနေခရယ် . . . ဟင်း . . . ဟင်း"

ငိုအားထက် ရယ်အားသန်ဆိုသလို နေခကို ကြည့်ရင်း မြူရယ်မောလိုက်မိသည်။ မြူရယ်တာကို ကြည့်ပြီး နေခလည်း ရှက်ကိုးရှက်ကန်း ရယ်သည်။

"ဗိုက်ဆာတာက မြူ မဖြစ်နိုင်ဘူး။ ကိုနေခ ဗိုက်ဆာနေတာ ဖြစ်မှာ . . . ဟင်း . . . ဟင်း . . . ဒီနေ့ မြူကပဲ ဒကာခံပြီး ကျွေးပါ့မယ်"

ရယ်မောနေသော မြူ့မျက်နှာလေးကို နေခ ပြုံး၍ငေးစိုက်ကြည့်နေမိသည်။

ချစ်သူ . . .

ပထမ ကိုယ့်ရှေ့မှာ မင်းပြုံးလိုက်ပါ . . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် တိမ်တွေ နိုးနိုင်လိမ့်မယ်

ဒုတိယ ကိုယ့်ရှေ့မှာ မင်း ရယ်လိုက်ပါ . . .

ကိုယ် ကြယ်တွေကို ပိုင်စိုးနိုင်လိမ့်မယ်

တတိယ ကိုယ့်ရင်ခွင်ထဲ မင်း ဝင်လိုက်ပါ . . .

ကိုယ် စကြာဝဠာတစ်ခုလုံး သိမ်းပိုက်နိုင်လိမ့် မယ်။





"အသည်းဖတ်တွေ မထည့်နဲ့လို့ပြောဖို့ မေ့သွားတယ်"

မြူက စပ်ညည်းညည်းပြောကာ ကြာဇံကြော်ထဲမှ အသည်း ဖတ်တွေချည်း ရွေးထုတ်ကာ ပန်းကန်ခေါး နှုတ်ခမ်းတွင်ပုံသည်။

"မင်းမကြိုက်ရင် ငါ့ကိုပေးလေ။ ငါက အသည်းကြိုက် တယ်"

"ဟုတ်လား . . . ဒါဆို . . . ယူလေ"

မြူပန်းကန်ထဲမှ အသည်းဖတ်တွေကို ဓနေက တစ် ဖတ်ချင်းတူနဲ့ယူကာ သူ့ပန်းကန်ထဲထည့်သည်။ စန္ဒာက မြူတို့ နှစ်ယောက်ကိုကြည့်ပြီး . . .

"သူများတွေကတော့ အပေးအယူမျှကုန်ကြပြီ ခမော။ နင်လည်း မကြိုက်တာရှိရင် ငါ့ကို ပြောဦး"

"အသည်းလိုချင်တာယ်ပေါ့လေ . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နော် . . . ဘာဖြစ်နေကြတာလဲ"

လှမ်းဟန့်သော မြူ့ကို ခေမာနှင့်ခတ္တာက မရှိုမရှဉ် မျက်နှာဖြင့် ပြန်ကြည့်သည်။ ထိုစဉ် နေခ မျက်လုံးက တစ်ပိုင်း ကျော်က သကောင့်သား သုံးကောင်ဆီ အကြည့်ရောက်သည်။ ကြည့်စမ်း . . . ကြည့်စမ်း . . . ဟန်လင်း၊ လူဖော်နှင့် အောင်ထက် မြူ့ကို လှမ်းကြည့်နေတဲ့ ဒီကောင်တွေရဲ့မျက်လုံးမှာ အခိုးတလူလူ လွင့်ထွက်နေတဲ့ တဏှာရာဂတွေကို နေခ အတိုင်းသားမြင်နေရသည်။

"တောက်"

ရုတ်တရက် ကျယ်လောင်စွာ ထွက်လာသည့် နေခ၏ တောက်ခေါက်သံကြောင့် မြူ့တို့အားလုံး အလန့်တကြား နေခကို ကြည့်သည်။ နီရဲနေသော နေခ၏မျက်နှာက တစ်ခုခုကို ဒေါသ ထွက်နေမှန်း သိသာသည်။

"ဘာဖြစ်လို့လဲဟင်"

"ဘာမှမဟုတ်ပါဘူး။ လန့်သွားလား . . . စားကြလေ"





မြူ့တို့မျက်လုံးတွေ အစားဆီပြန်ရောက်သွားတာနှင့် နေခ မျက်နှာကို စောင်းငဲ့ကာ ဟိုကောင်တွေကို ကြည့်လိုက်သည်။ သုံး ကောင်သား တစ်ပိုင်းတည်းထိုင်ကာ လက်ဖက်ရည်တစ်ငုံသောက် လိုက် မြူ့ဆီ လှမ်းရှိုးလိုက်လုပ်နေပုံက နေခ ဒေါသကို ထောင်း ထောင်းထစေသည်။

နေခမနေနိုင်တော့။ ဖြုတ်ခနဲထလိုက်ကာ မြူ့ရှေ့ မျက်နှာ ချင်းဆိုင် တည့်တည့်ကျအောင် ခုံကို ရွှေ့ထိုင်လိုက်သည်။ မြူ့ထက် မြင့်မားကြီးထွားသော သူ့ကိုယ်လုံးဖြင့် မြူ့ကို အုပ်ကာစေရန် ရည်ရွယ်ချက်နှင့်ဖြစ်သည်။

တစ်ယောက်တည်း ရှုပ်ယှက်ခက်နေသော နေခကို မြူ သာမက ခေမာနှင့် ခတ္တာကပါ မျက်လုံးလှန်၍ကြည့်သည်။ မြူ့တို့ ကလည်း အချဉ်တွေမှ မဟုတ်တာပင်။ ကင်တီးထဲ မျက်လုံးဝေ့ ကြည့်လိုက်တာနှင့် နေခ ဖြစ်ပျက်နေရခြင်းအကြောင်းရင်းကို ချက်ချင်း သဘောပေါက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြူ သက်ပြင်းတစ်ချက်ကို ကြိတ်ချလိုက်မိသည်။ ချစ်ရသူ တစ်ယောက်၏ ဒုက္ခကို မချစ်ဖူးသူ မြူအတွက် ရှိုးရှဉ်ဖန်ခါး မသေချာသော်လည်း အချစ်ခံရခြင်း၏ ဒုက္ခကိုတော့ မြူ တိတိပပ ခံစားရသည်။ အထူးသဖြင့် နေခလိုလူတစ်ယောက်က မြူ့ကို မျက်စိကျသွားခြင်းသည် ရှန်းထွက်မလွယ်သော ပိုက်ကွန်ထဲ ပိတ်မိ သွားသူလိုပင် ဟိုဘက် ရှန်းတော့လည်း မလွတ်၊ ဒီဘက်ရှန်းတော့ လည်း မထူးဆိုသလို မြူ ခံစားရသည်။ အခုလို သူငယ်ချင်းအဖြစ် ကိုနေခကို သတ်မှတ်လိုက်ခြင်းက အရင်အခြေအနေထက် ပိုကောင်းသွားစေလား၊ ဒါမှမဟုတ် ပိုဆိုးသွားစေလားဆိုတဲ့ မေးခွန်းကို မြူ အတွေးထဲ သရုပ်ခွဲနေမိတော့သည်။

•♥•♣•♠•:•♣•♣•♥•♥





အခန်း ( ၉ )

အင်းယားရေပြင်ကြီးက အချစ်ဗွယ်စုံကျမ်းတစ်စောင်ကို ပြစုရန် လှေလာနေသလား ထင်ရအောင်ပင် စုံတွဲများကို မြိမ်သက် စွာ စိုက်ကြည့်နေသည်။

ဒီနေ့ ခေမာ၏မွေးနေ့ဖြစ်သည်။ စိမ်းလန်းစိုပြည်ရှိ Zephyr တွင် ကျွေးမည်ဟု ချိန်းထားတာကြောင့် မြူ၊ စန္ဒာနှင့် နေခတို့က စိမ်းလန်းစိုပြည်ထဲ ရောက်နေကြသည်။ သို့သော် မွေးနေ့ရှင် ခေမာက ရောက်မလာသေး။



www.burmeseclassic.com

www.burmeseclassic.com



"ခေမာတို့ကတော့ လုပ်ပြီ။ မွေးနေ့ရှင်ဖြစ်ပြီး သူပဲ နောက်ကျနေတယ်"

ခေတ္တာအသံက ခပ်ညည်းညည်းထွက်ပေါ်လာသည်။ ကန်ဒရေမြင်မှလာသော လေပြည်က မွှေး၏လောင်းရိပ်အောက်တွင် လေပြည်ငွေ့ဖြစ်နေသည်။

အချိုရည်ဘူးသွားဝယ်ရာမှ ပြန်လာသော နေခက မြူနှင့် ခတ္တာကို အချိုရည်ဘူး ကမ်းပေးသည်။

"ဟိတ် . . . နေခ"

ခေါ်သံကြောင့် နေခ လှည့်ကြည့်သလို မြူတို့လည်း လှည့်ကြည့်လိုက်သည်။

"ဩော် . . . နန်းထိုက် ဒီမှာ ရှုတင်ရှိတာလား"

မြူရော ခတ္တာပါ မြင်ရသူကို အံ့သြစွာကြည့်မိသည်။ အခု တလော ကြော်ငြာတွေ၊ bill board တွေ၊ မဂ္ဂဇင်းစာမျက်နှာ တွေတိုင်းမှာ ခေပန်းစားနေသည့် မော်ဒယ်လ်နန်းထိုက်တော်ဝင်





ဖြစ်နေသောကြောင့်ပင်။ သူမကို အဖော်နှစ်ယောက် ခြံရံလျက် တွေ့ရသည်။

"ဟုတ်တယ်။ နေခက သူငယ်ချင်းတွေရဲ့အတူလာတာ လား"

သူမက မြူတို့ကို မျက်လုံး တစ်ချက်ဝေ့ကြည့်ကာ ပြောသည်။ မျက်လုံးအဝေ့အဝဲက ရောင်စဉ်တန်းများ လက်ဖြာသွားစေသလား ထင်ရသည်။ နှုတ်ခမ်းနှစ်လွှာအံ့ဟာနှင့်အကျက ပွင့်လက်စ ပန်းတွေအားလုံး မျက်လွှာချရလောက်အောင် ညှို့ငင်နိုင်သည်။ အရယ်အပြုံးက ကောင်းကင်ယံက သက်တန့်အစင်းပေါင်းများစွာကို မှိန်ဖျော့သွားစေနိုင်သည်။ မိန်းကလေးအချင်းချင်းပင် ငမ်းချင်စရာကောင်းလောက်အောင် နန်းထိုက်၏ လှချက်က ရက်စက်ပါပေသည်။

"အင်း . . . ကျောင်းက သူငယ်ချင်းတွေလေ"

သူမက မြူနှင့်ခတ္တာကို ခင်မင်နစ်လိုမှုအပြည့် ဆော



www.burmeseclassic.com

www.burmeseclassic.com



သော အပြုံးမျိုးဖြင့် ပြုံးပြတာမို့ မြူတို့ကလည်း နှစ်နှစ်ကာကာပင် ပြန်ပြုံးပြလိုက်သည်။ သူမက နေခဘက်လှည့်ကာ . . .

"အခမ်းအနားတစ်ခုလုံးအတွက် တာဝန်ယူပေးတဲ့ Jasmine က ကိုမိုးတိမ်ကို နေခ တွေ့ချင်တယ်ဆို။ အခုရိုက်ကွင်းမှာ ရှိတယ်။ လိုက်တွေ့မလား"

"ဟာ . . . အတော်ပဲပေါ့။ တွေ့မယ်လေ"

နေခက မြူတို့ကိုကြည့်ကာ . . .

"ခဏလိုက်သွားလိုက်ဦးမယ်"

နန်းထိုက်တော်ဝင်ကလည်း မြူတို့အား နှုတ်ဆက်ပြုံးပြုံးပြကာ နေခနှင့်အတူ ယှဉ်တွဲထွက်သွားတော့သည်။

"နန်းထိုက်က တကယ်လှတာပဲနော် မြူ။ ကောင်လေးတွေရဲ့ ပါးစပ်ထဲမှာ နန်းထိုက်လေး၊ နန်းထိုက်လေးဆိုပြီး နာမည်ကြီးနေတာလည်း မလွန်ဘူးဟ"

"အင်း"





ခေါင်းကို အသာညိတ်ထောက်ခံသော မြူကို ငုံ့ကြည့်ပြီး ခေမာက တစ်စုံတစ်ခုကို အလွန်အမင်းသိချင်သွားသည့်ပုံစံမျိုးဖြင့်

"မြူ . . . နင် ဘယ်လိုခံစားရလဲ"

"ဘာကိုလဲ"

"အခုလို နင့်ကို အသည်းအသန်ဖြစ်နေတဲ့ ကိုနေခက သိပ်လှတဲ့ကောင်မလေးတစ်ယောက်နဲ့အတူ ထွက်သွားတာ တွေ့ရတော့ နင့်ရင်ထဲမှာ ကျလိကျလိ"

ခတ္တာ၏စကားမဆုံးမီပင် မြူက . . .

"တော်စမ်းပါ ခတ္တာရာ။ ဘာမှမကျလိဘူး။ ဘယ်လိုမှကို မနေတာ"

ခတ္တာက မြူ၏ရင်တွင်းစာမျက်နှာကို ဆွဲထုတ်ဖြန့်လှန်တော့မည့်အကြည့်မျိုးဖြင့် ကြည့်ပါသည်။

"သေချာလို့လား မြူရဲ့။ လူဆိုတာ ကိုယ်ဘယ်လောက်ပဲ မကြိုက်တဲ့ပစ္စည်းဖြစ်ဖြစ် အခြားလူတစ်ယောက်က တောက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်တော့ ရင်ဘတ်ထဲမှာတင် တန်ဖိုးက ပြောင်းလဲသွားတတ်တာ"

"ခတ္တာရယ် . . . နင် ဘယ်လိုဖြစ်နေတာလဲ။ လူကို မယုံသင်္ကာနဲ့"

"နင့်ကို မယုံလို့တော့ မဟုတ်ပါဘူး။ နီးလွန်းတော့ မမြင်၊ ကြီးလွန်းတော့ မထင်တဲ့။ နင့်ရင်ထဲမှာ နင်မမြင်လိုက် မထင်လိုက်တဲ့အရာတွေ ရှိနေရင် ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှလုပ်မနေနဲ့။ နင်ပြောတဲ့ကျလိကျလိတွေ တန်ဖိုးပြောင်းသွားတာတို့ မမြင်လိုက် မထင်လိုက်တာတို့ ဘာတစ်ခုမှကိုငါ့ရင်ထဲမှာ ရှိမနေဘူး။ ငါကလည်း ငါ့ရင်ခုန်သံတွေကို စောင့်ကြည့်နေတာပါ။ ငါ့ရင်ခုန်သံတွေကလေ ဒီအင်းယားရေပြင်ကြီးလိုပဲ အခုထိ ဘယ်လေတိုက်လို့မှ လှိုင်းခတ်မလာဘူး။ ကဲ . . . နင်ရှင်းပြီလား"

မြူ၏အပြောကို နားထောင်ပြီး ခတ္တာက နားကြားပြင်းကပ်





သွားသလို ရှုံ့မဲ့မဲ့ဖြင့် . . .

"ရှင်းပါ့ရှင် . . . ရှင်းပါ့။ ဒါကြောင့်မို့လို့ ငါလည်း တွေးမိတယ်။ ကိုနေခက ဘာဝင်္ကြေးတွေနဲ့များ သူ့ဘေးနားက လိပ်ပြာလေးတွေကို ထားပြီး နင်လိုအသည်းမာတဲ့ ပုစဉ်းရင်ကွဲနား တဝဲလည်လည် ဖြစ်နေပါလိမ့်လို့လေ"

"ဟယ် . . . ကြည့်စမ်း . . . ကြည့်စမ်း . . . ငါ့ကို ဒီလိုပြောစရာလား ခတ္တာအစုတ်ပလုတ်နော်"

"ဟင်း . . . ဟင်း"

စပ်ဖြဲစပ်ဖြဲလုပ်နေသော ခတ္တာကို မျက်စောင်းထိုးကာ မြူအင်းယားရေပြင်ဘက်သို့ မျက်နှာမူလိုက်သည်။ ရာဇဝင်များစွာထဲမှ အင်းယားက ရိုးရာမပျက် ခမ်းနားနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



နေခ Zephyr ထဲသို့ ဝင်လိုက်သည်။ မွေးနေ့ရှင် ခေမာ ရောက်နေပြီး သူမသိသော လူတစ်ယောက်၊ ပြီးတော့ သန့်စင်ကိုပါ တွေ့ရသည်။ မြူ၏နံဘေးခုံတွင်ထိုင်ကာ သူ့ဝင်အလာကို မျက်လုံး လှန်ကြည့်နေသော သန့်စင်အား အတွေ့တွင် နေခ စိတ်အနှောင့် အယှက် ဖြစ်သွားသည်။ မြူ၏မျက်နှာချင်းဆိုင်ခုံတွင် နေခ ဝင်ထိုင် လိုက်သည်။

ခေမာက ထရပ်လိုက်ကာ . . .

"ဒီနေ့က ငါ့ရဲ့မွေးနေ့ဖြစ်သလို အခြားအထိမ်းအမှတ် တစ်ခုလည်း ရှိသေးတယ်။ အဲဒါကတော့ . . ."

ခေမာက စကားမဆက်ဘဲ ရပ်ကာ မြူနှင့်စတ္တာကို လှမ်း ကြည့်သည်။ ပြီးမှ ရှက်တက်တက်မရိုးမရွဉ်မျက်နှာဖြင့် . . .

"ငါနဲ့ ကိုကောင်းမွန်တို့ ချစ်သူတွေဖြစ်တဲ့အထိမ်းအမှတ်





နဲ့ပါ ပေါင်းကျွေးတာ"

"ဟယ် . . . ပျော်စရာကြီး"

ခေမာ၏ရှက်သွေးဖြန်းတန်းတန်း နီတီတီမျက်နှာလေးက ချစ်စရာကောင်းနေသည်။ မြန်ချင်တော့လည်း ခေမာ့ဆီမှ ဘာ အကြောင်းမှ သိပ်မကြားလိုက်ရ။ အခုတော့ ချစ်သူတွေဖြစ်သွားပြီ တဲ့။ မြူရင်ထဲ ခေမာ့အတွက် ဝမ်းသာသွားမိသည်။ ခေမာက ကိုကောင်းမွန်ကို စွဲလမ်းနေတယ်ဆိုတာ ဓာတ်ပုံကို ဆွဲလုထွက် ပြေးကတည်းက မြူ သိခဲ့ရသည် မဟုတ်လား။

"congraturation ကိုကောင်းမွန်။ ကြားရတာ တကယ် ဝမ်းသာတယ်ဗျာ"

သန့်စင်က ဂုဏ်ပြုစကားဆိုသည်။

"ကျေးဇူးပဲ ညီ"

နေခ ခပ်မဆိတ်ထိုင်နေမိသည်။ ကိုကောင်းမွန်ကို အခုမှ ဆုံဖူးတာဖြစ်သလို ခေမာနှင့်လည်း မြူနှင့်ပတ်သက်ပြီး ရင်းနီးတာ



www.burmeseclassic.com

www.burmeseclassic.com



မကြာသေးတာကြောင့် သူ့မှာ ပြောစရာစကားမရှိပါ။ အခုချိန်မှာ သူ စကားပြောချင်နေတာက သန့်စင်ဖြစ်သည်။ ဒီကောင့်ကို သတိပေးရမည်။ မြူ့ကို တစ်ခုခုလုပ်လို့ကတော့ သူ လက်ပိုက်ကြည့်နေမှာ မဟုတ်ကြောင်း ပြောရမည်။

သူ့အား ဖုန်းထဲမှာ ခြိမ်းခြောက်ပြီး မြူ့ရှေ့ရောက်တော့ မခုတ်တတ်တဲ့ ကြောင်လို ဟန်ဆောင်နေသော သန့်စင်၏ပြုံးမြဲမြဲ ရိုးကြည်နေသော မျက်နှာပေးက နေခ စိတ်ထဲတော့ ဖြတ်ရိုက်ပစ်ချင်စရာ ကောင်းလှသည်။

သန့်စင်၏ ခြိမ်းခြောက်မှုကြောင့်ပင် မြူ့ အန္တရာယ်ဖြစ်မှာ စိုးရိမ်စိတ်ဖြင့် အနီးကပ်စောင့်ရှောက်နိုင်အောင် မြူနှင့် သူငယ်ချင်း ဖွဲ့ခဲ့သည်။ မြူ့ တောင်းသည့်ကတိတွေက သူ့ရင်ထဲက အချစ်သစ်ပင်ကို အပိုင်းပိုင်း ခုတ်တစ်နေပေမယ့် မြူ့ အလိုကျ အကြိမ်ကြိမ် ခေါင်းညိတ်ခဲ့သည်။ သန့်စင်၏ ဓားဦးက သူ့ဝမ်းဗိုက်ထဲ တစ်ဆုံးစိုက်ဝင်သွားမယ်ဆိုရင်တောင် သူ မမှုပေမယ့် သန့်စင်၏





အပြုံးက မြူ့ဆီ အရောင်ဟပ်ခဲ့မယ်ဆိုရင်တော့ သူ ရင်ကွဲရလိမ့်မည်။

ပြန်ထိုင်လိုက်သော ခေမာက အခုမှ သတိရသွားသလို ဖြင့် နေခကို ကြည့်ပြီး . . .

"သြော် . . . ကိုနေခကို မိတ်ဆက်ပေးဖို့ မေ့နေတာပဲ။ သူ့နာမည်က ကိုနေခတဲ့။ ခေမာတို့အတန်းထဲကပဲ။ ကိုနေခ သူက ကိုကောင်းမွန်တဲ့၊ သူ့နာမည်ကတော့ သန့်စင်"

"တွေ့ရတာ ဝမ်းသာတယ်နော် . . . ညီ"

"ကျွန်တော်လည်း ဝမ်းသာပါတယ်"

ကိုကောင်းမွန်အား နေခ အလိုက်သင့်ပြန်ပြောလိုက်သည်။

"ငါလည်း မင်းကိုတွေ့ရတာ ဝမ်းသာပါတယ် နေခ"

ခပ်ပြုံးပြုံးစိုက်ကြည့်ကာ ပြောသော သန့်စင်အား နေခ ပြန်စိုက်ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါရောပဲ"

ထိုစဉ် အစားအသောက်တွေ လာချတာမို့ အားပြိုင်နေသော နေခတို့၏ အကြည့်များကို ဘယ်သူမှ သတိမထားလိုက်မိပေ။ အားလုံး၏ အာရုံက အစားအသောက်ဆီ ရောက်ကုန်သည်။

ထမင်းပေါင်းထဲမှာ အသည်းဖတ်များကို ပန်းကန်ဘေးနှုတ်ခမ်းပေါ်ပုံနေသော မြူ့ပန်းကန်ဆီ နေခ တူကို ရွယ်လိုက်ရုံရှိသေးသည်။ သန့်စင်ဆီမှ အသံထွက်လာသည်။

"မြူ့ အသည်းမကြိုက်ဘူးလား။ ကျွန်တော့်ကိုပေးလေ။ ကျွန်တော်က အသည်းကြိုက်တယ်"

"ဩော် . . . ယူလေ ကိုသန့်စင်"

"ရော့ . . . မြူ့ . . . ငုံးဥစား"

"ရတယ်။ သန့်စင်ပဲ စားပါ"

"ကျွန်တော် မကြိုက်လို့ မြူ့ရဲ့"

"ဩော် . . . ဒါဆိုလည်း ထည့်လေ"





နေခမျက်စိရှေ့၌ အသွားအပြန် ရှုပ်ယှက်ခတ်နေသော ပန်းကန်နှစ်ချပ်ဆီမှ အကြည့်ကို ရုပ်သိမ်းကာ အစားကို ခပ်သွက်သွက် စားလိုက်သည်။

အစားအသောက်ကို လက်စသတ်ပြီးနောက် သူ ဖျော်ရည်အား စုပ်သောက်နေစဉ် သန့်စင်က ရုတ်တရက်ထကာ toilet ဘက် ထွက်သွားသည်။ နေခလည်း သန့်စင်နောက်မှ လိုက်ကာ toilet ထဲ ဝင်လိုက်သည်။

လူရှင်းနေသော toilet ထဲ ဘေစင်ကို မှီကာ သူ ဝင်အလာကို စိုက်ကြည့်နေသော သန့်စင်ပုံစံက သူ့အား အသင့်စောင့်ကြိုနေသလိုပင်။ နေခ တွန့်ဆိုင်းမနေ။ ပြောစရာရှိတာကို ချက်ချင်း ပြောလိုက်သည်။

"မင်း ငါ့အပေါ် မကျေနပ်ရင် ငါနဲ့တိုက်ရိုက်ရှင်းလို့ရတယ် သန့်စင်။ ဘာမှမဆိုင်တဲ့ မြူ့ကို မင်း ဆွဲသွင်းဖို့ မကြိုးစားသင့်ဘူး"

နေခက မပိုးမခန့်ရယ်လိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"နေခ . . . မင်း ငါ့ကို တရားလာချဖို့ ကြိုးစားနေတာလား။ တော်တော်ရယ်ရတာပဲ"

"မြူ့ကို ထိဖို့ကြိုးစားရင် မင်းကို ငါ အလွတ်ပေးမှာ မဟုတ်ဘူးနော် . . . ဖော့ကောင်"

နိုင်ကွက်ကိုင်ထားသူတစ်ယောက်၏ ခပ်ထေ့ထေ့ အပြုံးဖြင့် သူ့အား သူငယ်နှပ်စားတစ်ယောက်လို ကြည့်လာသော သန့်စင်အား နေခ အံကြိတ်ကာ ပြန်ကြည့်မိသည်။ မြူ့ကိုသာ ဆွဲမထည့်ထားဘူးဆိုလျှင် ဒီကောင်မျိုးလောက်ကို နေခ မျက်စိထဲတောင် ထည့်မှာမဟုတ်ပေ။

"မိုးနှင်းမြူမြူ့ကို မထိစေချင်ရင် ဖန်ပေါင်းချောင်ထဲ ထည့်ထားလိုက်ပေါ့ကွာ။ ငါ့ကို ဖြဲခြောက်နေလို့ကတော့ ဘာမှ ထူးလာမှာ မဟုတ်ဘူး"

"ဖော့ကောင်"

နေခ ဒေါသကို မထိန်းနိုင်တော့ သန့်စင်၏ကော်လံစကို





ဆွဲစုဆုပ်ကိုင်ပြီးသား ဖြစ်သည်။ နေခအပေါ် အာယာတအခံရှိသော သန့်စင်ကလည်း မနေပါ။

"ကဲကွာ"

နေခ သူ့ကော်လံစကို ဆုပ်ကိုင်လိုက်တာနှင့် နေခ မျက်နှာကို ခွပ်ခနဲ ထိုးချလိုက်တော့သည်။ မေရီးတစ်လျှောက် နာကျင်သွားခြင်းနှင့်အတူ နေခ၏ ဒေါသများ အတော်မသတ်နိုင်တော့။ သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးသတ်ကြတော့သည်။

စားပွဲထိုးတွေနဲ့အတူ မြူတို့အားလုံးလည်း ရောက်လာကြကာ သူတို့နှစ်ယောက်ကို အတင်းခွဲကြသည်။

သန့်စင်အား ခေမာနှင့် ကိုကောင်းမွန်က ဆွဲခေါ်သွားသလို သူကတော့ မြူနှင့်ခတ္တာတို့နှင့်အတူ ပါလာသည်။

နှုတ်ခမ်းထောင့်စွန်းမှ သွေးစကို လက်မနှင့်ကိုဖိသုတ်လိုက်ရင်း နေခ မြူ့မျက်နှာဆီသို့ မျက်လုံးရွှေ့ကာ ကြည့်လိုက်မိသည်။ တွန့်ချိုးနေသော မြူ့မျက်ခုံးများကိုကြည့်ပြီး နေခ စိတ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



သွားမိသည်၊ သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးသတ်လို့ နာကျင်ရတာက သူ့အတွက် အယားပြေသလောက်သာ ရှိသော်လည်း တွန့်ရှုံ့နေသော မြူ့မျက်နှာများ၏ ကောက်ကြောင်းက သူ့ရင်ဘတ်ပေါ်ကို ဓားနှင့်ဆွဲခြစ်အရာထင်စေသလို ခံရခက်သည်။

တစ်ခွန်းမှ မဟသော မြူ့ကြောင့် နေခလည်း တစ်ခွန်းမှ မပြောဘဲ ကိုယ့်ဒေါသနှင့်ကိုယ် လုံးထွေးကာ လျှောက်လာခဲ့သည်။ ခဏ္ဍာကလည်း နေခကို ကြည့်ကာ သက်ပြင်းတော့ချသည်။ ဘာမှတော့ မမေးပါ။

ကားနားရောက်လာသည့်တိုင် မျက်နှာတင်းလျက် နှုတ်ပိတ်ထားသော မြူ့ကို ကြည့်ပြီး နေခ မနေနိုင်တော့ . . .

"မြူ့ . . . မင်းကို ပြောစရာရှိတယ်"

မြူ့ ခြေလှမ်းများ မရပ်သလို သူ့မျက်နှာကိုလည်း လှည့်မကြည့်ပါ။

"သန့်စင်ဆိုတဲ့ကောင် မင်းကို အန္တရာယ်ပေးလိမ့်မယ်၊





အဲဒီကောင်ကို လုံးဝမယုံနဲ့"

" . . . "

"မင်း . . . အဲဒီကောင်နဲ့ ဝေးဝေးနေနိုင်ရင် အကောင်းဆုံးပဲ၊ အခုတောင် မင်းကို ဒုက္ခမပေးဖို့ ငါ ဘယ်လိုပြောပြော ဒီကောင် လက်မခံဘူး"

ကားကို ရီမုနှင့် လှမ်းဖွင့်လိုက်ခြင်းနှင့်အတူ မြူ့ခြေလှမ်းများ တုံ့ခနဲရပ်သွားသည်၊ ထို့နောက် နေခကိုလည်း ဆတ်ခနဲ လှည့်ကြည့်သည်။

"တော်တော့ . . . ကိုနေခ၊ ရှင့်ပါးစပ်ကထွက်လာတိုင်းမှာ ဒီလိုအကြောင်းအရာတွေချည်းပဲ၊ နားအေးမလားဆိုပြီး ရှင့်ကို သူငယ်ချင်းအဖြစ် လက်ခံလိုက်တာ အရမ်းမှားတယ်"

"ဟာ . . . မြူ့"

"အခု ဘာထူးလဲ၊ ရှင် လူတကာနဲ့ရန်ဖြစ်ပြီး ကျွန်မကို အရှက်လိုက်ခွဲနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မြူ။ ဒီကောင် မြူ့ကို"

"ကျွန်မ ဘာမှမကြားချင်ဘူး။ အခုချိန်က စပြီး ရှင် ကျွန်မကို လုံးဝလာပတ်သက်ဖို့ မကြိုးစားနဲ့"

မြူက ချက်ချင်းပင် ကားထဲဝင်ထိုင်ကာ စက်နှိုးလေသည်။ ခဏ္ဍာကလည်း မြူနှင့် နေခကို ကြည့်ကာ ကားထဲဝင်ထိုင်လေသည်။ နေခ ကားတံခါးနား ငုံ့ကိုင်း၍ . . .

"မြူ . . . ပြောတာ နားထောင်ဦး။ ပြီးမှ မင်း ကြိုက်တာလုပ်"

နေခ ဘာပြောပြော အရာမဝင်စွာ ကားက ဝူးခနဲမောင်းထွက်သွားပြီဖြစ်သည်။ နေခ ခါးထောက်ရပ်ကြည့်နေရုံက လွဲရင် ဘာမှမတတ်နိုင်စွာ ကျန်ရစ်ခဲ့တော့သည်။





"ဟယ်လို . . . ခေမာ"

"ပြောလေ . . . မြူ"

"နင့်မွေးနေ့မှာ အခုလိုဖြစ်သွားတာ ဆောရီးပါဟယ်"

"မဟုတ်တာ မြူရဲ့။ ဒီကိစ္စမှာ နင် ကြားထဲက တောင်းပန်စရာမလိုပါဘူး။ ကိုနေခအကြောင်း ငါလည်း သိနေတာပဲ"

"ငါကကို မှားတာပါဟယ်။ သူ့ကို မလိုက်ဖို့ တားခဲ့ရင် ကောင်းသား။ ဒါနဲ့ သန့်စင်ရော အဆင်ပြေရဲ့လား"

"အိုကေပါတယ်။ ညဘက် show ပွဲတောင် သူလိုက်ဦးမလို့တဲ့"

ခေမာက သူ့မွေးနေ့အထိမ်းအမှတ် ကျွေးသည့်အပြင် ညဘက်တွင်ရှိနေသော Show ပွဲတစ်ခုကိုပါ လက်မှတ်ဖောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မြူတို့နှင့်အတူ ကြည့်ဖို့ အစီအစဉ်ဆွဲထားပြီးသား ဖြစ်သည်။

"ဟုတ်လား . . . ဒါဆို တော်သေးတာပေါ့။ ငါလည်း ကိုနေခကို အပြတ်ပြောပစ်လိုက်တယ်။ ငါ့ကို လုံးဝလာမပတ်သက်နဲ့တော့လို့"

"ကောင်းတယ် မြူ။ ကိုနေခက ရန်ပွဲဘုရင်လို့ နာမည်ရတာလည်း မလွန်ဘူး။ နေရာတကာ သူက လက်ရုံးနဲ့ပဲ ဖြေရှင်းချင်တာ။ သူလိုလူမျိုးနဲ့ မပတ်သက်တာ အကောင်းဆုံးပဲ"

ခေမာက အပြတ်ထောက်ခံပါသည်။ ခေမာနှင့် ခတ္တာ၏ နေခအပေါ်ထားသည့်သဘောထားက အနည်းငယ်ကွာသည်။ ခတ္တာက နေခနှင့်မြူကို မသိမသာ အောင်သွယ်တတ်ပြီး ခေမာကတော့ ဘာသိဘာသာနှင့် နေခအခြေအနေကို စောင့်ကြည့်နေတတ်သည်။ သူ့ဓမ္မးနေ့မှာ အရလိုဖြစ်သွားတော့ နေခအပေါ် ပိုဆိုးသွားတော့သည်။ မြူက . . .

"ငါ သန့်စင်စီ ဖုန်းဆက်တယ်ဟ။ မရဘူး။ စက်ပိတ်





ထားတယ်"

"ဟုတ်လား . . . ဒါဆိုလည်း နင်ပြောချင်တာ ရှိရင် Show ပွဲမှာ တွေ့မှ ပြောလိုက်လေ"

"အေးပါ . . . ဒါဆို ဒါပဲနော်"

"အင်း"

မြူ ဖုန်းကိုချပြီး ဝရန်တာမှနေ၍ အခန်းထဲသို့ဝင်ဖို့ ပြင်လိုက်စဉ် ဖုန်းမှ တီးလုံးသံမြည်လာသည်။ display ပေါ်မှ နံပါတ်ကို ကြည့်လိုက်တော့ နေခသင်။ မြူ ချက်ချင်း ဖုန်းကိုပိတ်လိုက်သလို Power ကိုပါ off လိုက်သည်။

သိပ်မကြာ အခန်းဝမှ မေမေ၏အသံက လွင့်ပျံလာသည်။

"သမီးရေ . . . မောင်နေခက ဖုန်းပြောချင်လို့တဲ့"

"သမီးအိပ်နေတယ်လို့ ပြောလိုက် မေမေ"

နွေလေနီကြမ်းက သုတ်ခနဲ မွှေကာ တိုက်လိုက်တော့ အရိုးပြိုင်းပြိုင်းထနေသော သစ်ကိုင်းများပင် မနေနိုင်။ လေနှင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းထိုးညွှတ်ပါသွားကြတော့သည်။





Show ပွဲက မျှော်စင်ကျွန်းမှာ ကျင်းပတာဖြစ်သည်။ ၅ နာရီကတည်းက စနေပေမယ့် မြူတို့ ၇ နာရီလောက်မှ ရောက်ဖြစ်သည်။ အခုလက်ရှိ နာမည်အကြီးဆုံး အဆိုတော်တွေချည်းပါသည့် ပွဲမို့ လာကြည့်သည့် ပရိသတ်တွေကလည်း ကွင်းတစ်ကွင်းလုံး အပြည့်ပင်။

လူတွေအရမ်းများတာကြောင့် မြူတို့ ရှေ့ကို မတိုးတော့ဘဲ နောက်နားမကျတကျနေရာတွင်သာ နေရာယူလိုက်သည်။

တီးလုံးသံများက မြောက်ကြွပျံတက်တော့မတက် မြူးကြွနေသည်။ အဆိုတော်တွေကလည်း အလန်းဆုံးသီချင်းတွေကို ချည်း ရွေးဆိုတာမို့ ပရိသတ်များကလည်း စည်းချက်တွေနှင့်အညီ ခုန်လှုပ်ကြသည်။ လက်များကို ဝှေ့ယမ်းကာ အပြတ်အားပေးကြသည်။ သီချင်းတွေလိုက်အော်ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုတော်တွေက တစ်ယောက်တက်လာလိုက် တစ်ယောက် ဆင်းသွားလိုက်နှင့် စင်ပေါ်၌ အပီကြဲကြသည်။ မြူတို့လည်း စည်းချက်တွေအတိုင်း ယိမ်းနွဲ့လှုပ်ရှားရင်း ကိုယ်ရသည့် သီချင်းတွေ လိုက်ပါဟစ်အော်ရင်း အချိန်တွေက တရွေ့ရွေ့နှင့် ကုန်ဆုံးသွားသည်။

"မြူ"

တီးလုံးသံကို ကျော်လွှားရန် နားနားကပ်ကာ ခေါ်လိုက်သော သန့်စင်ကြောင့် မြူ လှည့်ကြည့်လိုက်သည်။

"အရှိုးရှည်သွားဝယ်မယ် ဈေးလိုက်ခဲ့ပါလား"

အခုစင်ပေါ်၌ဆိုနေသည့် အဆိုတော်က မြူအကြိုက်ဆုံး အဆိုတော်ဖြစ်နေသည်။ ထို့ကြောင့် . . .

"ခွန်ညာကို ခေါ်သွားလိုက်ပါလား။ ဒီအဆိုတော်ကို မြူ အရမ်းကြိုက်တယ် သန့်စင်ရဲ့"

"လာပါ မြူရဲ့၊ အရိုးရှည်ဝယ်တာက မကြာပါဘူး။ မြူပဲ





လိုက်ခဲ့ပါ"

အတင်းခေါ်သော သန့်စင်ကြောင့် မြူ မလိုက်ချင်ပေမယ့် ခေါင်းညိတ်ရတော့သည်။

"ပြီးရော . . . ပြီးရော"

ခေမာနှင့်ကိုကောင်းမွန်ကို ကြည့်လိုက်တော့ နှစ်ယောက်တည်း တစ်ကမ္ဘာဖြစ်နေကာ ကိုကောင်းမွန်က ခေမာနားနားကို ကပ်ကာ ဘာတွေပြောနေမှန်းမသိ။

အဆိုတော်နှင့်အပြိုင် သီချင်းလိုက်ဆိုနေသော ခွန်ညာကို သာ မြူ လက်တို့လိုက်ကာ . . .

"ငါနှင့်သန့်စင် အရိုးရှည်သွားဝယ်မလို့၊ နင် လိုက်ဦး မလား"

ခွန်ညာက လက်ခါပြကာ . . .

"ငါ့အတွက်ပါ တစ်ဘူးဝယ်လာခဲ့ပေး"

ပြောပြီး စင်ပေါ်သို့ မျက်လုံးက ပြန်ရောက်သွားသည်။ မြူ



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းတစ်ချက်ချကာ သန့်စင်နှင့် ထွက်လိုက်ခဲ့တော့သည်။

သန့်စင်ဦးတည်လိုက်သည့်ဘက်က အစားအသောက် ရောင်းသည့်နေရာနှင့် ဆန့်ကျင်နေသည်။

"ဆိုင်တွေက ဟိုဘက်မှာလေ သန့်စင်။ အခု ဘယ်သွားမလို့လဲ"

"ဒီဘက်မှာ သူငယ်ချင်းတစ်ယောက်နှင့်တွေ့ဖို့ ရှိလို့။ ခဏဖဲ မြူရဲ့"

ပြောရင်း ခပ်သွက်သွက်လှမ်းသော သန့်စင်ကြောင့် မြူ့ စိတ်ထဲ၌ သွားပါပြီ။ ငါကြိုက်တဲ့အဆိုတော်ကို ကြည့်ရတော့မှာ မဟုတ်ဘူး ဟူ၍ တွေးလိုက်မိရင်း သန့်စင်နှင့်အပြိုင် ခပ်သွက်သွက် လှမ်းလိုက်မိသည်။ ကိစ္စမြန်မြန်ပြီးမှ ကွင်းထဲ မြန်မြန်ပြန်ဝင် ရမယ်ဆိုသည့်အတွေးနှင့် ဖြစ်သည်။

Show ပွဲကွင်းထဲ၌ လူတွေနှင့်ပြည့်ကျပ်နေသလောက် သန့်စင်သွားသည့်နေရာက ကွင်းနှင့် ကျောချင်းကပ်ဖြစ်နေလျက်





သိပ်မဝေးပါဘဲ သစ်ပင်များနှင့် မှောင်ရိပ်ကျကာ လူပြတ်နေသည်။ သန့်စင်နောက် ခပ်သွက်သွက်လိုက်နေရင်း မြူ့စိတ်ထဲ ထင့်ခနဲ ဖြစ်လာကာ ရှေ့ဆက်နေစ ခြေလှမ်းကို ရပ်လိုက်ပြီး . . .

"ဘယ်ကိုသွားနေတာလဲ သန့်စင်။ မြူ မလိုက်ချင်တော့ဘူး။ သန့်စင်ဘာသာပဲ သွားတော့။ မြူ ပြန်တော့မယ်"

ပြောကာ နောက်ပြန်လှည့်လိုက်သော မြူသည် ဘယ် အချိန်ကတည်းကလိုက်ပါနေမှန်းမသိသော လူသုံးယောက်အား မြူ့နောက် မလှမ်းမကမ်းမှနေ၍ ပိတ်ရပ်လျက် အနေအထားနှင့် တွေ့လိုက်ရသည်။ မြူ ထိတ်လန့်သွားမိကာ သန့်စင်ကို လှည့်ကြည့် မိကာ သန့်စင်၏မျက်နှာက မြူ မြင်တွေ့နေကျ သန့်စင်နှင့် ကွာခြား နေသည်။ မြူ နားထဲ၌ နေခဏ် . . .

"သန့်စင်ဆိုတဲ့ကောင် မင်းကို အန္တရာယ်ပေးလိမ့်မယ်။ အဲဒီကောင်ကို လုံးဝမယုံနဲ့" ဟူသောစကားသံက ပဲ့တင်ထပ်သလို ကြားယောင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြူ စိတ်ကို တည်ငြိမ်အောင်ထားလိုက်ကာ အဲဒီလူ သုံးယောက်ဘေးမှ ရှောင်ကွင်းထွက်ဖို့ ပြင်လိုက်သည်။ လူ တစ်ယောက်က ရှေ့တိုးထွက်လာကာ မြူ ရှေ့ကာဆီးလိုက်သည်။ သန့်စင်ဆီမှ အသံထွက်လာသည်။

"ငါတို့နဲ့ ကောလိုက်ခဲ့ မြူ မင်းကို မှဲ့တစ်ပေါက်မစွန်းစေ ရဘူးလို့ ငါ အာမခံတယ်"

"သန့်စင် ဘာတွေလုပ်နေတာလဲ၊ အခု အခြေအနေကို မြူ လုံးဝနားမလည်နိုင်ဘူး"

သန့်စင်က တစ်ချက်ပြုံးပါသည်။ ကြောက်စရာကောင်း သော သန့်စင်အပြုံးကို မြူ စိုက်ကြည့်နေမိသည်။

"ငါးမျှားနေတာ၊ မင်းကို ငါးစာအဖြစ်အသုံးချရတဲ့အတွက် တော့ စိတ်မကောင်းပါဘူး မြူ၊ နေခဆိုတဲ့ငါးကြီး ငါ့ငါးမျှားချိတ်မှာ အသေခံလာဟပ်ဖို့ မင်းက အကောင်းဆုံးငါးစာပဲ၊ သေသွားတဲ့ ငါ့အစ်ကိုအတွက် ငါ လက်စားချေရမယ်"

❀ လဝန်းကဍေတာပေ ❀



"နင်ပြောတာတွေ ငါ မသိဘူး။ ငါ သွားမယ်"

အတင်းတွန်းထိုးထွက်ရန် ပြင်သော မြူ့ကို လူနှစ်ယောက် က လက်မောင်းကို တစ်ယောက်တစ်ဖက်ကိုင်ကာ ချုပ်လိုက်လေ သည်။

"လွှတ်နော် . . . လွှတ် . . . သန့်စင်၊ ငါ့ကိုလွှတ်ပေး"

မြူ ဘယ်လိုပြောပြော အရာမရောက်စွာ ဆွဲခေါ်ရာ နောက် တရွတ်တိုက်ပါသွားရသည်။

Show ပွဲဆီမှ ကျယ်လောင်သည့်တီးလုံးသံများက ပတ်ဝန်းကျင်တစ်ခုလုံးအား သိမ်းအုပ်ထားသည်။ လူပေါင်းများစွာ နဲ့ သိပ်မဝေးပါဘဲနှင့် မြူ့အသံက တိုးမပေါက်စွာ ပျောက်ကွယ်နေ သည်။

"အဲဒီကောင် တစ်ယောက်တည်း လာရဲပါ့မလား"

"လာရမှာပေါ့၊ ငါတို့ပြောတဲ့အတိုင်း မလုပ်ရင် သူ့ ကောင်မလေးကို အမွှန်ကြိတ်ပစ်မယ်လို့ ပြောထားတာပဲ၊ ဒီကောင်

❀ လဝန်းကဍေတာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



မိုက်မိုက်ကန်းကန်းကို တိုးဝင်လာလိမ့်မယ်"

ပြောနေသည့်စကားများကို နားထောင်ပြီး မြူ သန့်စင်အား အံကြိတ်ကာ ကြည့်လိုက်မိသလို နေခအတွက်လည်း စိတ်ပူသွားမိသည်။

သိပ်မကြာ နေခက မြူမြင်ကွင်းထဲ ပေါ်လာသည်။

"မြူ"

စိုးရိမ်တကြီး ခေါ်လိုက်သည့် နေခအသံကို အကြားတွင် မြူတစ်ကိုယ်လုံး အင်အားများ ပြည့်လာသလိုပင်၊

"ကိုနေခ"

"မင်းကို ဒီကောင်တွေ ဘာလုပ်လဲ"

မြူ ဘာမှပြန်မပြောနိုင်။ ခေါင်းသာခါရမ်းပြမိသည်။ နေခက ချက်ချင်းပင် သန့်စင်ကို ကြည့်လိုက်ကာ . . .

"ဟေ့ကောင် . . . သန့်စင် အခု ငါလာပြီ။ မင်း မြူကို လွှတ်ပေးလိုက်တော့"





"ဒီလောက်မလွယ်ဘူးလေကွာ။ မြူကို လွှတ်ပေးစေချင်ရင် မင်း ငါ့ကို ဒူးထောက်တောင်းပန်ရမယ်"

"ဘာ"

"ငါ့အစ်ကိုအတွက် မင်း ဒူးထောက်တာကို ငါ လိုချင်တယ်"

"မင်းအစ်ကိုသေတာ ငါနဲ့မဆိုင်ဘူးလို့ ပြောပြီးပြီပဲ"

"ဆိုင်တာမဆိုင်တာ ငါ မသိဘူး။ အခု မင်းဘာလုပ်မှာလဲ။ အဲဒါပဲ ငါ သိချင်တယ်"

ဒေါသအဆိပ်များအပြည့်ထည့်ထားသည့် သန့်စင်၏ အေးစက်စက်အသံက သွားကြားထဲမှ ထွက်ပေါ်လာသည်။

Show ပွဲဆီမှ rock သီချင်းသံက လေထုနှင့်အတူ ပေါက်ကွဲရှည်စွာ ထွက်ပေါ်နေသည်။ အကြည့်ချင်းပြိုင်နေသည့် နေခတို့နှစ်ယောက်ကို ကြည့်ကာ မြူ မှင်တက်နေရာမှ မြူ့လက်မောင်းအား ချုပ်ကိုင်ထားမှု အားပျော့နေတာကို သတိထား



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

မြူ ဆောင့်ရှန်းရှန်းကာ ပြေးထွက်လိုက်တာနှင့် နေခ ချက်ချင်း လှုပ်ရှားလိုက်သည်။ ခပ်ကြမ်းကြမ်းတိုက်ကွက်များကို လျင်မြန်စွာ ထုတ်သုံးရင်း မြူအနားအရောက်သွားကာ မြူအား သူ့နောက်ဆွဲကပ်လိုက်သည်။

သန့်စင်တို့တွေ ချက်ချင်းပင် ကုန်းရုန်းထလာကာ မြူနှင့် နေခကို မျက်တောင့်နီနှင့်ကြည့်သည်။ ချက်ချင်းပင် နေခကို ဝိုင်းတိုက်ကြသလို မြူကိုလည်း ပြန်ဖမ်းချုပ်ဖို့ ကြိုးစားသည်။ နေခက မြူကို လှည့်ပတ်ကာကွယ်၍ ပြန်တိုက်ရတာမို့ ထင်သလောက် ခရီးမပေါက်ဘဲရှိသည်။ နေခတစ်ယောက်တည်းဆိုလျှင် ဒီကောင်လေးယောက်လောက်ကို မမှုပေမယ့် မြူကို ကာကွယ်နေရခြင်းက နေခကို အခက်ကြုံစေသည်။

သိပ်မကြာ နေခ အပြင်းအထန်တိုက်ခိုက်ကာကွယ်နေသည့်ကြားမှ မြူကို သန့်စင်တို့အဖွဲ့ထဲက တစ်ယောက်က ဖမ်းချုပ်





မိသွားကာ . . .

"ဟေ့ကောင် . . . မင်းရပ်လိုက်"

နေခ ကြည့်လိုက်တော့ မြူလည်ပင်းကို ဓားနှင့် ထောက်ထားသည်။

စိုးရိမ်မှုဖြင့် သူ ဗျာများသွားစဉ် သန့်စင်တို့ဆီမှ ထိုးနက်ချက်များက နေခဆီ ဆက်တိုက်ဝင်လာတော့သည်။ နေခ မခုခံနိုင်ဘဲ ယိမ်းယိုင်ထွက်သွားသည်၊ အခုထိတော့ နေခက မြေပေါ် မကျသေး။ ရန်ပွဲဘုရင်ဆိုသည့် သူ့ရာဇဝင်ကို ထိန်းထားနိုင်ဆဲပင်။

သန့်စင်က ဆက်မတိုက်ဘဲ နေခကို ခပ်ထေ့ထေ့အပြုံးနှင့် ကြည့်သည်။ မြူက သူတို့လက်ထဲ ပြန်ရောက်သွားပြီမဟုတ်လား။

သစ်ပင်အရိပ်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည့်တိုင် သစ်ရွက်များကြား မရမက တိုးထွက်လာသည့် လရောင်ပြောက်က ဓားသွားပေါ် ထိုးကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓားကြောင့် သန့်စင်အစ်ကို ရဲကျော် သေဆုံးရသည်။ ဓားကြောင့် သူ့အချစ်ဆုံး သူငယ်ချင်း မျိုးဇော် ထောင်ကျရသည်။ အခု ဓားက မြူ့ကိုပါ ဒုက္ခပေးတော့မှာလား။ နေခ သန့်စင်ကို ကြည့်လိုက်ကာ . . .

"ငါ ဒူးထောက်ပေးမယ်။ မင်း မြူ့ကို လွှတ်ပေး"

ပြောကာ နေခ ဒူးထောက်ချလိုက်သည်။

"ဟား . . . ဟား . . . ဟား"

သန့်စင်က အောင်နိုင်သူတစ်ယောက်လိုပင် အော်ဟစ်ရယ်မောလိုက်ကာ နေခ၏မျက်နှာအား ဆောင့်ကန်ချလိုက်သည်။

"ကိုနေခ . . . လွှတ် . . . လွှတ် . . . ငါ့ကို အခုလွှတ်ပေး။ ကိုနေခ"

လန်ကျသွားသော နေခကိုကြည့်ကာ မြူ အတင်းအော်ဟစ်ရုန်းကန်နေမိပေမယ့် တင်းကျပ်သော ချုပ်ကိုင်မှုနှင့်အတူ မြွေပောက်တစ်ကောင်လို လည်ပင်းနားတယမ်းယမ်းဖြစ်နေသော





ဓားသွားက မြူ့ကို ရုန်းမထွက်သာအောင် တုတ်နှောင်ထားသည်။

ခနေခနွှာကိုယ်ပေါ် ဝိုင်း၍ ကန်ကျောက်ကြသည်။ နေခ မြေပေါ်တွင် မထူနိုင်အောင် လိမ့်ပိန့်စံနေရပြီး တစ်ကြိမ်တွင် သန့်စင်၏လူတစ်ယောက်က လေးဖက်ထောက်ကာ ကုန်းရုန်းထဖို့ပြင်သော နေခ၏ခေါင်းသို့ အနီးရှိ သစ်ကိုင်းခြောက်ကိုယူကာ အားကုန် ဆွဲရိုက်ချလိုက်တော့သည်။

လည်ထွက်သွားသော ဦးခေါင်းနှင့်အတူ ဖြာခနဲလွင့်စင်သွားသော သွေးတွေ . . .

"အား"

မြူ့ကြောက်လန့်တကြားအော်ဟစ်လိုက်မိသည်။ ကြောက်မက်ဖွယ်ကောင်းသော အနိဋ္ဌာရုံသည် Shock ရိုက်သွားစေသလို မြူ့အမြင်များ ဝေဝါးလာသည်။ ဝေဝါးနေသော အာရုံထဲ မြင်တွေ့ရသည်က သွေးတွေ ဖြာကျနေသော နေခမျက်နှာ။ ပြီးတော့ ခန္ဓာကိုယ်ပေါ် ကန်ကျောက်နေသော ကန်ချက်တွေ။ ထိုစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒီမှာ ရန်ဖြစ်နေတယ်ဖေ့ာ၊ လာကြ . . . လာကြ"

ဒီအသံမျိုး မြူ ကြားလိုက်ရသေးလား မြူ မသေချာပါ။ မြူ အားတင်းထားရမည်၊ ကိုနေစ ဘာဖြစ်သွားပြီလဲ။

အတန်တန်ထိန်းဖို့ ကြိုးစားပေမယ့် အားမတန်စွာ အမှောင်ထုက မြူအား စွတ်စနဲ ဆွဲမြှုပ်ရလိုက်တော့သည်။

•••••••••••••••





နွေသည် နှောင်းတံ့ာတောင် သူ၏အပူကောက်ကြောင်းကို မှင်နက်နက်နှင့် ဆွဲနိုင်နေဆဲဖြစ်သည်။

ဒီနေ့က ညနေပိုင်းတွင် အတန်းချိန်တစ်ချိန်သာ ရှိသောပျင်းရိဖွယ် သောကြာနေ့ဖြစ်သည်။ ထုံးစံအတိုင်း အတန်းထဲ၌ လူက ကျိုးတိုးကျဲတဲသာ၊ rap သီချင်းတစ်ပုဒ်လို စာကို အသက်မရှူစတမ်းရွတ်ကာ သင်တတ်သော ဆရာသည် အမြဲတမ်း လူနည်းသော ဒီတစ်ချိန်အပေါ် ဒေါသထွက်စွာ အပြင်းစား rock သံစဉ်ကို ရွတ်ဖတ်သရဇ္ဈာယ်သည့်အတွက် မြူတို့အားလုံး ငြိမ်၍ အဆူခံကြရသေးသည်။

ခေမာနှင့် စတ္တာလည်း အတန်းမတက်ပေ၊ အတန်းဖြုတ်တာနှင့် မြူ တစ်ယောက်တည်း လျှောက်ထွက်လာခဲ့သည်။ ပြဿနာဖြစ်ပြီးနောက်ပိုင်း မြူ တစ်ယောက်တည်း နေချင်စိတ်သာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်နေတတ်သည်။ တကယ်တော့ နွေနှောင်းသလိုအချိန်တွေလည်း နှောင်းခဲ့ပြီ။ သို့သော် အဲဒီနေ့က အဖြစ်အပျက်ကိုတော့ မြူ့အာရုံများက မနေ့တနေ့ကလို မြင်ယောင်နေဆဲပင်။

ဒီတုန်းက မြူ မေ့လဲသွားပြီး သတိရလာတော့ ဆေးရုံပေါ် ရောက်နေခဲ့သည်။ ကိုနေခကိုမေးတော့ အရေးပေါ်ခန်းထဲမှာတဲ့။ မြူ့ကို အိပ်ဆေးထိုးပေးတာကြောင့် မြူ အိပ်ပျော်သွားခဲ့သည်။ နောက်တစ်နေ့ မြူ အိပ်ရာက နိုးချိန်တွင် ကြားခဲ့ရတာက အခုထိတိုင် သတိမရသေးသော ကိုနေခကို သူ့မိဘတွေက စင်္ကာပူကို အားချင်းခေါ်သွားကြသည်တဲ့။ ဤသို့ဖြင့် နေခဆိုသော လူတစ်ယောက်သည် မြူ့မျက်စိရှေ့မှ ရုတ်ခြည်းဆိုသလို ပျောက်ကွယ်သွားလေတော့သည်။

သစ်ပင်ကြီးတွေ အုပ်ဆိုင်းလျက် သစ်ရွက်ခြောက်ကြွေတွေနှင့်ပြည့်နက်နေသော လမ်းကလေးအတိုင်း မြူတစ်ယောက်တည်း လျှောက်နေမိသည်။





ခြေအလှမ်းတိုင်း ဖဝါးအောက်မှ ကြေမွသွားသော သစ်ရွက်ခြောက်ကြွေလေးများ၏အသံက သူတို့၏ ငိုညည်းသံလား။ မြူ အလန့်တကြား ခြေစုံရပ်လိုက်မိသည်။ လမ်းလေးအား ဟိုအဝေးအထိ မျှော်ကြည့်လိုက်တော့ နွေက ရှောက်ရှားဖွယ်ကောင်းလောက်အောင် အလွမ်းတွေကို ပေးတတ်ကြောင်း မြူ သိခဲ့ရသည်။

အချစ်သည် သူ သတ်မှတ်ထားသည့် ရင်ခုန်နှုန်းအတိုင်း ခုန်လှုပ်လျက် ရင်ဘတ်ထဲ ဝင်ရောက်လာလိမ့်မည်ဟု ယုံကြည်ခဲ့သော မြူသည် အသံမပေးဘဲ ဝင်လာခဲ့သော အလွမ်း၏ရင်နင့်အောင် နှိပ်စက်သည့်ဒဏ်ကို အလူးအလိမ့် ခံစားရသည်။ မတွေ့ကာမှ သတိရသည်။ မကြားရမှ တမ်းတသည်။ အလွမ်းရမှ အချစ်စသည်။ အလွမ်းနှင့်စသော အချစ်သည် နောင်တကိုပါ သေရာပါ အမာရွတ် တစ်ခုလို မီးရဲရဲသံပူပူဖြင့် မြူ့နှလုံးသားပေါ် တံဆိပ်ခတ်နှိပ်စေခဲ့ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဓနစဆိုသော လူတစ်ယောက်အပေါ် မြန္နလုံးသားက ဒီလောက် နွမ်းလျှအောင် လွမ်းရမယ်မှန်းသိရင် သူ့ကို ပစ်ပစ်ခါခါ တွေ ပြောဆိုဆက်ဆံခဲ့မိပါ့မလား။

ရုတ်တရက် လိမ့်ဆင်းသွားသော မျက်ရည်တစ်ပေါက်က သစ်ရွက်ခြောက်တွေကြား သွားရောက် ပုန်းအောင်းနေသည်။

ဩော် . . . သေလောက်အောင် လွမ်းစေတဲ့ နွေ၊ ကြေမွ အောင် ဆွေးစေတဲ့ နွေ၊ ရင်နင့်အောင် ဝေးစေတဲ့နွေပါလား။

•♥•♥•♥•:•:•♥•♥•♥•♥





အခန်း ( ၁၀ )

ဒီနှစ်နွေတာရှည်၍ မိုးနောက်ကျသည်ဟု ဆိုရမည်။ နောက်ကျမှ လာသော မိုးသည် ရွာမယ့်ရွာတော့ ဘီလူးဆိုင်းတီး လိုက်လေသလား ထင်မှတ်များအောင် အုန်းအုန်းဒိုင်းဒိုင်းနှင့် ရောက်လာသည်။

ထီးကို ဖွင့်ဆောင်း၍ မြူ ကားပေါ်မှဆင်းလိုက်သည်။ အတန်းချိန်က နောက်ကျနေပြီ။ လမ်း၌ ရေကြီးကာ ယာဉ်ကြော များ ပိတ်နေတာကြောင့် ကျောင်းကို ရောက်အောင် မနည်းလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကျောင်းဆောင်ဆီသို့ မြူ ခပ်သုတ်သုတ် ဦးတည်လိုက်သည်။ လေနှင့်အတူရောပါနေသော မိုးစက်မိုးမှုန်များတွေက ထဘီအောက် အနားစကို တဖြန်းဖြန်းနှင့် လာရိုက်သည်။ ထဘီကို အနည်းငယ် ဆွဲမရင်း မြူ ကွန်ကရက်လမ်းကို ဖြတ်ကူးလိုက်သည်။ ထိုစဉ် မှုန်မှိုင်းနေသော မိုးသည်းထုကြားမှ ဘွားခနဲ ပေါ်လာသော ကား တစ်စီး။ မြူ မရှောင်နိုင်တော့။

"အား"

မျက်လုံးစုံမှိတ်၍ သူမ ထိတ်လန့်စွာ အော်လိုက်မိသည်။

"ကျွီ"

ထီးသည် ကွန်ကရက်လမ်းအပေါ် လွင့်ခနဲ ကျသွားသလို မိုးရေတွေကလည်း မြူ့ကိုယ်ပေါ် ဖြန်းခနဲ ကျဆင်းလာတော့သည်။

"မင်း ဘာဖြစ်သွားသေးလဲ။ ဟော့ . . . မျက်လုံးဖွင့်ကြည့်ဦး။ တော်သေးတယ်။ မတိုက်မိလို့"

မျက်လုံးစုံမှိတ် တုန်ရီနေသော မြူသည် အသံကြားမှ





မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူမအား စူးစိုက်ကြည့်နေသော မျက်ဝန်းတစ်စုံ။ မြူ့ရင်တစ်ခုလုံး တဆတ်ဆတ်တုန်ခါသွားသည်။

ကိုနေခ . . .

မြူ့နှလုံးသားသည် တဒိတ်ဒိတ်နှင့် ဆောင့်တိုးခုန်လှုပ်လာသည်။ ဒါသည် အချစ်က သတ်မှတ်တဲ့ ရင်ခုန်နှုန်းလား သို့တည်းမဟုတ် အက်စ်ဆီးဒင့်က ပေးသည့် ရင်ထိတ်ခုန်မှုလား မသေချာ။ သေချာတာတော့ မြူ့ရှေ့မှာ ရပ်နေတာ ကိုနေခဆိုတာပဲ ဖြစ်သည်။

ဒီလူတစ်ယောက် မြူ့ရှေ့ ပြန်ရောက်မယ့်နေ့ကို ဘယ်လောက်တောင် စောင့်မျှော်ခဲ့ရသလဲ။ ပြင်းရှတဲ့အလွမ်းညတွေထဲ သူ့ပုံရိပ်တွေ မြင်ယောင်ရင်း သတိရလွန်းလို့ နှလုံးသားက သွေးကျမတတ် နွမ်းလျနေရတယ်ဆိုတာ သူသိမှသိပါလေစ။ အခုတော့ သူက မိုးနှင့်အတူ ရောက်လာခဲ့ပြီ။

"မင်းအဆင်ပြေလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေခ . . . ကိုနေခ ဘာမှမဖြစ်ဘူးနော်။ မြူ ဝမ်းသာလိုက်တာ။ မြူလေ . . . မြူ ကိုနေခကို မျှော်နေခဲ့တာ။ ကိုနေခ မြူဆီပြန်လာလိမ့်မယ်ဆိုတာ မြူ သိနေတယ်"

မြူ့အသံက ဝမ်းသာမှုဖြင့် လှိုင်းထနေသည်။ ထို့ပြင် ဝမ်းနည်းမှုကြောင့် တုန်ယင်နေလိမ့်မည်။

"မင်း . . . ငါ့နာမည်ကို ဘယ်လိုသိနေတာလဲ။ မင်းက ဘယ်သူလဲ"

ဝမ်းသာအယ်လဲဖြစ်နေသော မြူသည် ထိုအခါကျမှ တစ်ရောင်တည်းဖြစ်နေသော နေခ၏အကြည့်တွေကို သတိထားမိသည်။ သူ့အကြည့်တွက တစိမ်းဆန်လှသည်။

"မြူလေ ကိုနေခရဲ့"

"မြူ . . . ဟုတ်လား။ မင်းကို ငါ မသိဘူး"

"ရှင်"

အာမေဍိတ်သံနှင့်အတူ မြူ့မျက်လုံးများ ပိုင်းစက်သွားရ





တော့သည်။ သူ့မျက်နှာဆီ ငေးကြောင်ကြည့်သော မြူ့အား နေခက လည်း နားမလည်သည့်မျက်ဝန်းများနှင့် တွေခနဲ ကြည့်ပါသည်။ ထို့နောက် လွင့်ကျသွားသော ထီးကို သွားကောက်သည်။

"ရော့"

ကမ်းပေးသောထီးကို မြူ မယူဖြစ်ဘဲ နေခ မျက်နှာဆီ မခွာတမ်း ကြည့်မိကာ . . .

"ကိုနေခ တကယ်ပဲ မြူ့ကို မသိတော့တာလား"

ဖြည်းညင်းစွာ ခေါင်းခါယမ်းလိုက်သော နေခကို ငေး ကြည့်နေရင်း မြူ့မျက်ဝန်းမှ မျက်ရည်ကြည်များ စိမ့်အိုင်လာသည်။ အရာရာသည် အရောင်အဆင်းပျက်ပျယ်သွားသော ပန်းချီကား တစ်ချပ်လို အနှစ်သာရ ကင်းမဲ့သွားသည်။

မြူ့ဘေးနားမှ ကပ်ဖြတ်ကာ ခပ်ကြမ်းကြမ်းမောင်းထွက် သွားသော ကားသည် သည်းသည်းမဲမဲ ရွာနေသော မိုးရေတွေ ကြား ရုတ်ခြည်းတိုးဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်းဆန်ဆန် ကျဆင်းနေသော မိုးရေစက်များက သူမ ကိုယ်အနှံ့အပြားဆီ တရစပ် ထိမှန်နေသည်။ မိုးရေထဲ ရောပါသွားသော မျက်ရည်စတွေလို မြူ့ အကြိမ်ကြိမ် မြင်မက်ခဲ့သော အိပ်မက်တွေက ရုတ်ခြည်း ပျောက်ကွယ်ပျက်စီးသွားခဲ့လေတော့သည်။

•••





"ကိုနေဇော် တကယ်ပဲ အတိတ်မေ့သွားခဲ့တာလား"

ဂျက်က သက်ပြင်းကို လေးကန်စွာချသည်။ ဂျက်၏ သက်ပြင်းချသံသည် ကမ္ဘာပျက်ခါနီး အရှက်ပေးသော တော်လဲသံလို မြူ့နားစည်ထဲ တုန်လှုပ်ဖွယ်ဝင်သွားသည်။

"အဲဒီလိုပဲ ပြောရလိမ့်မယ်။ ဒါပေမယ့် အားလုံး မေ့သွားတာတော့ မဟုတ်ဘူး။ အချို့အဖြစ်အပျက်တွေကိုတော့ သတိရနေတယ်။ အချို့အကြောင်းအရာတွေကိုတော့ သူ လုံးဝမေ့သွားတယ်။ တဖြည်းဖြည်းနဲ့ အားလုံးကို ပြန်သတိရလာလိမ့်မယ်လို့တော့ ဆရာဝန်က ပြောတာပဲ"

စကားများကို နားထောင်ရင်း တစ်စစ ဖြူပျက်လာသော မြူ့မျက်နှာအား ဂျက်က စိတ်မကောင်းစွာကြည့်သည်။

"သူ မြူ့ကို မမှတ်မိတော့ဘူး အန်ကယ်ဂျက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့တော့ သူ ပြန်သတိရလာမှာပါ။ အချိန်တော့ စောင့်ရမှာပေါ့"

ရစ်ဝဲလာသော မျက်ရည်များကို မျက်တောင်တွေက တားဆီးနိုင်စွမ်းရန် မသေချာ။ မြှူ ကုန်မြေမပျက်စေရန် အနိုင်နိုင် ထိန်းရင်း ဂျက်ကို နှုတ်ဆက်လိုက်သည်။

"အတန်းတက်စရာရှိသေးလို့ မြှူတို့ကို ခွင့်ပြုပါဦး"

ဂျက်က ခေါင်းညိတ်ပြသည်။

ဂျက်ရှေ့မှထွက်လာပြီးနောက် နီးစပ်ရာ အုတ်ခုံတစ်ခုတွင် ပုံကျသွားသလို ထိုင်လိုက်သော မြှူကို ခေမာနှင့် စတ္တာက စိတ်မကောင်းစွာ ကြည့်သည်။

"ငါ . . . သူ့ကို မျှော်နေခဲ့တာ။ သူ့ကိုတွေ့ရင် ပြောမယ့် စကားတွေ ငါ့ရင်ထဲမှာ အပြည့်ထည့်ထားခဲ့တာ။ ဒါပေမယ့် အခု ငါ ဘာလုပ်ရမှာလဲ။ သူက . . . သူက . . . ငါ့ကို မေ့သွားပြီ"

တုန်ယင်နေသော စကားသံနှင့်အတူ အတားအဆီးမဲ့





သော မျက်ရည်စက်များက တလိမ့်လိမ့် ကျဆင်းလာတော့သည်။ ခေမာက မြှူ့ပခုံးကို ဖက်လိုက်ကာ . . .

"ကိုနေခ နင့်ကို ပြန်သတိရလာမှာပါဟာ။ နင် ဒီလောက်လည်း စိတ်မကောင်းဖြစ်မနေပါနဲ့"

"သူ့အပေါ် ငါ အကြိမ်ကြိမ် ပစ်ပစ်ခါခါ ဆက်ဆံခဲ့တယ်။ သူကတော့ ငါ့အတွက် သန့်စင်တို့ရဲ့နှိပ်စက်တာကို ခေါင်းငုံခံခဲ့တယ်။ အဲဒီနေ့က အဖြစ်အပျက်တွေ ငါ့ခေါင်းထဲက မထွက်နိုင်ခဲ့ဘူး။ တကယ်တော့ သူ့စိတ်ထဲမှာ ငါ့ကိုမေ့ပစ် မုန်းပစ်လိုက်ချင်ခဲ့တာ ဖြစ်မှာ။ ဒါကြောင့်သာ သူ့ဦးနှောက်က ငါ့ကို မေ့သွားခဲ့တာ"

"ဒီလိုလည်းမဟုတ်သေးပါဘူး မြှူရာ။ ကိုနေခက နင့်ကို ဒီလောက်ချစ်တာ၊ ဘာလို့မေ့ပစ်ချင်ရမှာလဲ။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မနေပါနဲ့။ အချိန်တန်ရင် နင့်ကို သူ ပြန်သတိရလာမှာပါ"

"အချိန်တန်ရင် . . . အချိန်က . . . အချိန်က ဘယ်တော့ တန်မှာလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရစ်ဝိုင်းနေသော မျက်ရည်စများနှင့် မြူ၏ တိုးဖျော့ဖျော့အသံက အားနည်းစွာ ထွက်ပေါ်လာခဲ့သည်။ အဖြေမရှိသော မေးခွန်းအတွက် ကောက်ရိုးတစ်မျှင် ရှာချင်သော မြူ့ကိုကြည့်ပြီး ခေမာ့ရင်ထဲ နင့်ခနဲဖြစ်သွားတော့သည်။ ခေမာကိုယ်တိုင်လည်း သက်ပြင်းချရုံကလွဲလျှင် အချိန် ဘယ်တော့တန်မလဲဆိုတာ မသိနိုင်ဘူး မဟုတ်လား။

•♥•♥•♥•••♥•♥•♥♥





တပိန်ပိန် တလိမ်လိမ်ဆိုသောစကား၏ အဓိပ္ပာယ်အား မြူလည်း အခု ကိုယ်တွေ့ကြုံမှ အတော်ဆိုးမှန်း သိခဲ့ရသည်။ နွေက အလွမ်းတွေ ပေးခဲ့တယ်ဆိုလျှင် သစ်ရွက်ဖျားဆီမှ တတောက်တောက် ကျဆင်းနေသော မိုးရေစက်တွေကတော့ မြူ့ကို နာကျင်ခြင်းတွေ ပေးခဲ့တာ ဖြစ်လိမ့်မည်။

မေမေကတောင် မြူ့ကို မေးသည်။ အခုတလော သမီး ဘာဖြစ်နေတာလဲတဲ့။ သမီးကို ကြည့်ရတာ လူနဲ့စိတ်နဲ့ မကပ်သလိုပဲတဲ့။

ဘယ်နကြိမ်မြောက်မှန်းမသိ ချမိသော သက်ပြင်းတွေကြား မြူ ရှန်းမထွက်နိုင် ပိတ်မိနေရပြီ။

"ဒေါက် . . . ဒေါက်"

"ဝင်ခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မိစုမ်ျက်နှာက တံခါးဝတွင် ပေါ်လာကာ . . .

"မမြူ . . . အောက်ထပ်မှာ ဧည့်သည်ရောက်နေတယ်"

"မေမေ့ကို ခေါ်ပေးလိုက်ပါလား"

"ကြီးကြီးက ကုန်တိုက်မှာ ပစ္စည်းသွားဝယ်တယ် မမြူ"

ဟုတ်သားပဲဟု မြူ တွေးလိုက်မိသည်။ မြူ့ကို မေမေ ကိုယ်တိုင် အိမ်စောင့်ဖို့ မှာသွားခဲ့တာပင်။

"မမ ဆင်းလာခဲ့မယ်။ ဧည့်သည်ကို ခဏစောင့်ဖို့ ပြောထားလိုက်"

အိပ်ရာပေါ်လှဲထားခြင်းကြောင့် တွန့်ကြေနေသော အင်္ကျီကို အခြားတစ်ထည်နှင့် လဲလိုက်ပြီး ဆံပင်ကို သပ်ရပ်အောင် တစ်ချက် နှစ်ချက် ဖြီး၍ မြူ အောက်ထပ်သို့ဆင်းလာခဲ့သည်။

ဧည့်ခန်းထဲရောက်တော့ မည်သူ့ကိုမှ မတွေ့ရ။ မိစုက မြူအား ဆီးကြို၍ပြောသည်။

"ခြံထဲက ပန်းပင်တွေ သွားကြည့်ဦးမယ်ဆိုပြီး ဧည့်သည်





က ခြံထဲ ဆင်းသွားတယ် မမြူ"

အိမ်ကို ဝင်ထွက်နေကျ ဖေဖေ့တပည့်တစ်ယောက် ထင်တယ် ဟူသောအတွေးဖြင့် မြူ ခြံထဲဆင်းကာ ဧည့်သည်ကို မျက်စိ ဝေ့ရှာလိုက်သည်။

ပန်းပင်တွေကြည့်မယ်ဆိုသော သူသည် ပန်းပင်တော့ မကြည့်ပါ။ ကျောက်စားပွဲတွင် အကျအနထိုင်နေတာကို မြူ လှမ်း တွေ့ရသည်။ ဒီက လှမ်းကြည့်လျှင် ကျောခိုင်းအနေအထား ဖြစ် နေသည့်တိုင် ထိုသူ၏နောက်ကျောသည် မြူမှတ်ဉာဏ်ဆဲလ်များ ကို စွမ်းအားတစ်မျိုးဖြင့် လှုပ်နှိုးသွားစေသည်။ မြူ ခပ်သွက်သွက် လျှောက်လိုက်ပြီး . . .

"ကိုနေခ"

မြူ ထင်တာ မမှားပါ။ ကိုနေခက မြူ့ကို လှည့်ကြည့်ပါ သည်။

"ဪ . . . မင်းက ဟိုနေ့က ကားနဲ့တိုက်မိမလိုဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မဟုတ်လား။ ဒါ မင်းတို့အိမ်လား"

မြူ့အား တွေ့ရခြင်းအပေါ် တိုက်ဆိုင်မှုတစ်ခုလို အံ့သြဟန် စွက်လျက် ပြောသော နေခပုံစံက မြူ့အနေနဲ့တော့ နာကျင်စရာကောင်းလှသည်။

မြူ ဣန္ဒြေမပျက်ပြုံးလိုက်ရင်း . . .

"အင်း"

နေခက ကျောက်စားပွဲပေါ်တင်ထားသည့် ဖိုင်ကို ယူ၍ မြူ့ဆီ ကမ်းပေးသည်။

"ဖေဖေက ဦးမိုးဇေ့ကို ဒီဖိုင်ပေးခိုင်းလိုက်တယ်"

မြူ့၏အဖေ ဦးမိုးဇေက စီးပွားရေးလုပ်ငန်း အတော်များများ၏ အကြံပေးအနေနှင့် လုပ်တာမို့ စီးပွားရေးနှင့် ပတ်သက်သည့်ဖိုင်ပဲ ဖြစ်သည်။

မြူကို ပေးပြီးတာနှင့် နေခက . . .

"ကဲ . . . ခွင့်ပြုဦးနော်"





"ခဏနေပါဦး ကိုနေခရဲ့ တစ်ခုခုသောက်ပါဦးလား"

"တော်ပါပြီ။ မသောက်တော့ပါဘူး"

"မြူ . . . ကိုနေခကို စကားနည်းနည်းပြောချင်လို့ပါ"

နေခ မျက်လုံးများ၌ မြူ မခန့်မှန်းတတ်သော အရိပ်အချို့ ဖြတ်ပြေးသွားသည်။ ထို့နောက် တစ်ခုခုကို သိရှိပြီးသူတစ်ယောက်လို ပြုံးလျက် မြူ့ကို ကြည့်လေသည်။

"မင်း ငါ့ကို အတိတ်မေ့နေတဲ့လူလို့ ထင်နေတာလား"

"ရှင်"

မထင်မှတ်သော အမေးက မြူ၏မျက်လုံးများကို ဝိုင်းစက်သွားစေသည်။ နေခက မြူ့ပုံစံကိုကြည့်ကာ ချစ်စရာကြွက်ကလေးအား ထိပ်ပုတ်ခွင့်ရသော ကြောင့်တစ်ကောင်လို သဘောကျစွာ ရယ်မောလေသည်။

"မင်းပုံစံက တကယ်ရယ်ချင်စရာကောင်းတယ် . . . ဟားဟား . . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



မြူ့ရင်တစ်ခုလုံး အောင့်မျက်သွားသည်။ မြူက ကိုနေခ၏ အမြင်မှာ တကယ်ပဲ ရယ်စရာသတ္တဝါ ဖြစ်သွားခဲ့သလား။ အတိတ်မေ့နေတယ်ဆိုဦးတော့ မြူ ချစ်တဲ့သူရှေ့မှာ မြူ့ရဲ့အခြေအနေက ဘာလဲ။

"ရှင်ကရော အတိတ်မေ့နေတာ မဟုတ်လို့လား။ ဘာလို့ လူကို ရယ်တာလဲ"

စိတ်က မဆုံးဖြတ်နိုင်မီ ပါးစပ်က ခပ်ဆတ်ဆတ်ပြန်မေးပြီးသား ဖြစ်သည်။ နေခဆီမှ မထင်မှတ်သောစကားတစ်ခွန်းက မြူ့နားစည်ကို လာမှန်သည်။

"ဒါကမှ မင်းပုံစံအစစ် . . . ဟင်း . . . ဟင်း"

ဒုတိယအကြိမ် ဝိုင်းစက်သွားသော မြူ့မျက်ဝန်းများကို ကြည့်၍ ဒီတစ်ခါတော့ နေခ မရယ်ချေ။ အနည်းငယ်ပင် တည်သွားလျက် . . .

"ဖြစ်မှာထင်တယ်။ မင်းက ဒီလို ခပ်စွာစွာပဲဖြစ်မှာ"





နေခ၏အဆုံးသတ်စကားက မြူ၏ မျှော်လင့်ချက် အငြောင့်ကလေးအား ဖိနင်းချေချလိုက်ပြန်သည်။ မှိန်ဖျော့သွားသော မျက်ဝန်းတွေနှင့်အတူ မြူ့နှုတ်မှ စကားသံတို့က ခပ်သွက်သွက် ထွက်မလာနိုင်ခဲ့ပါ။

"ငါ အတိတ်မေ့နေတယ်လို့ မင်းကို ဘယ်သူပြောလိုက်တာလဲ။ အဲဒီလူကို သွားတွေ့မယ်"

"အန်ကယ်ဂျက်ကိုယ်တိုင် ပြောလိုက်တာ"

"ဟာကွာ . . . ဂျက်ကတော့ လုပ်ပြီ"

"ကိုနေခ . . . ရှင် ဘာဖြစ်နေတာလဲ။ တကယ်ပဲ ရှင် အတိတ်မေ့နေတယ်လေ"

"ဟေ့ . . . ဟေ့ . . . မင်းစကား ဒီမှာတင်ရပ်။ ငါ အတိတ်မမေ့ဘူး။ ငါက ဘာလို့အတိက်မေ့ရမှာလဲ။ ငါ အားလုံးကို သိတယ်။ မှတ်မိနေတယ်။ ဒီလိုအစွပ်စွဲခံရတာ အရမ်းစိတ်ပျက်ဖို့ကောင်းတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



မစံမရပ်နိုင်စွာ တရစပ်ပြောသွားသော နေခ၏ ပုံစံက အံ့ဩတုန်လှုပ်ဖွယ်ပင် ကောင်းနေသေးတော့သည်။ အတိတ်မေ့နေ၍ အတိတ်မေ့နေပါသည်ဟု ပြောခြင်းအပေါ် ဒီလောက် ဆတ်ဆတ်ခါ နာစရာလို့သတဲ့လား။ ဘယ်လိုမှတ်ချက်မျိုး ပေးရမယ်မှန်းပင် မသိစွာ မြူ နေခကို ကြည့်နေမိလေသည်။

"ဒါဆို ကိုနေခက မြူကို ဘာလို့မမှတ်မိရတာလဲ"

"မင်းကို ငါမှမသိဘဲ။ မသိတဲ့လူတစ်ယောက်ကို မှတ်မိနေစရာလိုလို့လား"

မြူ ရုတ်တရက် ဘာပြန်ပြောရမှန်းပင် မသိတော့။ အတိတ်မေ့နေတဲ့လူက အတိတ်မမေ့ပါဘူးဟု ကိုယ့်ကိုယ်ကိုယ် ထင်နေမှတော့ ဒီတစ်သက် အတိတ်ကို ပြန်ရော သတိရပါဦးတော့မလား။

"အဲဒီလို မြူကိုမသိတာကိုက ကိုနေခ အတိတ်မေ့နေတယ်ဆိုတာ မငြင်းနိုင်တဲ့သက်သေပဲလေ"





ရယ်စရာတစ်ခွန်းတစ်စမှ မပါသော မြူစကားအဆုံးမှာ နေခက ဟက်ခနဲရယ်ပါသည်။

"ကားနဲ့တိုက်မိမိလို့ဖြစ်တဲ့နေ့ကတည်းက ငါ သတိထားမိတယ်။ မင်းကြည့်ရတာ ငါ့ကို မြင်မြင်ချင်း စွဲလမ်းသွားတဲ့ပုံပဲ။ မင်း ငါ့ကိုတွဲချင်လို့လား။ ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရတယ်နော်"

"ကိုနေခ . . . ရှင် ဘယ်လိုပြောလိုက်တာလဲ"

"မင်းမျက်လုံးတွေက မငြင်းနိုင်ပါဘူး။ မင်း ငါ့ကိုချစ်နေတယ် မဟုတ်လား။ ဒါကြောင့် ဇာတ်လမ်းတွေ ထွင်နေတာလေ"

"တော်တော့ . . . ရှင် မြူ့သိက္ခာကို ဆက်မစော်ကားရင် ကောင်းမယ်"

"ကောင်းပြီလေ။ တော်တော့ဆိုမှတော့ ဆက်မပြောရုံပဲပေါ့။ ဒါပေမယ့် မင်း ငါ့ကိုကြိုက်နေတယ်ဆိုတာတော့ မငြင်းနိုင်ဘူးနော်။ ကဲ . . . ငါ သွားမယ်"

တစ်သက်နှင့်တစ်ကိုယ် ဒီလိုအပြောမျိုး ခံရလိမ့်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မြူ ယောင်လို့တောင် မတွေးမိခဲ့ဖူးပေ။ မြူအား ပြုံးစကြည့်လျက် အနိုင်ပိုင်းပြောပြီး လှည့်ထွက်ရန် ပြင်လိုက်သော နေခရုံစံက မြူ့ ရင်ထဲက မခံချင်စိတ်ကို ဟုန်းခနဲ ထတောက်သွားစေသည်။

"နေဦး . . . ရှင်ပြောတာ မှန်တယ်။ ကျွန်မ ကိုနေခကို ချစ်နေတယ်"

"ဘာ"

နေခအသံက တုန်လှုပ်စွာ ထွက်ပေါ်လာသည်။ မယုံကြည်နိုင်သလို မြူအား ကြက်သေသေကာ ကြည့်ပါသည်။

"မင်း . . . မင်း . . . တကယ်ပြောနေတာလား"

ဖြစ်ပျက်သွားသော နေခပုံစံကို မြူ ခပ်တည်တည်နှင့် စိုက်ကြည့်ပြီး . . .

"ကိုယ့်ကိုယ်ကိုယ် သိပ်လည်း အထင်ကြီးမနေပါနဲ့။ ကျွန်မ ချစ်တာက ရှင့်ကို မဟုတ်ဘူး။ ရှင်နဲ့ကျွန်မက အခုမှတွေ့ဖူးတာ။ ကျွန်မက ချစ်စရာလား"





"ဒါဖြင့် မင်း ဘာကိုပြောတာလဲ"

မြူအား ပြုံးစကြည့်ကာ ပြောချင်ရာပြောခဲ့သော နေခပုံစံနှင့် ဒခုအခါ ထိတ်ထိတ်ပျာပျာဖြစ်နေဟန်က ခြားနားစွာ . . .

"ကျွန်မချစ်ခဲ့တဲ့ ကိုနေခက ကျွန်မအတွက် ဘာမဆိုပေးဆပ်ခဲ့တဲ့ ကိုနေခ။ ရှင်တော့ မဟုတ်ဘူးဆိုတာ သိပ်သေချာတယ်။ ရှင်က သိပ်မုန်းစရာကောင်းတဲ့လူ။ နောက်တစ်ခါ ကျွန်မနဲ့ လုံးဝ လာမပတ်သက်ပါနဲ့"

ကြားရသည့်စကားများကို မယုံနိုင်သလို နေခက မြူအား မှင်တက် ဘာ ကြည့်နေပါသည်။ ရုတ်ခြည်းဆိုသလို နီရဲလာသော သူ့မျက်လုံးတွေမှာ ခပ်ပါးပါးလဲ့ဝိုင်းလာသော အရည်ကြည်အချို့၏ အဓိပ္ပာယ်ကို မြူ သရုပ်မခွဲချင်တော့ပါ။ မြူ အကြည့်ကို လွှဲဖယ်ကာ အပြေးတပိုင်း ထွက်လိုက်တော့ သူ့ပခုံးစွန်းအား တွန်းတိုက်မိသွားခဲ့သေးသည်။

နေခဆီမှ မြူအား တားမြစ်လိုက်သံ တစိုးတစိမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



မလာခဲ့ပါ။ ရင်ထဲမှာ ခါးသည်၊ နှလုံးသားက နာသည်၊ အရာအားလုံးသည် စုတ်ပြတ်သတ်သွားသော ပန်းချီကားတစ်ချပ်လိုပင်။

ပြောသူက တခြားလူဆိုလျှင် မြူ ဒီလောက် နာကျင်ခံစားရမည် မဟုတ်ပါ။ လူရဲ့အတွက်အချက်နဲ့ ဦးနှောက်ကအရာအားလုံးကို မေ့သွားနိုင်ရင်တောင် အကန့်အသတ်မဲ့ နှလုံးသားကတော့ အချစ်တစ်ခုကို ဒီလို လွယ်လွယ်နဲ့ မေ့လိုက်သင့်သလား အပြုံးတွေပေးဖို့ မြူ စောင့်မျှော်ခဲ့တာ အမုန်းတွေနဲ့ ဝေးဖို့ဖြစ်ခဲ့ရပြီ ထင်ပါရဲ့။





မြူ အတန်းထဲမဝင်ချင်သေးတာနှင့် ကော်ရီတာတွင် ရပ်ပြီး ခေမာနှင့် ခတ္တာကို စောင့်ဖို့ ဆုံးဖြတ်လိုက်သည်။ ပုံမှန်အတိုင်းဆို မြူတို့ ကင်တီးမှာ ဆုံနေကျပင်။ ဒီနေ့တော့ မြူ ကင်တီးကို မဝင်ချင်တာနှင့် အတန်းဆီ လျှောက်လာခဲ့တာဖြစ်သည်။ အတန်းနား ရောက်တော့ အတန်းထဲသို့ မဝင်ချင်တော့ပြန်ပေ။ တငွေ့ငွေ့လွန့်လူးနေသော မီးခိုးငွေ့တန်းများလိုပင် မြူ့စိတ်တွေကို မြူကိုယ်တိုင် ဖမ်းဆုပ်ရန် ခက်ခဲနေသည်။

အရှည်လွယ်ထားသော လွယ်အိတ်ကို နောက်သို့ပို့ကာ မြူ ကော်ရီတာ လက်ရန်းပေါ် တံတောင်တင်၍ မှီလိုက်သည်။ မျက်စိရှေ့တွင် မြင်နေရသော မြက်ပင်ရိုင်းများက မိုးရေသောက်သုံးပြီး၍ထင် စိမ်းစိုပြိုင်းရိုင်းနေသည်။ ရုတ်တရက် ရစ်ဝဲလာသော မျက်ရည်များကို မြူ မျက်တောင် ပုတ်ခတ်သိမ်းဆည်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မြူ သိခဲ့ရပြီ။ လွမ်းတတ်သူ၏ရင်တွင်းဖြစ် အလွမ်းအတွက် မိုးစက်မလို၊ ကြွေရွက်မလို၊ လေညှင်းမလို၊ လမင်းမလို၊ ကောင်းကင်မလို၊ လွင်ပြင် မလို၊ မြက်တစ်ပင်လည်း အလွမ်းကို အားကောင်းစေတတ်သည်။

"ဟဲ့ . . . မြူ . . . နင် ဘာရှာနေတာလဲ"

"ဟင်"

"မြက်ပင်တွေ ကြားထဲကို နင် ဒီလောက်မြူးမြူးမြဲမြဲ ကြည့်နေတာ တစ်ခုခုကို ရှာနေတာ မဟုတ်ဘူးလား"

"ခြော် . . . ဟို . . . ဘာမှမဟုတ်ဘူး"

"မသိဘူးလေဟာ၊ ငါတို့ နင့်ကို ဖုန်းခေါ်သေးတယ်နော်။ နှစ်ကြိမ်တောင်၊ နင် မကိုင်ဘူး"

"ဟုတ်လား . . . ခေါ်လိုက်သေးလား။ ခေါ်ရင် ငါ ကြားရမှာပေ့ါ"

"နင့်ဖုန်းက ring tone off နေတာ ဖြစ်မယ်။ ကြည့်





လိုက်ဦး"

"အတန်းထဲရောက်မှ စစ်ကြည့်တော့မယ်ဟာ။ လာ . . . သွားရအောင်"

ခြေလှမ်းများနှင့်အတူ လှုပ်ယမ်းသွားသော မြူ့လွယ်အိတ်ဆီ ခတ္တာ၏မျက်လုံးများက ဘာရယ်မဟုတ် ရောက်ရှိသွားသည်။ အပြင်အိတ်တွင် ထည့်ထားသော မြူ့ဖုန်းအား အတိုင်းသား တွေ့နေရသည်။

"မြူ . . . နင် handset အသစ်လဲလိုက်တာလား။ ငါတို့ကို ပြဦး။ ဘယ်လိုပုံလေးလဲ"

"ဟင် . . . မလဲပါဘူး"

မြူ ခေါင်းခါရင်း ဖုန်းကို ဆွဲထုတ်ယူလိုက်သည်။

"ဟယ် . . . အဲဒါ ဘယ်သူ့ဖုန်းလဲ။ ငါ့ဖုန်းမဟုတ်ဘူး"

မြူ အလန့်တကြား ပြောလိုက်မိသည်။ မေအနှင့် ခတ္တာလည်း မျက်လုံးများ ပြူးသွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အယ် . . . ဒါဆိုရင် ဒီဖုန်းက ဘယ်လိုလုပ် နင့်အိတ်ထဲ ရောက်နေတာလဲ"

"ငါ ဘယ်သိမလဲ။ ဒုက္ခပါပဲ။ ငါ့ဖုန်းက ဘယ်ရောက်သွားတာလဲ"

"ဒီအတိုင်းဆိုရင် ဖုန်းချင်း တိတ်တိတ်လေး လဲသွားတဲ့ သဘောပေါ့။ ခါးပိုက်နှိုက်ဆိုရင်လည်း ဖုန်းကို ဒီအတိုင်းယူသွားမှာ။ သူ့ဖုန်းကို ထားခဲ့စရာအကြောင်းမရှိဘူး။ ဒါ သက်သက် ဖတ်လမ်းရှာသွားတာဟ။ မြူ ဒီဖုန်းနဲ့ ငါ့ဖုန်းကို ဆက်ကြည့်၊ နံပါတ်ကို ကြည့်ရအောင်"

"အေး"

ခေမာ၏ဖုန်း display တွင် ပေါ်လာသော နံပါတ်က မြူ နှင့် လုံးဝစိမ်းသက်နေသည်။

"ဒီနံပါတ်ကို ငါ လုံးဝမသိဘူး။ နင်တို့ရော"

နှစ်ယောက်လုံး ခေါင်းခါပြသည်။ မြူ အကြံအိုက်သွားမိ





သည်။

"ငါ့ဖုန်းကို ပြန်ဆက်ကြည့်လိုက်ဦးမယ်"

မြူ့ဖုန်းနံပါတ်ကို နှိပ်၍ ဆက်လိုက်သည်။

"ဝင်သွားပြီဟ"

ခေမာနှင့် ခတ္တာကလည်း မြူလိုပင် သိချင်စိတ်စောနေကြသည်။ ဖုန်းခေါ်သံ တီ . . . တီ . . . က အခုချိန်မှာတော့ အတော့်ကို ရှည်ကြာသည်ဟု ထင်ရသည်။

"ကျွတ်"

မြူ၏ စုတ်သတ်သံက မချင့်မရဲထွက်ပေါ်လာသည်။ သတ်မှတ်ချိန်အတွင်း ပြန်လည်ဖြေကြားခြင်း မရှိပါသဖြင့်တဲ့။ မြူ ဒုတိယအကြိမ်၊ တတိယအကြိမ် ထပ်ကာ ထပ်ကာ ခေါ်သော်လည်း ဒီအတိုင်းပင်။

"ဖုန်းမကိုင်ဘူး။ ဘယ်လိုလုပ်မလဲ"

"မြူ . . . နင် စဉ်းစားကြည့်ပါဦး။ အခုတလော နင့်နားမှာ



www.burmeseclassic.com

www.burmeseclassic.com



ရစ်သီရစ်သီလုပ်နေတဲ့လူတွေ ရှိလား။ အဲဒီထဲက တစ်ယောက် ယောက်ပဲ ဖြစ်မှာ"

ခတ္တာ စကားကို ထောက်ခံသောအားဖြင့် မြူ မျက်မှောင်လေး တွန့်ကာ စဉ်းစားကြည့်ပါသည်။ ခက်တာက အခုတလော မြူ ဝန်းကျင်နှင့် မြူကိုယ်တိုင် ကင်းကွာနေခဲ့သည်။ ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်ပျက်ပြောင်းလဲကုန်ပြီလဲ၊ မြူ စိတ်မဝင်စားတာ ကြာပြီ။ ထိုစဉ် မြူ့အာရုံထဲ ရုတ်ခြည်းထင်ဟပ်လာတာက နေခ၏ ပုံရိပ်သာ။ မြူ ခေါင်းခါယမ်းဖယ်ထုတ်ပစ်လိုက်မိသည်။

မြူ့မျက်နှာအား စူးစိုက်ကြည့်ပြီး အဖြေစောင့်နေသော ခေမာနှင့် ခတ္တာက မြူ ခေါင်းခါလိုက်တာကိုပင် အဖြေဟု ထင်မှတ်ကာ . . .

"ဘယ်သူမှ မရှိဘူးလား။ ဒါဆိုရင် . . ."

"မဟုတ်ဘူးဟ။ ဟိုလေ . . . အခုတလော . . . ငါ ပတ်ဝန်းကျင်ကို သိပ်သတိမထားမိဘူး"





"မြူရယ် . . . နင်ကတော့လေ ငါ ပြောချင်နေတာ ကြာပြီ။ နင့်အာရုံထဲမှာ ကိုနေခတစ်ယောက်ပဲ ရှိနေတာကို။ ကိုနေခက အတိတ်ပဲမေ့တာ၊ ပစ္စုပ္ပန်မှာ သူ့ဟာနဲ့သူ အဆင်ပြေနေတယ်။ နင်က ပစ္စုပ္ပန်ကို မေ့ထားတော့ အခု ခံရပြီမဟုတ်လား"

ဘယ်ကမ္ဘာတည်းက ပြောချင်နေမှန်းမသိသော ခေမာ၏ အပြစ်တင်သံက စက်သေနတ်ပစ်လိုက်သလို တရစပ် ထွက်ပေါ် လာသည်။

ဒီလိုကျတော့လည်း မြူ သိပ်မခံချင်ပါ။

"နင်ကလည်းဟာ ငါ ဘာခံရလို့လဲ"

"ဖုန်းအလဲခံရတယ်လေ"

ခေမာက မျက်စလေးပစ်ကာ ပြန်ဖြေပါသည်။ ခတ္တာ၏ အသံက အောင်မြင်စွာ ထွက်ပေါ်လာသည်။

"ကဲပါဟယ် . . . အုန်း(ဦး)အစားခံမနေကြနဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလဲတယ်ဆိုကတည်းက ဇာတ်လမ်းရှာချင်လို့၊ အဲဒီတော့ သူ့ဘာသာ သူ ပြန်ဆက်သွယ်လာလိမ့်မယ်၊ အဲဒါကိုပဲ စောင့်လိုက်ရအောင်။ လာ . . . အတန်းထဲသွားစို့"

"အင်း"

အတန်းဆီသို့ တက်ညီလက်ညီ ချီတက်လိုက်ကြသည်။ လမ်းတွင် ခေမာနှင့် ဓတ္တာက တစ်ယောက်နှင့်တစ်ယောက် တွတ်ထိုးကာ ဆင်ခြင်သုံးသပ်တော်မူပါသည်။

"လူတစ်ယောက်လုံးရှိနေတာ ဘယ်လိုကိုယ်ဖျောက်နည်းကိုသုံးပြီး လဲသွားလဲ မသိဘူး"

"ဖုန်းကို အပြင်အိတ်မှာထားထားတော့ သူ့အတွက်လွယ်သွားတာပေါ့"

"ခုနက မြူ မြက်ပင်ကြားကို ကြည့်ပြီး တစ်ခုခုကို ရှာနေတယ် မဟုတ်လား။ အဲဒီအချိန်တုန်းက လဲသွားတာ ဖြစ်လိမ့်မယ်"

"အေး . . . ဖြစ်နိုင်တယ်။ ဟဲ့ . . . မြူ . . . နင် မြက်ပင်





ကြားမှာ ပစ္စည်းရှာတာ ဘယ်လောက်ကြာသွားလဲ"

ခပ်မဆိတ်နေသော မြူ့ကို ခေမာက တစ်ဆက်တည်းလှည့်မေးသည်။ မြူမျက်နှာ ရှုံ့မဲ့သွားရသည်။ မြက်ပင်တွေကို ဝေးကြည့်မိစဉ် တိုးဝှေ့ဝင်လာသော အလွမ်းက ဘယ်ရှောင်သွားပြေးပုန်းရမယ်မသိအောင် အကျပ်ရိုက်သွားရသည်။ အဖြေမတော်လျှင်ငါ ပြောချင်နေတာကြာပြီ ဟူသော စကားမှ အစချီကာ အပြစ်တင်ခံရဖွယ်ရှိ၏။

"နည်းနည်းတော့ ကြာမယ်ထင်တယ်"

"ငါတို့လာတုန်းကတောင် နင် ရှာနေတုန်းပဲနော်။ ဘာပစ္စည်းလဲ။ ပြန်သွားရှာမလား။ ငါတို့ပါ ကူရှာပေးမယ်လေ"

"အာ . . . ရတယ် . . . ရတယ်။ အရေးကြီးတဲ့ပစ္စည်းမဟုတ်ပါဘူး။ ပျောက်သွားလည်း ကိစ္စမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြူတို့အတန်းထဲဝင်ထိုင်လိုက်သည်။ အတန်းစဖို့ လိုသေးတာကြောင့် လူတိုင်း ကိုယ့်အစုနှင့်ကိုယ် စာလုပ်သူကလုပ်၊ စကားဖောင်ဖွဲ့သူက ဖောင်ဖွဲ့နှင့် ကျွတ်စီ ကျွတ်စီညံနေသည်။

အကျင့်ပါနေသော မြူမျက်လုံးက နေခထိုင်နေကျနေရာသို့ ရောက်သည်။ သူ့ကိုမတွေ့ရပါ။ မနေ့က အိမ်မှာ နေခနှင့်တွေ့ပြီး ပြဿနာဖြစ်ခဲ့တာကို ခေမာနှင့် ခတ္တာအား မပြောပြရသေးပေ။ မြူတို့က သုံးကိုယ်တစ်စိတ်မို့ တစ်ယောက်နှင့်တစ်ယောက်ကြား မသိလိုက်ရသည့်ကိစ္စဆိုတာက ခပ်ရှားရှား။ အခုလောလောဆယ် အဲဒီကိစ္စကို ပြောပြဖို့ထက် ဖြစ်နေသည့် ဖုန်းပြဿနာက အတော်လေးကို ခေါင်းစားစေသည်။

ခေမာက ခေါင်းတညိတ်ညိတ်ဖြင့် ဦးစံရှားအိုက်တင် အပြည့် ဖမ်းပါသည်။ ထို့နောက် အဝေး၌ရှိသော White board





ကို ဖောက်ထွက်မတတ်ကြည့်ကာ တစ်လုံးချင်းပြောသည်။

"ဒီဖုန်းကို . . . နင့်ဆီမှာထားခဲ့တဲ့အဓိပ္ပာယ်က ဒီဖုန်းထဲမှာ နင့်ကို သိစေချင်တာတစ်ခုခုရှိနေတာရော မဖြစ်နိုင်ဘူးလား။ မွှေမယ် "

အဆုံးသတ်တွင် လက်သီးလက်မောင်းတန်း၍ အားနဲ့မာန်နဲ့ ပြောလိုက်သော ခေမာ့ကို မြူရော ခတ္တာပါ မြူးတူးကြောင်တောင်ကြည့်မိကြသည်။ ခတ္တာက . . .

"ဘာ . . . ဘာမွှေမှာလဲ၊ ဘာမွှေမှာလဲ"

"ဝေးလိုက်တာဟာ။ ဖုန်းကိုမွှေမှာ။ အကုန်ဖွင့်ကြည့်မှာ"

"ဩော် . . . ဒါများဟယ် ဒီလောက်လန့်အောင် ပြောရလား။ ရော့ . . . မွှေ"

မြူ ဖုန်းကို ခေမာ့ဆီ ထိုးပေးရင်းပြောလိုက်သည်။ ခတ္တာက . . .

"ကပေါက်တိကပေါက်ချာပုံတွေလည်း တွေ့နေဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



နော်။ ကြည့်လည်းမွှေဦး"

"အေးပါ"

ခေမာက file မှန်သမျှဖွင့်ကာ အကြီးအကျယ် မွှေပါသည်။ မြူနှင့်ခတ္တာကလည်း ခေမာ၏ တစ်ဖက်တစ်ချက်တွင် ထိုင်ကာ အကြံတ်အနယ် အားပေးပါသည်။ သို့သော် ဆန်းဆန်းပြားပြား ဘာတစ်ခုမှ မတွေ့ရသလို မြူအား ရည်စူးသည်ဟု ယူဆရလောက်သော date တစ်စုံတစ်ရာလည်း မတွေ့ရပေ။

ခေမာက စိတ်ပျက်လက်ပျက်ပုံစံဖြင့် မြူ့လက်ထဲ ဖုန်း ပြန်ထည့်ပေးသည်။

ထိုစဉ် ဖုန်းထဲသို့ message ဝင်သည့်အသံက ထွက်ပေါ်လာသည်။

"ဟယ်"

မြူ ချက်ချင်းပင် message ကို ဖွင့်ဖတ်လိုက်သည်။ ရေးထားတာက . . .





ကျေးဇူးပြုပြီး လက်ဆောင်သုံးခုကို လက်ခံပေးပါ။

ဖုန်းချင်းလဲမိတဲ့အတွက် Sorry

ပထမလက်ဆောင်က အတန်းရဲ့ ညာဘက်ကော်ရီတာ ထောင့်ချိုးမှာ . . .

"မြူ နင် ဘယ်လိုလုပ်မလဲ"

"ဘယ်သူမှန်းမသိဘဲနဲ့ ငါ သူပေးတဲ့လက်ဆောင်ကို မယူချင်ဘူး။ ဖုန်းဆက်ကြည့်လိုက်ဦးမယ်"

မြူ၏ဖုန်းနံပါတ်ကို နှိပ်၍ ထိုသူ့ထံပြန်ဆက်လိုက်သည်။ ဖုန်းက ဝင်သွားသော်လည်း လုံးဝမကိုင်ပါ။ မြူ ဖုန်းခလုတ်ကို ဆောင့်ဖိကာ ပိတ်လိုက်ရင်း . . .

"မကိုင်ဘူး"

"ဒီလိုဆိုရင် နင် လက်ဆောင်တွေ ယူပြီးမှ သူက နင်နဲ့ လူချင်းတွေ့ပြီး ဖုန်းလဲမယ့်သဘောပဲ။ စိတ်လှုပ်ရှားစရာတော့ ကောင်းသားဟ။ ဘယ်လိုလက်ဆောင်မျိုးတွေ ပေးမှာလဲ။ ဒီလူက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ၊ မြူ . . . နင် စိတ်မဝင်စားဘူးလား"

"အဲဒါထက် လူကိုမမြင်ရခင် လက်ဆောင်ကို အရင်ယူရတာ စိတ်ထဲ တစ်မျိုးကြီးပဲဟ၊ ဖုန်းလာလဲတဲ့အခါတွေ့ရင် လက်ဆောင်တွေအားလုံး ပြန်ပေးပစ်လိုက်မယ်၊ မလိမ့်တပတ် နိုးကြောင်နိုးဝှက်နဲ့ ဖုန်းချင်းလဲသွားတာကိုက မရိုးသားတာ"

"ဟုတ်တယ်၊ နိပ်ကွပ်သင့်ရင် နိပ်ကွပ်ပစ်ရမယ်"

"အေးပါ . . . လောလောဆယ် သူပေးတဲ့လက်ဆောင်ကို အရင်သွားကြည့်ရအောင်၊ လူချင်းတွေ့တော့ နင် ကြိုက်တာလုပ်"

ခမောနှင့် ခတ္တာက သူငယ်ချင်းကောင်းပီသစွာ ဤသို့ မြှောက်ပေးပါသည်။

message ထဲက ပြောထားသလိုပင် မြူတို့အတန်း၏ ညာဘက်ကော်ရိုတာအတိုင်း လျှောက်လာခဲ့သည်၊ လမ်းချိုးတွေ့တာနှင့် ဆက်မသွားဘဲ ရှိုးလိုက်သည်။

❀ လဝန်းကုဋေစာပေ ❀



ဟော . . . တွေ့ပါပြီ၊ နံရံပေါ်တွင် အလှတိတ်နှင့် ကပ်ထားသည့် ပန်းစည်းတစ်စည်း။ အဖြူရောင်နှင်းဆီအစစ်တွေနှင့် ပြုလုပ်ထားသည့် ပန်းစည်းလေးက အတော်လေး လှသည်၊ ချိတ်တွဲထားသည့် ပို့စကတ်တစ်ခု တွေ့တာမို့ မြူ ယူကြည့်လိုက်တော့ ကောင်လေးနှင့် ကောင်မလေး ကာတွန်းရုပ်က နဖူးချင်းတေ့ဆိုင်ထားသည့်ပုံလေးပင်၊ အောက်မှာ ဘာစာတန်းမှမပါ၊ ဒီလိုပုံလေးတွက တွေ့နေကျပဲမို့ မြူ ထွေထွေထူးထူး မတွေးမိပါ။

"ဒီပန်းစည်းကို ငါယူတယ် မယူဘူးဆိုတာ သူက ဘယ်လိုသိမှာလဲ၊ တစ်နည်းနည်းနဲ့ စောင့်ကြည့်နေမှသာ သိနိုင်မှာ၊ အဲဒီတော့ ဒီပန်းစည်းကို မယူဘဲ ငါတို့ရှေ့ကိုဆက်သွားရအောင်၊ ဘာဖြစ်မလဲ ကြည့်ရတာပေါ့"

"အေး . . . ကောင်းတယ်"

မြူတို့လျှောက်လာခဲ့ပြီး သိပ်မကြာ ဖုန်းထဲ message ဝင်သည့်အသံပေါ်လာသည်။ မြူ အလျင်အမြန် ဖွင့်ဖတ်လိုက်သည်။

❀ လဝန်းကုဋေစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပြုပြီး ပန်းစည်းကို လက်ခံပေးပါ"

မြူတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိသည်။

"စောင့်ကြည့်နေတယ်ဟာ။ ဘယ်သူဖြစ်မလဲ ရှာရအောင်"

မြူတို့ မျက်လုံးများက ကျီးကန်းတောင်းမှောက်လိုက်သလို အရပ်မျက်နှာအနှံ့သို့ ရောက်ကုန်သည်။ တွေ့တော့တွေ့ပါသည်။ ဟိုမှာသည်မှာရပ်ပြီး စကားပြောနေတဲ့ ဖြတ်သွားတဲ့ ကျောင်းသူကျောင်းသားတွေ။ သို့သော် မြူတို့ မျက်မှန်းတန်းမိတဲ့ သံသယဖြစ်လောက်စရာလူတစ်ယောက်မှ မပါပေ။

လွှယ်လွှယ်လေးနှင့် အဖြေထုတ်ရခက်သော ပုစ္ဆာကို တွက်ရသလို မြူတို့ ယောင်ချာချာဖြစ်ကုန်ရပြီ။

"တွေ့လား"

"ဟင့်အင်း"

"အခု ငါတို့တွေ့နေရတဲ့ကျောင်းသားတွေထဲက တစ်





ယောက်ယောက်ကတော့ သူကိုယ်တိုင်မဟုတ်ရင်တောင် သူ့ရဲ့လူဖြစ်မှာ ကျိန်းသေတယ်ဟ"

"ဟုတ်တယ် . . . ကဲပါ မြူရာ။ မထူးပါဘူး။ နင် ပန်းစည်းကို ယူလိုက်တော့"

"အေးပါ . . . သိပ်တော့မစံချင်ဘူးဟာ။ သူပြောတဲ့အတိုင်း လိုက်လုပ်နေရတာ။ လူချင်းတွေ့လို့ကတော့အသေပဲ။ ငါ့အကြောင်း သိမယ်"

"ကြိမ်းဝါးနေလိုက်တာဟယ်။ တကယ် လူချင်းတွေ့မှ နင့်နှုတ်သီးက မချွန်ထွက်လာဘူးဆိုရင်တော့နော် . . . မြူ"

"နင်တို့ကလည်း ငါ့ကို မယုံသလိုနဲ့၊ ကြည့်လိုက်စမ်းပါ"

"အေး . . . ကြည့်ဦးမှာ . . . ကြည့်ဦးမှာ"

ခေမာတို့နှစ်ယောက်၏ အနာဂတ်ကို ကြိုမမြင်နိုင်ပါဟု ပြောချင်သောမျက်နှာကို မြူ သိပ်မခံချင်ပါ။ ဘာလို့ ကြိုမမြင်နိုင်ရမှာလဲ။ မြူနှလုံးသားကို တစ်ယောက်သောသူက ဝင်ရောက် သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပိုက်လိုက်တာ အခန်းလွတ်တောင် မကျန် နေရာယူပစ်ခဲ့ပြီ။ ဒါကို သူတို့မှ မသိဘဲ။





ပန်းစည်းလေးကို နံရံမှခွာယူလိုက်သည်။ နှင်းဆီရနံ့က ဝေ့ခနဲ သင်းပျံ့သွားသည်။ အရမ်းလှသည့်ပန်းစည်းလေးသည် အရမ်းလှသည်ဟူသော ဂုဏ်ကလွဲလျှင် မြူ့အတွက်တော့ ဘယ်လိုမှ တန်ဖိုးတက်မလာပေ။

အမည်မသိက မျက်နှာမဖော်ဘဲ ဖုန်းချင်း လှမသိအောင် လဲ၍ပေးသော ပန်းစည်းက မြူ့ကို ဘယ်လိုမှ heart မထိစေပါ။ feeling လာဖို့အရေး အတော်ဝေးပါသေးသည်။

မြူ့အတွေးမဆုံးမီ ဖုန်းထဲသို့ message အသံစ်က ဝင်လာသည်။

ကင်တီးကိုသွားတဲ့လမ်းအတိုင်း တည့်တည့်လျှောက်ပါ။

လမ်းဘေးမှာ အဝါရောင် ကားရပ်ထားတယ်။

ဒုတိယလက်ဆောင်က ကားထဲမှာ။



www.burmeseclassic.com

www.burmeseclassic.com



message ထဲကအတိုင်း မြူတို့ လျှောက်ထွက်လာခဲ့သည်။ သိပ်မလျှောက်လိုက်ရ မြူအား စောင့်ကြိုနေသော အဝါရောင်တောက်တောက် ကားလေးကို တွေ့ရသည်။

ကားထဲကိုကြည့်လိုက်တော့ မောင်းသူဘေးထိုင်ခုံတွင် အကျီအပြာလေးဝတ်ထားသည့် အမြူးထွတ်ထွတ် ယုန်အရုပ်လေး တစ်ရုပ်။

ချစ်စရာယုန်ကလေးအား မြူ ဆွဲထုတ်ယူလိုက်သည်။

ယုန်ကလေးမှာ နှစ်ပေလောက်အမြင့်ရှိကာ လက်ကလေးနှစ်ဖက်ကို ရင်ဘတ်ရှေ့တွင် ယှက်ထားသည်။ ယှက်ထားသော လက်နှစ်ဖက်နှင့် ရင်ဘတ်ကြားတွင် သပ်ရပ်လှပသော အပြာရောင်ကတ္တီပါဘူးလေးတစ်ဘူး။ လက်စွပ်ထည့်လေ့ရှိသော ဘူးမျိုး ဖြစ်သည်။

"မြူ . . . အဲဒီအထဲမှာ လက်စွပ်ပဲနေမှာ"

ခေမာ၏ခန့်မှန်းချက်က ခပ်သွက်သွက် ထွက်ပေါ်လာ





သည်။ မြူလည်း ဒီလိုပဲထင်သည်။ ဘူးလေး၏ အဖုံးကို မြူ ဖွင့်လိုက်သည်။

"ဟယ်"

"အယ်တော်"

"အယ်"

ဘူးထဲမှာရှိနေတာက ခဲလုံးလေးတစ်လုံး။ အံ့ဩဖွယ်ကောင်းလေစွ။ အငိုက်မိသွားသလို မြူ ခဲလုံးကို အကြောင်သား ကြည့်မိသည်။ ထို့နောက် တွေတွေဝေဝေဖြင့် . . .

"ဘာလို့ကျောက်ခဲလုံးကို ထည့်ထားတာလဲ၊ အံ့ဩဖို့ကောင်းလိုက်တာဟာ။ တခြားဟာတွေ အများကြီးရှိရဲ့သားနဲ့ ကျောက်ခဲလုံးကို ထည့်ထားတာကတော့ စဉ်းစားစရာပဲ၊ နင်တို့ရော ဘယ်လိုထင်လဲ"

"ဟုတ်တယ် . . . အဓိပ္ပာယ်တစ်ခုခုရှိရမယ်"

"ကျောက်ခဲလုံးရဲ့အဓိပ္ပာယ်"



www.burmeseclassic.com

www.burmeseclassic.com



မြူ ဝေဝေဝါးဝါး ရေရွတ်လိုက်မိသည်။ စဉ်းစားစရာများက ပလုံစီတက်လာသည်။ တတိယလက်ဆောင်အတွက် message ဝင်မလာသေးပါ။ ကား body ပေါ် မှီနွဲ့ကာရပ်ရင်း မြူတို့ ကျောက်ခဲတစ်လုံးကို အဖြေထုတ်ရန် ကြိုးစားကြသည်။

စတ္တာသည် နက်နက်နဲနဲ တွေးလိုက်ရသဖြင့် မျက်မှေးရောင်ဖရောဂါရသွားသလို မျက်လုံးများ မှေးစင်းကာ မြူတို့ကို ဝေ့ခနဲ ကြည့်သည်။

"ငါ့အထင်ပြောရရင် ပန်းသီးတစ်လုံးဆိုရင် သူ့ history နဲ့သူ ရှိတယ်ဟ။ အချစ်ရဲ့သင်္ကေတ။ အာဒံနဲ့ဧဝ၊ ဒေဝဉယျာဉ်နဲ့ အစကို ပြန်သွားရုံပဲ။ ဒီလိုပဲ ကျောက်ခဲတစ်လုံးရဲ့ ရာဇဝင်ကို ပြန်လှန်ရ မယ်ဆိုရင် ကျောက်ခေတ်ကို သွားရုံအပြင် အခြား ဘာမှမရှိ နိုင်ဘူး"

"ကျောက်ခေတ် . . . ဟုတ်လား"

နားမလည်နိုင်စွာ မေးလိုက်သော မြူအား စတ္တာက





လေးလေးနက်နက် ပုံစံအပြည့်နှင့် ခေါင်းကို ခပ်ကြီးကြီးညိတ်ပြပါသည်။

"ဟုတ်တယ် . . . သူက နင့်ကို ကျောက်ခေတ်က ကောင်မလေးတစ်ယောက်လို ရိုးရိုးရှင်းရှင်းနဲ့လှတယ်လို့ တင်စားချင်နေတာဖြစ်မှာ"

ခေမာက အူလည်လည် မျက်လုံးဖြင့် စတ္တာကို ကြည့်သည်။

"ရိုးရိုးရှင်းရှင်းနဲ့ လှတယ်။ ဘယ်လိုမျိုးလဲ"

"ခေမာရာ . . . ကျန်တဲ့အချိန်တွေမှာ ဉာဏ်ကောင်းသလောက် ဒီတစ်ခါတော့ နင် တော်တော်အူသွားပြီ။ ကျောက်ခေတ်က လူတွေ ဘယ်လိုနေကြသလဲ။ မြူ့ကို ကျောက်ခေတ်က ကောင်မလေးတစ်ယောက်လို့ မြင်ယောင်ကြည့်လိုက်ဟာ။ အရှက်ကို ဖက်နဲ့ထုပ်ပြီး သစ်ရွက်တွေနဲ့ ဖုံးထားရမှာ . . . ဟင်း . . . ဟင်း လေတိုးရင်တော့ ချမ်းမှာဟ။ မြူ့ရဲ့ သစ်ရွက်တွေနဲ့ ချမ်းနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုံစံလေးက . . .”

“ဟယ် . . . သေလိုက်ပါလား။ ခတ္တာ အစုတ်ပလုတ်။ နင်ပဲ သစ်ရွက်တွေနဲ့ ချမ်း”

“ဟင်း . . . ဟင်း . . . ဟင်း”

အဆုံးသတ်မှ မြူ စံလိုက်ရမှန်းသိသည်။ ဆရာကြီး အိုက်တင်အပြည့်နှင့် ပြောတာကို မလိမ်မိုး မလိမ္မာ နားထောင်မိလေခြင်း။ ရှုံ့မဲ့နေသော မြူ့ကို ကြည့်ကာ ခေမာရော ခတ္တာပါ ရယ်မဆုံးအောင်ရှိသည်။ ဒီလိုပဲ မြူတို့တွေက တစ်ယောက်နဲ့တစ်ယောက် ကြုံရင်ကြုံသလို အငိုက်ဖမ်းကာ ဟာသလုပ်နေကျ မဟုတ်လား။

ရုတ်တရက်ဆိုသလို အဖြစ်အပျက်တစ်ခုက မြူ့အာရုံထဲ ဖျတ်ခနဲ ဝင်ရောက်လာသည်။ မြူတွေခနဲ ငြိမ်သက်သွားသည်။ လုံးဝဆက်စပ်၍ မတွေးထင်ထားခဲ့တာမို့ အမြဲတမ်း အမှတ်ရနေခဲ့သော ဒီအဖြစ်အပျက်က မြူ့အတွေးထဲ ရောက်ဖို့ အနည်းငယ်





နောက်ကျနေခဲ့တာဖြစ်သည်။

ကျောက်ခဲတစ်လုံးနှင့် အမှတ်တရအဖြစ်အပျက်တစ်ခု။

“ကိုနေခ . . . ဒါ ကိုနေခပဲ။ ငါ့ကို ဖုန်းချင်းလဲတာ ကိုနေခပဲ”

မြူ့အသံသည် စိတ်လှုပ်ရှားမှုဖြင့် မြန်ဆန်တုန်ခါနေခဲ့သည်။ ခေမာနှင့် ခတ္တာကတော့ ရုတ်တရက် နားလည်နိုင်ပုံ မရပါ။

“ငါ ဝမ်းသာလိုက်တာဟာ။ ကိုနေခလေ . . . သူ့ အားလုံးကို သတိရသွားပြီ သိလား . . .”

ပြောလည်းပြော ဝမ်းသာမှုဖြင့် ရယ်လည်းရယ်သော မြူ့ကို ကြည့်ပြီး ခေမာနှင့် ခတ္တာမှာ ရောယောင်ပြုံးလာပေမယ့် ရှင်းရှင်းလင်းလင်းတော့ နားမလည်သေးပါ။

“ကိုနေခပေးတယ်ဆိုတာ နင် ဘယ်လိုသိသွားတာလဲ”

“နင်တို့ကတော့ ဘယ်မှတ်မိပါ့မလဲ။ တစ်ခါက ဒီနေရာလေးမှာ ကိုနေခကန်လိုက်တဲ့ ခဲလုံးက ငါ့ခေါင်းကို လာ[illegible]တာ



www.burmeseclassic.com

www.burmeseclassic.com



လေ"

"ဪ . . . မှတ်မိပြီ၊ အဲဒီတုန်းက နင်နဲ့ ကိုနေခ စကား များခဲ့သေးတယ် မဟုတ်လား"

"ဟုတ်တယ် . . . နင်တို့ ဒီပုံလေးကိုလည်း ကြည့်ဦး"

မြူသည် ပန်းစည်းတွင်တွယ်ချိတ်ထားသော ပို့စကတ် ထဲမှ ပုံကို ခမောနှင့် စတ္တာအား ပြသည်။

"နဖူးချင်းတေ့ဆိုင်ထားတဲ့ ပုံလေးပဲ"

"ဟုတ်တယ် . . . အဲဒီပုံက . . ."

မြူ စကားမဆုံးလိုက်ရ ခမောက ဝမ်းသာအားရဖြတ်ပြော ပါသည်။

"ငါသိပြီ . . . ငါသိပြီ၊ အဲဒီနေရာမှာ နင်တို့ နဖူးချင်းတိုက် ခဲ့တယ်လေ၊ ငါ့ဆီက ကိုကောင်းမွန်ပုံကို နင် လုပြီးပြေးခဲ့တာ မဟုတ်လား"

"အင်း . . . ဟုတ်တယ်"





မြူ ခေါင်းညိတ်ပြမိသည်၊ အနည်းငယ်ကြာနေပြီဖြစ် သည့်တိုင် တတိယလက်ဆောင်အတွက် message က အခုထိ ဝင်မလာသေးပေ။ အခုချိန်မှာ message ဝင်မလာလည်း အရေး မကြီးတော့ပါ။ တတိယလက်ဆောင်က ဘယ်နေရာမှာလဲဆိုတာ မြူ သိနေပြီ။

"လာ . . . ငါတို့ တတိယလက်ဆောင်ဆီ သွားရအောင်"

"message ဝင်မလာသေးဘူးလေ မြူရဲ့"

"message မလိုတော့ဘူးဟ၊ ငါ သူ့ကို ပီကေနဲ့တွေ့ လိုက်မိတဲ့ နံတန်းလေးမှာ တတိယလက်ဆောင် ရှိနေမှာ ကျိန်းသေ တယ်"



www.burmeseclassic.com

www.burmeseclassic.com



မြူ့မျက်နှာ၌ အပြုံးရိပ်များ စွန်းထင်းနေမည်ထင်သည်။ လေပြည်ညင်းထဲ ပျော်ဝင်ဖနေသော မိုးရနံ့က မြူ့အတွက် ရှိုမြနေသည်။ မိုးပျော် ဖားလေးများ၏ အုန်းအွတ် အုန်းအွတ် အော်သံကပင် မြူ့အတွက်တော့ သံစဉ်တေးသွားတစ်ပုဒ်ပမာ စည်းချက်ကျနေသည်။

ခေမာတို့နှင့်အတူ မြူသည် စုံတန်းလေးဆီသို့ ခပ်သွက်သွက် လှမ်းလာခဲ့သည်။ စုံတန်းလေးကို မြင်ရချိန်တွင် မြူ့ရင်တွေ တဆတ်ဆတ်ခုန်လှုပ်သွားသည်။ ခုံတန်းလေးတွင် ခြေချိတ်ထိုင်နေသော သူသည် မြူ့အား စောင့်မျှော်နေသော သူ ဖြစ်သည်။

"ကဲ . . . မြူ . . . ဟိုမှာ စောင့်နေပြီ။ ငါတို့ မလိုက်တော့ဘူး"

"ဟင် . . . ငါ့တစ်ယောက်တည်း ထားခဲ့မှာလား။ လိုက်ခဲ့ပါဟယ် . . . နင်တို့ကလည်း"

"မလိုက်တော့ပါဘူးဟယ်။ နင့်မောင်တော်နဲ့ဆို နှစ်ယောက် ဖြစ်သွားမှာပဲဟာ"

"လိုက်ခဲ့ပါဟာ"

"မလိုက်ဘူးဆို မလိုက်ဘူးဘဲ။ ဒီလိုသာသနာဖျက်တဲ့ အလုပ်ကို ကျောက်ခေတ်ကတည်းက ဘယ်သူမှ မလုပ်ဘူး"

ခင္တြာက ပြောင်စပ်စပ်နှင့် ပြောသည်။

"ဒါဆိုလည်း ပြီးရောဟာ။ တားမရရင်လည်း သွားတော့"

"သွားမှာ . . . သွားဦးမှာ"

မြူ ခုံတန်းလေးဆီသို့ တရွေ့ရွေ့လှမ်းလာခဲ့သည်။ မြူ့ရင်ခုန်သံများကလည်း တဒိတ်ဒိတ်တိုးကာ ခုန်လှုပ်လာခဲ့တော့သည်။ အချစ်က သတ်မှတ်တဲ့ ရင်ခုန်နှုန်းများလား။ ဒီလိုပရမ်းပတာ ရင်ခုန်မှုမျိုးက အများများအပယ္ပင်းပယ္ပင်းတွေကို ဖြစ်စေတတ်သလား။ မြူ ဣန္ဒြေမပျက်အောင် စိတ်ကို တင်းလိုက်မိသည်။





www.burmeseclassic.com

www.burmeseclassic.com



မြူအား ပြုံးရှုံကြည့်သော နေခကို မြူ ပြန်ပြုံးလိုက်ရင်း သူ့ရှေ့လက်ဖြန့်ကာ . . .

"ဘယ်မှာလဲ တတိယလက်ဆောင်"

"တတိယလက်ဆောင်လား"

နေခ၏အပြုံးက ပို၍ပြန့်ကားသွားသည်။ သူ့ရှေ့ဖြန့်ထားသော မြူ့လက်ကို ရုတ်တရက် ဖမ်းဆုပ်ကိုင်လိုက်ကာ . . .

"ဒီမှာလေ တတိယလက်ဆောင်"

"ဟယ် . . . ဘာလုပ်တာလဲ . . . လွှတ် . . . လွှတ်"

နေခက မြူ့လက်ကိုလွှတ်ပါသည်။ ထို့နောက် ဟက်ဟက်ပက်ပက် ရယ်သည်။ အရယ်တစ်ဝက်ဖြင့် မြူ့အား . . .

"တကယ်ပြောတာ။ တတိယလက်ဆောင်က ကိုယ်ပဲ။ ယူမှာလား။ မယူရင်တော့ ဖုန်းပြန်မပေးဘူးနော် . . . ဟင်း . . . ဟင်း"

မြူသည် နေခအား မျက်စောင်းလှဲ့လှဲ့ထိုးလိုက်ရင်း . . .





"မယူပါဘူး။ ဖုန်းပြန်မပေးချင်လဲနေ"

"ဟင်း . . . ဟင်း . . . ကဲပါ မြူရယ် ထိုင်ပါဦး"

နေခက ခေါ်အစွန်းသို့ အသာတိုးရွှေ့ရင်း မြူ့အတွက် နေရာပေးသည်။ မြူဝင်ထိုင်လိုက်ရင်း . . .

"ကိုနေခ အားလုံးကို ပြန်သတိရသွားပြီပေါ့နော်။ မနေ့က မြူနဲ့ပြဲသနာဖြစ်ပြီးနောက်ပိုင်း သတိရခဲ့တာလား"

နေခမျက်နှာ၌ အိုးတိုးအန်းတန်း မလုံမလဲ အရိပ်အရှိန့် စွန်းထင်းသွားသည်။ ထို့နောက် နဖူးစွန်းကို လက်ညှိုး လက်ခလယ်နှင့် ပွတ်ချက်သည်။

"ဟိုလေ . . . ဘယ်လိုပြောရမလဲ။ ကိုယ်ပြောသားပဲ။ အတိတ်မမေ့ပါဘူးလို့"

"ဘယ်လို"

"ဟုတ်တယ်လေ မြူရဲ့။ မနေ့ကလည်း မြူ့ကို ကိုယ်ပြောတယ်လေ။ အတိတ်မမေ့ဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



မြူမျက်လုံးများ ဝိုင်းစက်သွားရပြီ။

"ဒါဆို ကိုနေခက မြူကိုညာနေတာပေါ့။ တမင်မသိဟန် ဆောင်နေတာပေါ့။ ပြီးတော့ အန်ကယ်ဂျက်ကလည်း ညာပြော တယ်"

ပြောရင်း မျက်နှာလေးအိုလာသော မြူကိုကြည့်ပြီး နေမ မှာ ပျာပျာသလဲ ဖြစ်သွားလျက် . . .

"မဟုတ်ပါဘူး မြူရယ်။ စတာပါ။ ကိုယ်သာ အဲဒီလိုဖြစ် သွားခဲ့ရင် မြူတို့ ဘယ်လိုဖြစ်ကြမလဲ။ စနောက်ချင်တဲ့စိတ်တစ်ခုနဲ့ လုပ်ခဲ့တာ။ အခြားရည်ရွယ်ချက်မရှိပါဘူး။ စိတ်မဆိုးပါနဲ့ မြူရယ် နော်"

မြူစိတ်ဆိုးသွားမှာ ကြောက်ရွံ့စွာ တောင်းပန်တိုးလျှိုးနေ သော နေခမျက်နှာကို မြူ ငေးစိုက်ကြည့်နေမိသည်။ စချင်လို့တဲ့ လား ကိုနေခရယ်။ ဒီရက်ပိုင်းတွေမှာ မြူ့အတွက်တော့ ပြစ်ဒဏ် အကျခံရသလိုပါပဲ။ ချောက်ချားစရာကောင်းတဲ့ မိုးညအိပ်မက်ရှည်





ကို မြူ မက်ခဲ့ရတယ်။

သူ့အားငေးစိုက်ကြည့်နေသော မြူမျက်ဝန်းတွေက ပြုံးရိပ် မထင်သေးပါ။ နေခရင်ထဲ ထိတ်ပျာသွားသည်။

"မြူ . . . အဲဒီလိုကြီး မနေပါနဲ့။ မြူ စိတ်ဆိုးပြေအောင် ကိုယ် ဘာလုပ်ပေးရမလဲ။ ကိုယ့်ကို ရိုက်ချင်လား ရိုက်ပစ်လိုက်။ ကိုယ် ခံမယ်"

"ဟင့်အင်း . . . မရိုက်ပါဘူး"

"လုပ်ပါ မြူရယ်။ ကိုယ့်ကို တစ်ခုခုလုပ်လိုက်"

ခေါင်းခါယမ်းလိုက်ရင်း မြူ့နှုတ်ခမ်းများက ကော့ညွတ် သွားသည်။ မြူက ခပ်လှဲ့လှဲ့ပြုံးပါသည်။

"ကိုယ့်ကို စိတ်ဆိုးပြေသွားပြီလား"

"စိတ်မဆိုးပါဘူး။ မြန်မြန်ပြန်သတိရလာတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်တယ် . . . ဟင်း . . . မြူရယ် . . . ချစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သဲလိုပဲ"

"မရှဲ့ပါဘူး။ ရော့ . . . ကိုနေခဖုန်း။ မြူ့ဖုန်းကို ပြန်ပေးဦး"

နေခက ဘောင်းဘီအိတ်ထဲမှ မြူ့ဖုန်းကို ထုတ်ပေးသည်။

"ကျေးဇူးတင်တယ်ဆိုတဲ့စကားက ဘာကိုပြောတာလဲ မြူရဲ့။ ကိုယ် တကယ် နားမရှင်းဘူး"

နေခက မြူ့မျက်နှာကို အဓိသအချာစိုက်ကြည့်၍ မေးလိုက်သည်။

အခုတိုင် မြူ စိတ်ဆိုးနေတယ်ဟု ထင်နေပုံရသော နေခမျက်ဝန်းများကိုကြည့်ကာ ဘာကြောင့်ရယ်မသိ မြူ့ရင်ထဲ အနည်းငယ် ကျေနပ်သလို ခံစားရသည်။ တကယ်တော့ မြူကလည်း ကိုယ့်ရင်တွင်းခံစားချက်နှင့်ကိုယ် ကျေးဇူးတင်တယ်ဆိုတဲ့ စကားကို သုံးလိုက်မိတာပါ။ မြူ ကြည်ကြည်လင်လင်ပြုံးလိုက်မိရင်း . . .

"ရန်ပွဲကြောင့် ကိုနေခ အတိတ်မေ့သွားတယ်ဆိုတော့ မြူ့ရင်ထဲမှာ တာဝန်မကင်းသလို ခံစားရတယ်လေ။ စိတ်လည်း





မကောင်းဘူးပေါ့။ အခု ကိုနေခ အတိတ်မမေ့ဘူးဆိုတော့ မြူ့ရင်ထဲမှာ ပေါ့သွားတယ်။ အခုဆိုရင် အားလုံးက အရင်အတိုင်း ပုံမှန်ပြန်ဖြစ်သွားပြီ။ ဒါကြောင့် ကျေးဇူးတင်တယ်လို့ ပြောလိုက်တာပါ"

"ဪ"

နေခက ခေါင်းတဆတ်ဆတ်ညိတ်ပါသည်။ ကြည်လင်နေသော မြူ့မျက်နှာအရိပ်ကြောင့် မြူ သူ့အပေါ် စိတ်ဆိုးမနေဘူးဟု သိလိုက်ရခြင်းအပေါ် နေခမှာ ကျေနပ်သွားပုံမျိုးပင်။

မြူ ခပ်ဝေးဝေးဆီသို့ ငေးမျှော်ကြည့်လိုက်မိသည်။ တကယ်တော့ မြူ၏ ကျေးဇူးတင်တယ်ဆိုသော စကားသည် မြူ ပြောသွားခဲ့သောအကြောင်းပြချက်ထက် အများကြီး ပိုရှုနက်နဲပါသည်။

ဟိုးအရင်က ကိုနေခကို မြူ ပြန်ရလိုက်သည့်အတွက်၊ ပြီးတော့ အဲလွှမ်းနွံထဲ ကျွံဝင်နေသော မြူ့နှလုံးသားလေး [illegible]



www.burmeseclassic.com

မြောက်ခွင့်ရသည့်အတွက်၊ ပြီးတော့ အချစ်က သတ်မှတ်တဲ့ ရင်ခုန်နှုန်းကို မြူတိုင်းတာခွင့်ရသည့်အတွက် စသည် စသည်သော မြူမပြောပြတတ်တော့သည့် အကြောင်းအရာများစွာအတွက် အခုအချိန်၌ မြူ အရာအားလုံးကို ကျေးဇူးတင်နေခဲ့သည်။

"မြူ"

"ဟင်"

မြူ လှည့်ကြည့်တော့ ပြုံးရွှင်ကြည့်သော နေခမျက်ဝန်းများနှင့်ဆုံသည်။

"အားလုံးက အရင်အတိုင်း ပုံမှန်ပြန်ဖြစ်သွားတယ်ဆိုပေမယ့် ကိုယ်တို့နှစ်ယောက်ကတော့ အရင်လို မဟုတ်တော့ဘူးနော် မြူ"

နားလည်ပုံမရသော မြူ့မျက်လုံးများကို စိုက်ကြည့်ပြီး နေခ ဆက်ပြောလိုက်သည်။

"ကိုယ်တို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပြီလေ"





မြူ့မျက်နှာတစ်ပြင်လုံး ဖြန်းခနဲ နီရဲသွားသည်။

"ဟင် . . . ဖြစ်လည်းမဖြစ်သေးဘဲနဲ့"

ကယောက်ချောက်ချား အိုးတိုးအတလေးဖြစ်သွားသော မြူ့၏ပုံက နေခ မျက်လုံးထဲတော့ အတော်လေးချစ်စရာကောင်းပါသည်။

"ဟာ . . . ဖြစ်သွားပြီလေ မြူရဲ့ မနေ့ကပဲ မြူ ပြောတယ်လေ၊ ကိုယ့်ကို ချစ်တယ်လို့"

"ဟင်း . . . အဲဒါက . . ."

ရုတ်တရက် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသော မြူ့ကို နေခက ပြုံးစစနှင့် ကြည့်သည်။

"ကဲပါ မြူရယ် . . . ရှက်မနေပါနဲ့၊ မြူ ကိုယ့်ကိုချစ်ပါတယ်ကွာ . . . နော်၊ မြူ့မျက်လုံးလေးတွေက ဝန်ခံနေတယ်"

မြူ့၏ နီစွေးစွေးမျက်နှာလေးက ငုံ့ဆင်းသွားသည်။ မြူ့လက်ဖျားလေးတွေ အေးစက်လျက် နှလုံးသွေး၏ ဆောင့်တိုးသံကို

www.burmeseclassic.com



မြူကိုယ်တိုင် ပြန်ကြားနေရသည်။

နေခ၏ လက်ဖဝါးက မြူလက်ဖမိုးပေါ် အုပ်မိုး ဆုပ်ကိုင်လာပါသည်။ မြူ မရုန်းဖယ်မိပါ။ နွေးထွေးသော ဒီလက်ဖဝါးအောက်မှ မြူလက်ဖမိုးလေးဟာ ကမ္ဘာဆုံးတိုင် ရုန်းဖယ် ထွက်ပြေးမှာမဟုတ်တော့ဘူးဆိုတာ မြူရင်ခုန်နှလုံးသားက သေချာနေလေပြီ။

လဝန်းသာသာ

၁၅-၁၂-၂၀၁၁

၄ လဝန်းကဗျာစာပေ ၃

BURMESE CLASSIC .com

www.burmeseclassic.com